


Harry Potter
AND THE PRISONER OF AZKABAN™
မင်းခိုက်စိုးဝန်
မြန်မာပြန်
ဟယ်ရီပေါ်တာနှင့်
ဝိညာဉ်နှုတ်အကျဉ်းသား



MKS0002
4,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ် ရွှေအိမ်မှူးစာပေ၏ ပထမအကြိမ်မှု၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၄ ၅ ၀ ၀ ကျပ်

၈၉၀ · ၈၃

ဟယ်ရီပေါ်တာနှင့်ဝိညာဉ်နှုတ်အကျဉ်းသား
မင်းခိုက်စိုးစန် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄၊
စာမျက်နှာ ၄၂၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ
(၁) ဟယ်ရီပေါ်တာနှင့်ဝိညာဉ်နှုတ်အကျဉ်းသား

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဟယ်ရီပေါ်တာနှင့် ဝိညာဉ်နှုတ်အကျဉ်းသား

မင်းခိုက်စိုးစန်

မြန်မာပြန်

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


– ငပျင်းတစ်ယောက်ရဲ့ တောင်းပန်စာ ၁

အခန်း (၁)

၁။ စာလာပို့သော ဧည့်သည်များ ၅

အခန်း (၂)

၂။ ပြဿနာရှာသော ဧည့်ခန်း ၂၃

အခန်း (၃)

၃။ မြင်းသည်တော်ဘတ်စ်ကား ၄၁

အခန်း (၄)

၄။ စိတ္တဇလူသတ်သမားရဲ့ ပစ်မှတ် ၆၃

အခန်း (၅)

၅။ အမင်္ဂလာကောင် ၈၇

အခန်း (၆)

၆။ နယားပွဲကြီး ၁၁၃

အခန်း (၇)

၇။ ကြွတ်တစ္ဆေ ၁၃၇

အခန်း (၈)

၈။ လူသတ်သမားလာပြီ ၁၅၃

အခန်း (၉)

၉။ မရဏာခွေးနက်ကြီး ၁၇၁


mgyoe.com

mgyoe.com


အခန်း (၁၀)

၁၀။ သူခိုးလမ်းပြမြေပုံ ၁၉၁

အခန်း (၁၁)

၁၁။ ဖိုင်းယားဘို့လ်တံမြက်စည်းပျံ ၂၁၉

အခန်း (၁၂)

၁၂။ ဒေဝတာမန္တန် ၂၄၉

အခန်း (၁၃)

၁၃။ လူသတ်သမားနှင့် မျက်နှာချင်းဆိုင် ၂၅၇

အခန်း (၁၄)

၁၄။ သရဲခြောက်သောအိမ်ကြီး ၂၇၃

အခန်း (၁၅)

၁၅။ ကွစ်ဒစ်ဗိုလ်လုပွဲ ၂၉၅

အခန်း (၁၆)

၁၆။ ကြမ္မာဆိုးဟောကိန်း ၃၁၅

အခန်း (၁၇)

၁၇။ ကြောင်၊ ကြွက် နှင့် ခွေး ၃၂၉

အခန်း (၁၈)

၁၈။ ဖိုးလပြည့်၊ ကြွက်မြီး၊ ကျားဗိုလ်နှင့် ချိုကား မောင်မောင် ၃၄၅

အခန်း (၁၉)

၁၉။ မိစ္ဆာသခင်ကြီး၏ သစ္စာခံ ၃၅၃

အခန်း (၂၀)

၂၀။ ဝိညာဉ်နှုတ်အနမ်း ၃၆၉

အခန်း (၂၁)

၂၁။ ဟာမီယွန်၏ လျှို့ဝှက်ချက် ၃၇၉

အခန်း (၂၂)

၂၂။ စာပို့ဇီးကွက် ပိစိကွေး ၄၀၇


mgyoe.com

mgyoe.com

# ပျောင်းတစ်ယောက်ရဲ့ တောင်းပန်စာ

(၁)

တချို့လူတွေက 'ကိုယ့်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့' တိုက်ခိုက်ကြတယ်။

တချို့လူတွေက 'ကိုယ့်ကိုယ်ကို အောင်နိုင်သူအဖြစ် ဝင့်ကြွားချင်လို' တိုက်ခိုက်ကြတယ်။

သင်ကော... ဘယ်အမျိုးအစားထဲမှာ ပါဝင်ပါသလဲ?

(၂)

ကျွန်တော်ကတော့ အဲဒီနှစ်မျိုးစလုံးထဲမှာ မပါဝင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပျင်းလို့ပါ။ အောင်နိုင်သူအဖြစ် ဝင့်ကြွားဖို့ဆေးလို့ (ကိုယ့်ကို ထိခိုက်စေတဲ့) လိုအပ်ချက်ကိုတောင် ဖြည့်ဆည်းဖို့ရာ စိတ်ပါလက်ပါ မလုပ်ချင်လှဘူး။

စာမေးပွဲနဲ့ ဝေးနေတဲ့ ကျောင်းသားလေးတစ်ယောက်လို ကိုယ့်ကိုယ်ကို ဆင်ခြေအမျိုးမျိုးပေးပြီး အချိန်ဆွဲ ရေသာခိုနေတတ်တဲ့ ပျောင်းလေးတစ်ကောင်ဟာ ကျွန်တော် ဖြစ်ပါတယ်။

ကျွန်တော်ရဲ့ ဟယ်ရီပေါ်တာ ဘာသာပြန်စာအုပ်တွေ အထွက် အရမ်းနောက်ကျလို့....၊ ဆက်တိုက် မထုတ်ဝေနိုင်လို့ ခင်မင်ရင်းနှီးတဲ့ စာဖတ်ပရိသတ်တွေက အပြစ်တင်ကြပါတယ်။ အဲဒီအခါ....ကျွန်တော်က သူတို့ကို ရယ်ရယ်မောမောနဲ့ 'သျှိဝနတ်မင်းရဲ့ ဥဒါန်းလင်္ကာ'ထဲက စာသားတစ်ပိုဒ်ကို ရွတ်ပြလိုက်တယ်။

mgyoe.com

mgyoe.com

အဟာမေ၀ ကာလော

နာဟံ ကာလဿ

......တဲ့။ အဓိပ္ပာယ်ကတော့ 'ငါသည်ပင်လျှင် အချိန်ကာလဖြစ်သည်။ ငါ့ကို အချိန်ကာလက ချုပ်နှောင်ခြယ်လှယ်၍ မရချေ'....တဲ့။

သျှိဝနတ်မင်းကြီးကတော့ Time & Space လို့ခေါ်တဲ့ ပြဿနာချက်ထဲက လွတ်မြောက်နေတာကို ဆိုလိုတာ။ ကျွန်တော်ကတော့ လွတ်မြောက်နေတာ မဟုတ်ဘူး၊ ရှောင်ပုန်းရေသာခိုနေတာ။

စားချိန်မှာစား၊ အိပ်ချိန်မှာအိပ်၊ စာရေးရမယ့်အချိန်မှာ မရေးဘဲနဲ့ 'ငါ့ကို အချိန်ကာလက ချုပ်နှောင်ခြယ်လှယ်၍ မရချေ'လို့ ကြီးကြီးကျယ်ကျယ် ပြောချင်တဲ့ စည်းမရှိ၊ ကမ်းမရှိကောင်ဟာ မင်းခိုက်စိုးစန်ပါပဲ။

## (၃)

ထုတ်ဝေသူ အောင်ခိုင်ကတော့ အပြစ်မရှိရှာပါဘူး။ J.K.Rowling ရဲ့ ဟယ်ရီပေါ်တာ (မူရင်း) စာအုပ် ထွက်ပြီဆိုတာနဲ့ တစ်ပတ်နှစ်ပတ်အတွင်း ဟိုကနေ ရအောင် မှာပေးရှာပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့်လက်ထဲ စာအုပ် ရောက်ပြီဆိုတာနဲ့....

ပထမအဆင့် စာအုပ်ကို တဝကြီး တစ်ထိုင်တည်း ဖတ်ပစ်လိုက်တယ်။

ဒုတိယအဆင့် ကော်ဖီဆိုင်ထိုင်ရင်း တွေ့သမျှ လူတိုင်းကို အဲဒီစာအုပ်ထဲက အကြောင်းတွေ စားမြုံ့ပြန်ပြောပြရင်း ပါးစပ်အရသာခံတယ်။

တတိယအဆင့် (စာမူပေးရမယ့်အချိန် ရောက်လာတာနဲ့) ထုတ်ဝေသူနဲ့ မတွေ့အောင် ရှောင်တယ်။ ကျွန်တော့်ဆီ ဖုန်းဆက်ရင် မကိုင်ဘူး။ အိမ်အထိ လိုက်လာရင် ပုန်းနေတယ်။ ဝေးသထက် ဝေးအောင် ခရီးထွက်တယ်။

## (၄)

ကျွန်တော့်ရဲ့ ဆင်ခြေအမျိုးမျိုးထဲမှာ ပြောလို့ အကောင်းဆုံးဆင်ခြေကတော့....

'ငါ ပါးစပ်က ခေါ်ပေးတာကို နောက်က လိုက်ရေးပေးမယ့်လူ မရှိသေးလို့ကွ'ဆိုတဲ့ အကြောင်းပြချက်ပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

တကယ်လည်း ဟုတ်ပါတယ်။

ကျွန်တော်ဟာ ပင်ကိုရေး ဝတ္ထုတွေရေးတဲ့အခါမှာ စကားလုံးတစ်လုံးချင်းစီကို ကိုယ့်လက်နဲ့ ကိုယ်တိုင်ကိုယ်ကျ တယုတယ ရေးရမှ ကျေနပ်သလောက် ဘာသာပြန်ဝတ္ထု ရေးတဲ့အခါမှာတော့ မူရင်းဝတ္ထုကို တစ်ဖက်က လှန်ဖတ်လိုက် တစ်ဖက်က ချရေးလိုက်လုပ်ရမှာကို အင်မတန်ပဲ ပျင်းရိတတ်ပါတယ်။

ဒါကြောင့်....ဘာသာပြန်တဲ့အခါ ကျွန်တော်က မူရင်းဝတ္ထုကို တစ်ရွက်ပြီး တစ်ရွက် ဆက်တိုက် လှန်ဖတ်သွားရင်း ပါးစပ်က တတွတ်တွတ် ရွတ်ဆိုပြီး ဘာသာပြန်သွားတယ်။ အဲဒါကို ဘေးကနေ တစ်ယောက်ယောက်က အမီလိုက်ရေးပေးရတာပါ။

**'ဟယ်ရီပေါ်နှင့် မှော်ပြဒါးရှင်လုံး'** စာအုပ်နဲ့ **'ဟယ်ရီပေါ်တာနှင့် မိစ္ဆာခန်းဆောင်'** စာအုပ်တို့ကို လိုက်ရေးပေးခဲ့သူက ကျွန်တော့်တပည့် ဇော်ရဲမာန် ဖြစ်ပါတယ်။

အခု....

**'ဟယ်ရီပေါ်တာနှင့် ဝိညာဉ်နုတ်အကျဉ်းသား'** ကို လိုက်ရေးပေးခဲ့သူကတော့ ဗိသုကာ အင်ဂျင်နီယာ (မဟာဘွဲ့) ကထိက မခိုင်မေဇွန် ဖြစ်ပါတယ်။

သူတို့ရဲ့ ကျေးဇူးတွေကိုလည်း ဒီနေရာကနေပြီး မှတ်တမ်းတင်လိုက်ပါရစေ။

(၅)

'ပျင်းတယ်'ဆိုတာ လူကို သက်သာစေတယ်။ ဒါပေမဲ့ ဆိုးရွားတာတစ်ချက်က....သူများကို မှီခိုရတယ်၊ အားနာရတယ်၊ မလွတ်လပ်ဘူး။

ဒါကြောင့်....ကျွန်တော်လည်း 'ဒီနေ့ကစပြီး ငါ မပျင်းတော့ဘူး၊ စာမှန်မှန်ရေးတော့မယ်'လို့ ဆုံးဖြတ်လိုက်တယ်။

အင်း....ဒါပေမဲ့ 'ဆုံးဖြတ်တယ်'ဆိုတာ လွယ်သလောက်၊ ဆုံးဖြတ် ချက်ကို လိုက်နာဖို့ဆိုတာကျတော့ တော်တော်ခဲယဉ်းတာကလား။

မင်းခိုက်စိုးစန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

## တလာပို့သောဇီးကွက်များ

mgyoe.com

mgyoe.com

ဟယ်ရီပေါ်တာသည် အခြားကလေးများနှင့်မတူ၊ နွေရာသီကျောင်းပိတ်ရက်များကို ခါးခါးသီးသီး မုန်းတီး၏။ အခြားကလေးများနှင့် မတူရသည့်နောက် အကြောင်းတစ်ချက် ရှိသေးသည်။ သူသည် ကျောင်းကပေးလိုက်သောသူ့အိမ်စာများကို အမှန်တကယ် စိတ်ပါလက်ပါ လုပ်လိုခြင်း ဖြစ်သည်။ သို့ရာတွင် သူသည် သူ၏အိမ်စာများကို အခြားကလေးများလို လူမြင်သူမြင် လုပ်ခွင့်မရ။ ဘယ်သူမှ မသိအောင် ပုန်းလျှိုးကွယ်လျှိုးလုပ်ရသည်။ လျှို့ဝှက်စွာလုပ်ရသည်။ ညသန်းခေါင် လူခြေတိတ်ချိန်ကျမှ လုပ်ရသည်။ ထို့ကြောင့်ပင် ဟယ်ရီပေါ်တာသည် အခြားကလေးများနှင့် လုံးဝ ကွဲပြားခြားနားသော လူသားတစ်ယောက် ဖြစ်နေရခြင်း ဖြစ်၏။ သူကား စုန်းကဝေတစ်ယောက်တည်း။

ညသန်းခေါင်တိုင်ချိန် နီးလေပြီ။ ဟယ်ရီသည် ခြုံစောင်ကို ရွက်ဖျင်တဲအမိုးလို သူ့ခေါင်းပေါ်တွင် လွှမ်းခြုံကာ အုပ်မိုးလျက် ခုတင်ပေါ်တွင် ထိုင်နေ၏။ သူ့လက်တစ်ဖက်တွင်ကား လက်နှိပ်ဓာတ်မီးကိုင်ထားပြီး 'မှော်ပညာသမိုင်း'ဟု အမည်ရေးထိုးထားသည့် သားရေဖုံး စာအုပ်ထူကြီးကို ခေါင်းအုံးပေါ် ဖွင့်ချထားသည်။ ဟယ်ရီသည် လက်နှိပ်ဓာတ်မီးအလင်းရောင်ဖြင့် လင်းယုန်ငှက်မွေးကလောင်တံကိုကိုင်ကာ 'ဆယ့်လေးရာစုနှစ်အတွင်းက စုန်းကဝေများကို ကားစင်တင်ပြီး မီးရှို့သတ်ဖြတ်ခဲ့ခြင်းသည် အခြေအမြစ်မရှိသည့် ကိစ္စတစ်ခုဖြစ်ကြောင်း ရှင်းလင်းတင်ပြပါ'ဟူသည့် ကျောင်းစာအက်ဆေးကို ရေးသားနေခြင်း ဖြစ်လေသည်။

သားရေဖုံးစာအုပ်ထူကြီးထဲက သူရှာဖွေနေသော စာပိုဒ်ကို တွေ့ပြီဟု ယူဆရသော ဟယ်ရီက ကလောင်တံကို ရပ်လိုက်၏။ နှာခေါင်းပေါ် လျှောကျလာသော

mgyoe.com

mgyoe.com

သူ့မျက်မှန်အဝိုင်းလေးကို ပင့်တင်ရင်း ဟာယ်ရီက လက်နှိပ်ဓာတ်မီးကို စာအုပ်ဆီသို့ တိုးကပ်ပြီး ဖတ်ကြည့်လိုက်၏။

*အလယ်ခေတ်အတွင်းက မှော်ပညာမတတ်သော လူသားများ (ရိုးရိုးလူသား မတ်ဂယ်များဟု ခေါ်ဝေါ်သုံးစွဲကြသည်) သည် စုန်းကဝေပညာကို အထူးတလည် ကြောက်ရွံ့ကြသည်။ ထို့ကြောင့် စုန်းကဝေဟု သိရလျှင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လေ့ရှိ၏။ သို့ရာတွင် စုန်းကဝေအစစ်များကို ရှာဖွေဖမ်းဆီးမိသည် ဟူ၍ကား ရှားလှသည်။ တကယ့် စုန်းကဝေအစစ်ကို မီးရှို့မည်ဆိုလျှင်လည်း မည်သို့မျှ ထိရောက်လိမ့်မည် မဟုတ်။ တကယ့် စုန်းကဝေတစ်ယောက်သည် မူလ အခြေခံကတည်းက မီးကိုအေးခဲစေသော မန္တန်ကို တတ်ကျွမ်းထားကြပြီးသား ဖြစ်သည်။ ထို့ကြောင့် သူတို့ကို မီးရှို့သည့်အခါ ဟန်ဆောင်ပန်ဆောင်ဖြင့် တွန့်လိမ်အော်ဟစ်ကြမည်ဖြစ်ပြီး တကယ်တမ်းတွင်မူ သူတို့၏စိတ်ထဲ၌ ရွစိရွစိဖြစ်နေသော မီးလောင်သည့်ခံစားမှုကို ကျိတ်၍ ကျေနပ်နေကြပြီးသား ဖြစ်သည်။ ဝင်ဒလင်ဟုခေါ်သော စုန်းမကြီးတစ်ယောက်သည် ထိုမီးလောင်ခံရသည့် ခံစားမှုကို သဘောကျလွန်းသဖြင့် သူမကိုယ်သူမ နေရာအမျိုးမျိုးတွင် အသွင်အမျိုးမျိုးဖြင့် တမင် အဖမ်းခံရအောင်လုပ်ပြီး မီးရှို့ခံခဲ့သည့် အကြိမ်ပေါင်း ၄၇ ကြိမ်ထက် မနည်းရှိကြောင်း မှတ်တမ်းရှိသည်။*

ဟာယ်ရီက ကလောင်တံကို သွားများဖြင့်ကိုက်ထားလိုက်ရင်း ခေါင်းအုံးနှင့် ပရပိုက်လိပ်ကို လှမ်းယူလိုက်သည်။ ထို့နောက် မင်အိုးကို အသံမကြားအောင် ဖြည်းညင်းစွာဖွင့်ပြီး ကလောင်တံကို မှင်တို့ကာ စတင်ရေးသားတော့သည်။ ရေးရင်းနှင့်လည်း မကြာခဏ ရပ်ပြီး အပြင်မှ အသံဗလံကို နားစွင့်ရသေးသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဦးလေး၊ အဒေါ်နှင့် ညီအစ်ကိုဝမ်းကွဲတို့ ဖြစ်ကြသော ဒါစလေမိသားစုထဲမှ တစ်ယောက်ယောက်က တစ်ရေးနိုး အိမ်သာသွားရင်း သူ့မှော်ကျောင်းစာများ လုပ်နေသည်ကို မိသွားလျှင် ဟာယ်ရီ့ကို တစ်နွေရာသီလုံးလုံး လှေကားအောက်က ဗီရိုထဲတွင် ပိတ်ထားပြီး အပြစ်ပေးမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်သည်။

ယခု နေထိုင်ရာ အမှတ်(၄)။ ပရိဗက်ဒရိုက်လမ်း နေအိမ်ရှိ အန်ကယ်ဗားနွန်၊ အန်တီပက်ကျူးနီးယားနှင့် သူတို့၏သားဖြစ်သူ ဒတ်ဒလေတို့သည် ဟာယ်ရီ၏ တစ်ခုတည်းသော သက်ရှိထင်ရှားဆွေမျိုးများ ဖြစ်ကြသည်။ သူတို့သည် မှော်ပညာမတတ်သော ရိုးရိုးလူသား မတ်ဂယ်များ ဖြစ်ကြသည်။ ထို့အပြင် သူတို့၏ဦးနှောက်ထဲ၌ စုန်းများကို မုန်းတီးစက်ဆုပ်သော အလယ်ခေတ်က

mgyoe.com

mgyoe.com

အတွေးအခေါ် အယူအဆများ ရှိနေသေးသည်။ ဟယ်ရီ၏ ကွယ်လွန်သွားပြီဖြစ်သော မိဘနှစ်ပါးစလုံးသည် စုန်းကဝေများဖြစ်ကြပေရာ ဒါစလေမိသားစု၏ အိမ်ခေါင်မိုးအောက်၌ သူတို့၏နာမည်ကို ယောင်၍မျှပင် မပြောကြပေ။

အန်တီပက်ကျူးနီးယားနှင့် အန်ကယ်ဗာနွန်တို့သည် သူတို့၏ လှေကားထစ်များပေါ်၌ မွေးကင်းစ ဟယ်ရီပေါ်တာလေးကို စတွေ့ပြီး မွေးစားခဲ့ရသည့် အချိန်မှစ၍ နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ဟယ်ရီ့သွေးထဲမှ မှော်မျိုးရိုးဗီဇကို မေ့ဖျောက်ပယ်ဖျက်ပစ်ဖို့ ကြိုးစားခဲ့ဖူးသည်။ သို့ရာတွင် သူတို့အဖို့ ဒေါသထွက်ရသည်သာ အဖတ်တင်ပြီး အောင်မြင်မှုကား မရခဲ့။ ယခုအခါတွင် ဟယ်ရီကား ဟော့ဝပ်ဟု ခေါ်သော မှော်ကျောင်းတော်ကြီးတွင် စုန်းကဝေပညာရပ်များကို သင်ကြားလာခဲ့သည်မှာ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းများကိုပင် အောင်မြင်ခဲ့လေပြီ။ ယခုအချိန်တွင် ဒါစလေ မိသားစုက တတ်နိုင်သည်မှာ နွေရာသီကျောင်းပိတ်ရက်တွင် ဟယ်ရီတစ်ယောက် အိမ်သို့ပြန်လာပြီဆိုသည်နှင့် သူ၏ မန္တန်စာအုပ်များ၊ ဆေးတောင်ဝှေး၊ ဆေးကြိုသည့် ဒယ်အိုးနှင့် မှော်တံမြက်စည်းတံတို့ကို သော့ခတ်သိမ်းဆည်းထားခြင်း၊ ဟယ်ရီ့ကို အိမ်နီးချင်းများနှင့် စကားမပြောရအောင် တားမြစ်ထားခြင်းတို့ပင် ဖြစ်သည်။

ထိုသို့ မန္တန်စာအုပ်များကို သိမ်းဆည်းထားခြင်းသည် ဟယ်ရီ့အတွက်တော့ အကြီးအကျယ် ပြဿနာပင် ဖြစ်တော့သည်။ အဘယ်ကြောင့်ဆိုသော် ဟော့ဝပ်မှ ဆရာ၊ ဆရာမများက ကျောင်းပိတ်ရက်အတွင်း လေ့ကျင့်ကျက်မှတ်စရာ အိမ်စာ အမြောက်အမြား ပေးလိုက်ခြင်းကြောင့် ဖြစ်သည်။ အိမ်စာတစ်ပုဒ်ဆိုလျှင် (ဟယ်ရီ မနှစ်မြို့ဆုံးဆရာဖြစ်သည့်) ပရော်ဖက်ဆာ စနိပ် ၏ ကျုံ့ဝင်ဆေးရည် အကြောင်း ရေးသားရမည့် အက်ဆေးဖြစ်သည်။ ထိုအိမ်စာကို ရေးသားရန် ပျက်ကွက်ခဲ့ပါက ပရော်ဖက်ဆာ စနိပ်က သူ့အား ဝမ်းမြောက်ဝမ်းသာဖြင့် တစ်လလောက် ဒဏ်ပေးပေလိမ့်မည်။

ထို့ကြောင့် ဟယ်ရီက နွေကျောင်းပိတ်ရက် ပထမပတ်အတွင်းမှာပင် ပေါ်ပေါက်ခဲ့သော အခွင့်အရေးကို အရယူလိုက်သည်။ အန်ကယ်ဗာနွန်တို့မိသားစု သုံးယောက်စလုံး သူတို့ အသစ်ဝယ်လာသော ကားကိုကြည့်ရန် ခြံရှေ့ဥယျာဉ်ထဲသို့ ဆင်းသွားကြစဉ် (ထိုကားမှာ အသံဆူညံစွာ မြည်လွန်းသောကြောင့် တစ်လမ်းလုံးကပင် သတိထားမိကြ၏) ဟယ်ရီက အောက်ထပ်သို့ တိတ်တိတ်လေး ဆင်းသွားလိုက်ပြီး ဗီရိုသော့ကိုဖွင့်ကာ စာအုပ်တချို့ကို ပြန်ယူထားလိုက်သည်။ ထို့နောက် ထိုစာအုပ်များကို အိပ်ခန်းထဲတွင် ဝှက်ထားလိုက်၏။ သူ့အိပ်ရာခင်းအဝင်္ဂါများကို မင်စက်တွေ စွန်းပေအောင် မလုပ်မိသေးသရွေ့တော့ ညညတွင်

mgyoe.com

mgyoe.com
သူ့မှော်သင်ခန်းစာများ လေ့လာရေးသားနေသည်ကို ဒါစလေမိသားစုက သိကြလိမ့်မည် မဟုတ်ပေ။

လောလောဆယ် အခိုက်အတန့်တွင် အန်ကယ်ဗာနွန်နှင့် အန်တီပက်ကျူးနီးယားတို့ စိတ်အနှောင့်အယှက်ဖြစ်မည့် ကိစ္စမျိုးကို ဟယ်ရီ တတ်နိုင်သလောက် ရှောင်ရှားချင်သည်။ အဘယ်ကြောင့်ဆိုသော် မကြာသေးခင်ကမှ ဟယ်ရီ့ထံသို့ **ရွန်ဝီစလေ** က ဖုန်းဆက်သည့်ကိစ္စနှင့် ပတ်သက်ပြီး ပြဿနာတက်ထားသော ကြောင့် ဖြစ်၏။

ရွန်ဝီစလေဆိုသူမှာ ဟော့ဝပ်ကျောင်းတွင် ဟယ်ရီနှင့်အရင်းနှီးဆုံး သေဖော်ရှင်ဖက် သူငယ်ချင်းဖြစ်၏။ ရွန်တို့မိသားစုတစ်ခုလုံးသည် စုန်းကဝေမျိုးရိုးစစ်စစ်များ ဖြစ်ကြ၏။ ထို့ကြောင့် ရွန်သည် ဟယ်ရီ မသိသေးသော စုန်းကဝေလောကအကြောင်းကို အမြောက်အမြား သိထားသည်။ သို့သော် အပြန်အလှန်အားဖြင့် ရွန်သည် လူ့လောကထဲသို့ မဝင်ဆံ့ဖူးခြင်းကြောင့် လူ့အသုံးအဆောင်ပစ္စည်းများနှင့်ပတ်သက်၍ ဘာတစ်ခုမျှမသိပေ။ ရွန်သည် သူ့ဘဝတွင် တယ်လီဖုန်းကိုပင် တစ်ခါမျှ ဆက်ဖူးခြင်း မရှိပေ။ ကံဆိုးချင်တော့ ရွန် လှမ်းဆက်လိုက်သည့်ဖုန်းကိုမှ တည့်တည့်ကြီးကိုင်မိသူကား အန်ကယ်ဗာနွန် ဖြစ်နေသည်။

"ဗာနွန်ဒါစလေ ပြောနေပါတယ်"

ထိုအချိန်တွင် အခန်းထဲ၌ ဟယ်ရီလည်း ရှိနေခိုက်ဖြစ်လေရာ တယ်လီဖုန်းနားထောင်ခွက်ထဲမှ ကျယ်လောင်စွာ အသံကုန်အော်ဟစ် ပြောဆိုနေသော ရွန်၏ အသံကို ကြားလိုက်ရပြီး တစ်ကိုယ်လုံး တောင့်တင်းသွား၏။

"ဟယ်လို ဟယ်လို ကြားလား? ဟယ်ရီပေါ်တာနဲ့ ပြောချင်လို့ပါ"

တစ်ခါမှ ဖုန်းမပြောဖူးသော ရွန်က တယ်လီဖုန်းထဲသို့ အသံကုန်အော်ထည့်လိုက်ရာ အန်ကယ်ဗာနွန်က လန့်ပြီး ခုန်ထရင်း တယ်လီဖုန်းကို သူ့နားရွက်နှင့် တစ်ပေလောက်ကွာအောင် ကမန်းကတန်း ရွှေ့ဖယ်လိုက်၏။ သူ့မျက်လုံးထဲတွင်လည်း ဒေါသ အရိပ်အငွေ့တို့ ဟုန်းခနဲ တောက်လောင်သွားကာ 'သူအော်သလို ငါလည်း ပြန်အော်လိုက်မယ်'ဟူသော အနိုင်မခံ အရှုံးမပေးစိတ်ဖြင့် တယ်လီဖုန်း စကားပြောခွက်ကို ပါးစပ်နားတေ့ပြီး...

"ဘယ်သူလဲကွ၊ မင်း ဘယ်ကကောင်လဲ?"

ရွန်ကတော့ တယ်လီဖုန်းဆိုသည်မှာ အော်ပြောရသောပစ္စည်းဖြစ်သည်ဟု ထင်နေဆဲပင် ဖြစ်သောကြောင့် ကျယ်လောင်စွာဖြင့်ပင်...

"ရွန်ဝီစလေဗျ"

ရွန်နှင့် အန်ကယ်ဗာနွန်တို့သည် ဘောလုံးကွင်း ဟိုဘက်ထိပ်နှင့် ဒီဘက်
mgyoe.com

mgyoe.com

ထိပ် လှမ်းစကားပြောနေကြသူများလို ဖြစ်နေ၏။

"ကျွန်တော်က ကျောင်းက ဟယ်ရီ့သူငယ်ချင်းပါ"

အန်ကယ်ဗာနွန်၏မျက်စိသေးသေးလေးနှစ်လုံးသည် ဟယ်ရီ့ထံသို့ ဖျတ်ခနဲ အကြည့်ရောက်လာ၏။ ဟယ်ရီကတော့ နေရာမှာပင် ရပ်လျက်သားရှိသေးသည်။ ထို့နောက် အန်ကယ်ဗာနွန်က တယ်လီဖုန်းကို ပေါက်ကွဲတော့မည့်ပစ္စည်းလို လက်တဆုံး ဆန့်ကိုင်ထားပြီး...

"ဒီအိမ်မှာ ဟယ်ရီပေါ်တာဆိုတာ မရှိဘူး။ မင်းပြောတဲ့ကျောင်းကိုလည်း ငါမသိဘူး။ ဘယ်တော့မှ ဖုန်းထပ်မဆက်နဲ့တော့။ ငါ့အိမ်နားကိုလည်း မလာနဲ့။ ဒါပဲ"

ထို့နောက် သူက အဆိပ်ပြင်းသော ပင့်ကူတစ်ကောင်ကို လက်ထဲမှ ခါချလိုက်သလိုမျိုး တယ်လီဖုန်းကို ပစ်ချလိုက်၏။ ထို့နောက် ဟယ်ရီ့ဘက်သို့ လှည့်ကာ...

"ဒီအိမ်ဖုန်းနံပါတ်ကို မင်း...မင်း...မင်းလိုကောင်စားတွေကို ပေးထားတယ်ပေါ့လေ၊ ဟုတ်လား"

ဟု ကြုံးဝါးလိုက်ရာ ဟယ်ရီ့မျက်နှာကို တံတွေးစက်များဖြင့် သကြန်ကျလိုက်သကဲ့သို့ ဖြစ်သွား၏။

ရွန်ကတော့ သူ ဖုန်းဆက်၍ ဟယ်ရီ ဒုက္ခရောက်သွားမှန်း သိပုံပေါ်သည်။ နောက်တစ်ကြိမ် ထပ်၍ ဖုန်းမဆက်တော့ပေ။

ဟော့ဝပ်ကျောင်းတွင် ရွန်ဝီစလေအပြင် အခြားသော ဟယ်ရီနှင့် သေဖော်ရှင်ဖက် ကျောင်းသူတစ်ယောက် ရှိသေး၏။ သူမကား အတန်းထဲတွင် စာအတော်ဆုံးဖြစ်သော ဟာမီယွန်ဂရင်ဂါ ဖြစ်လေသည်။ သူမသည်လည်း ဟယ်ရီ့ထံသို့ လုံးဝ အဆက်အသွယ် မလုပ်ပေ။ ကြည့်ရသည်မှာ ရွန်ဝီစလေက လှမ်း၍ ကြိုတင်သတိပေးလိုက်သောကြောင့် ဖြစ်မည်။ ဟာမီယွန်ဂရင်ဂါကတော့ လူသာမန် မတ်ဂယ်မျိုးရိုးမှ ပေါက်ဖွားလာသည်ဖြစ်ရာ တယ်လီဖုန်းကို မသုံးတတ်စရာ အကြောင်းမရှိပေ။ ထို့ပြင် သူမသည် ပါးရည်နပ်ရည်ရှိသော မိန်းကလေးတစ်ယောက်လည်း ဖြစ်သောကြောင့် အန်ကယ်ဗာနွန် ဖုန်းကိုင်လျှင် ဟော့ဝပ်ကျောင်းအကြောင်း လေသံမျှမဟဖို့ ရိပ်စားမိပေလိမ့်မည်။

ယခု သူတို့က တစ်ယောက်မျှ အဆက်အသွယ်မလုပ်ကြတော့သောကြောင့် ဟယ်ရီ့ခမျာ ရှည်လျားလှသော ငါးပတ်တာကာလပတ်လုံးလုံး အခြားစုန်းကဝေ သူငယ်ချင်းများအကြောင်း ဘာသတင်းအစအနမှ မရတော့ဘဲ အဆက်အသွယ်ပြတ်နေရတော့သည်။ တစ်ခုတော့ရှိသည်။ ဟယ်ရီ၏ ဇီးကွက်မလေး

mgyoe.com

mgyoe.com

ဟာက်ဝစ် ဖြင့် စာပို့ခိုင်းလျှင်တော့ ရနိုင်၏။ အန်ကယ်ဗာနွန်က ညအချိန်များတွင် ဇီးကွက်မလေးဟာက်ဝစ်ကို အပြင်သို့ ထွက်လည်ပျံသန်းခွင့်ပြုထား၏။ အဘယ်ကြောင့်ဆိုသော် တစ်ညလုံးလုံး လှောင်အိမ်ထဲတွင် တောင်ပံတဖျပ်ဖျပ်ခတ်ကာ အော်မြည်နေသော ဇီးကွက်မလေး၏အသံက အန်ကယ်ဗာနွန်ကို အိပ်မရအောင် စိတ်အနှောင့်အယှက်ပေးသောကြောင့် ဖြစ်သည်။

ဟာယ်ရီက ကဝေမဝင်ဒလင်အကြောင်း ရေးသားပြီးနောက် ခေတ္တရပ်ကာ အသံဗလံများကို နားစွင့်လိုက်၏။ သဲ့သဲ့ကြားနေရသော ဒတ်ဒလေ၏ တခူးခူး တခေါခေါ ဟောက်သံမှတစ်ပါး တစ်အိမ်လုံးသည် အမှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ညဉ့်နက်လှပြီ။ ဟာယ်ရီ၏ မျက်လုံးများသည် အိပ်ချင်စိတ်ဖြင့် လေးလံနွမ်းနယ်နေကြ၏။ မနက်ဖြန်ဆိုလျှင်တော့ ဒီအိမ်စာကို ပြီးလောက်ကောင်းပါရဲ့ဟု သူတွေးလိုက်သည်။

သူက မင်အိုး၊ လက်နှိပ်ဓာတ်မီး၊ ကျောင်းစာအုပ်တို့ကို ဝှက်နေကျနေရာတွင် ပြန်ထားလိုက်ပြီး အိပ်ရာထဲမှထကာ ခုတင်ဘေး စားပွဲပေါ်ရှိ နာရီကို လှမ်းယူလိုက်သည်။

သန်းခေါင်ကျော် တစ်ချက်ထိုးနေပေပြီ။ ရုတ်တရက် ဟာယ်ရီ့ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။ ယနေ့ကား သူ၏ ၁၃ နှစ်မြောက် မွေးနေ့ထဲသို့ ရောက်နေပေပြီ။ သူ ၁၃ နှစ်ပြည့်သွားသည်မှာ တစ်နာရီတိတိကြီးများပင် ကြာခဲ့ပါ ပကော။ ဒါကို သူ သတိမထားမိခဲ့။

ဟာယ်ရီ့ဘဝတွင် သိပ်မမျှော်လင့်ခဲ့သော အရာများစွာအနက် မွေးနေ့လက်ဆောင်တည်းဟူသောအရာလည်း ပါဝင်ပေသည်။ သူ့ဘဝတွင် မွေးနေ့လက်ဆောင်အဖြစ် ကတ်ပြားလေးတစ်ခုတလေမျှပင် မရခဲ့ဖူးပါ။ ဒါစလေမိသားစုကတော့ ဆိုဖွယ်ရာပင်မရှိ။ ဟာယ်ရီမွေးနေ့ကို မသိကျိုးကျွန် ပြုထားခဲ့သည်မှာ အစဉ်အလာပင် ဖြစ်သည်။

ဟာယ်ရီက ဇီးကွက်မလေးဟာက်ဝစ်မရှိ၍ ဗလာဟင်းလင်းနေသော လှောင်အိမ်အနီးမှ ဖြတ်သန်းကာ မှောင်မိုက်နေသော အခန်းတစ်ဖက်ဆုံးဆီသို့ လျှောက်သွားလိုက်သည်။ ထို့နောက် ပြတင်းပေါက်ကို တွန်းဖွင့်လိုက်သည်။ အေးစက်သင်းပျံ့သော ညလေပြည်က သူ့မျက်နှာကို နှစ်လိုဖွယ် လာရောက်တိုးဝှေ့နေသည်။ ဇီးကွက်မလေးဟာက်ဝစ် ပြန်မလာသည်မှာ ဒီညနှင့်ပါဆိုလျှင် နှစ်ညတိတိ ရှိပေပြီ။ သို့သော် ဟာယ်ရီကတော့ သိပ်စိတ်မပူမိပါ။ မကြာခင် ပြန်လာလိမ့်မည်ဟုသာ မျှော်လင့်နေမိသည်။ ဒီအိမ်တစ်အိမ်လုံးတွင် ဟာယ်ရီ့ကိုမြင်ရုံနှင့် မျက်နှာကြောရှုံ့မသွားသည့် သက်ရှိသတ္တဝါဟူ၍ ထိုဇီးကွက်မလေးတစ်ကောင်သာ ရှိသည်။

mgyoe.com

mgyoe.com

ဟာယ်ရီသည် သူ့အသက်အရွယ်နှင့်စာလျှင် လူကောင်သေးသေး ခပ်ပိန်ပိန် ပင်ဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်ကတော့ လက်မ အနည်းငယ်မျှ အရပ်ပိုရှည်လာခဲ့သည်။ သူ၏ နက်မှောင်နေသော ဆံပင်များကတော့ ပြောင်းလဲမသွား။ အရင်လို ဖရိုဖရဲ ဖြစ်နေဆဲပင်။ မျက်မှန်နောက်မှ အစိမ်းရောင်မျက်လုံးများကတော့ တဖျပ်ဖျပ် တောက်ပနေကြ၏။ နဖူးပေါ်တွင်တော့ မိုးကြိုးသွား သင်္ကေတပုံသဏ္ဍာန် အမာရွတ် ကလေးကို ဝေ့ဝဲကျနေသော ဆံပင်များကြားမှ မြင်နေရလေသည်။

ထိုမိုးကြိုးသွားပုံစံ အမာရွတ်လေးသည် အထူးခြား အဆန်းကျယ်ဆုံး ဂမ္ဘီရသဘာဝတစ်ခုပင် ဖြစ်၏။ ဟာယ်ရီ ငယ်စဉ်တုန်းကတော့ သူ့ကို မွေးစားသော ဒါစလေ ဇနီးမောင်နှံက ထိုအမာရွတ်ကလေးသည် ယာဉ်တိုက်မှုကြောင့်ရခဲ့သော အမာရွတ်ဖြစ်သည်ဟု ညာပြောထားခဲ့ကြသည်။ ဟာယ်ရီ၏ မိဘနှစ်ပါးဖြစ်သော ဂျိမ်းစ်ပေါ်တာနှင့် လီလီပေါ်တာတို့သည်လည်း ထိုယာဉ်တိုက်မှုတွင် ကွယ်လွန်သွားခဲ့ကြသည်ဟု လိမ်လည်ပြောဆိုခဲ့ကြသည်ကို ဟာယ်ရီ ကြားဖူး၏။

ဖြစ်ရပ်မှန်ကား ထိုသို့မဟုတ်ပေ။ ဟာယ်ရီ့မိဘနှစ်ပါးသည် စုန်းကဝေ လောကသားတိုင်း ဖိန့်ဖိန့်တုန်အောင်ကြောက်ရသော မိစ္ဆာအရှင်သခင်ကြီး ဗိုဒီမော့ ၏လက်ချက်ကြောင့် သေခဲ့ရခြင်း ဖြစ်သည်။ ဟာယ်ရီကတော့ သူ့နဖူးတွင် မိုးကြိုး သွားပုံဒဏ်ရာ အမာရွတ်ရသည်မှတစ်ပါး အသက်မသေဘဲ လွတ်မြောက်လာ ခဲ့သည်။ ဗိုဒီမော့က ဟာယ်ရီ့ကို သတ်ဖြတ်ရန် ကျိန်စာကို ပစ်လွှတ်လိုက်သည့်အခါ ထိုကျိန်စာသည် နောက်သို့ပြန်ကန်ပြီး မိစ္ဆာအရှင်သခင်ကိုပင် ပြန်ထိမှန်သွားခဲ့ သည်။ အောက်လမ်းမိစ္ဆာခေါင်းဆောင်ကြီး ဗိုဒီမော့သည် သေအံ့မူးမူးဖြစ်ကာ ထွက်ပြေးသွားခဲ့ရသည်။

ဟော့ဝပ်တွင် ကျောင်းတက်နေစဉ် နှစ်နှစ်တာကာလအတွင်း ဟာယ်ရီသည် ဗိုဒီမော့နှင့် နှစ်ကြိမ်တိုင်တိုင် ရင်ဆိုင်တိုက်ခိုက်ခဲ့ရသေးသည်။ ယခုလို (၁၃)နှစ် ပြည့်သည့်ကာလအထိ သူ အသက်ရှင်နေနိုင်သေးသည်မှာ အင်မတန် ကံကောင်း၍သာဖြစ်သည်ဟု ဟာယ်ရီ တွေးနေမိသည်။

ဟာယ်ရီက ကြယ်တွေစုံလင်သော ညကောင်းကင်ပြာကြီးကို မော့ကြည့်နေ မိ၏။ သူ့စိတ်ထဲတွင် ဇီးကွက်မလေးဟက်ဝစ်သည် ကြွက်သေတစ်ကောင်ကို နှုတ်သီးမှ ကိုက်ချီလျက် တစ်နေရာရာကများ ပေါ်လာလေမလားဟု မျှော်နေမိ၏။ ဟာယ်ရီသည် အိမ်ခေါင်မိုးများဆီသို့ အသိမဲ့စွာဖြင့် ငေးမောကြည့်နေမိသည်မှာ အတော်ကြာသွားသည်။ ထိုစဉ်မှာပင် ကောင်းကင်၌ တစ်စုံတစ်ရာကို သူ သတိ ထားလိုက်မိလေသည်။

ရွှေရောင်တောက်ပနေသော လဝန်းကို နောက်ခံပြုလျက် ပျံသန်းလာနေ

mgyoe.com

mgyoe.com

သော သတ္တဝါတစ်ကောင်သည် ဟာယ်ရီ့ဘက်သို့ ဦးတည်လာနေလေသည်။ နီးကပ်လာသည်နှင့်အမျှ တဖြည်းဖြည်း အသွင်သဏ္ဌာန်က ကြီးမားပြတ်သား လာ၏။ ထိုပျံသန်းလာသော သတ္တဝါသည် ထူးဆန်းစွာပင် ဘက်မညီဘဲ တစ်ဖက် စောင်းနင်း ဖြစ်နေ၏။ ထိုအရာသည် ပရိဗက်ဒရိုက်လမ်း၏ လမ်းမီးတိုင်များအပေါ် ဖြတ်၍ ပျံသန်းလာသည့်အခါတွင်မှ ဟာယ်ရီက သဲသဲကွဲကွဲ မြင်ခွင့်ရလိုက်တော့ သည်။

ထိုအရာသည် ဇီးကွက်သုံးကောင်ဖြစ်ပြီး နှစ်ကောင်က သတိလစ်နေသော ဇီးကွက်တစ်ကောင်ကို ချီပိုးပျံသန်းလာခြင်း ဖြစ်လေသည်။ ထိုဇီးကွက်သုံးကောင် သည် ပြတင်းပေါက်မှ ဖြတ်သန်းဝင်ရောက်လာပြီး ဟာယ်ရီ့အိပ်ရာပေါ်တွင် နား လိုက်ကြ၏။ အလယ်မှာ မလှုပ်မယှက် သတိလစ်နေသော ဇီးကွက်က မီးခိုးရောင် မှိုင်းသော အကောင်ကြီးကြီးဖြစ်ပြီး ခြေထောက်တွင် ပါဆယ်ထုပ်တစ်ထုပ်ကို ချည် နှောင်လာ၏။

ဟာယ်ရီက ထိုသတိမေ့နေသော ဇီးကွက်ကို မြင်ရုံနှင့် မှတ်မိလိုက်သည်။ သူ့အမည်မှာ 'အယ်ရိုဲ'ဟု ခေါ်ပြီး ရွန်တို့ ဝိစလေမိသားစု၏ ဇီးကွက်ဖြစ်သည်။ ဟာယ်ရီက သူ့ခုတင်ဆီသို့ တစ်ဟုန်ထိုးပြေးသွားလိုက်ပြီး အယ်ရို၏ခြေထောက် တွင် ချည်ထားသော ကြိုးကိုဖြေ၊ ပါဆယ်ထုပ်ကို ဖြုတ်ယူပြီး အယ်ရိုကို နားနေ ရန် (သူ့အခန်းထဲရှိ) ဟက်ဝစ်၏ လှောင်အိမ်ထဲသို့ ပို့လိုက်သည်။ အားပြတ်နေ သော ဇီးကွက်ကြီးအယ်ရိုက ကျေးဇူးတင်သည့်အကြည့်ဖြင့် မျက်လုံးလေးတစ်ချက် လှန်ကြည့်သည်။ ထို့နောက် ရေအနည်းငယ်ကို စတင်သောက်၏။

ဟာယ်ရီက ကျန်ဇီးကွက်နှစ်ကောင်ဘက်သို့ လှည့်ကြည့်လိုက်သည်။ နှင်းလို ဆွတ်ဆွတ်ဖြူနေသော တစ်ကောင်မှာ သူ၏ ကိုယ်ပိုင်ဇီးကွက်မလေး ဟက်ဝစ် ဖြစ်ပြီး သူမ၏ ခြေထောက်တွင်လည်း ပါဆယ်ထုပ်တစ်ထုပ် သယ်လာသည်ကို တွေ့ရ၏။ ဇီးကွက်မလေး ဟက်ဝစ်ကို ကြည့်ရသည်မှာ အလွန်ကြည်နူးပျော်ရွှင် နေပုံရ၏။ ဟာယ်ရီက သူမထံမှ အထုပ်ကိုဖြုတ်ယူလိုက်သည့်အခါ သူမက နှုတ်သီး ဖြင့် ပွတ်သီးပွတ်သပ် ထိုးဆိတ်ပြီး အခန်းကိုဖြတ်၍ ပျံသန်းကာ အယ်ရိုအနီးတွင် သွားနားနေတော့သည်။

တတိယဇီးကွက်တစ်ကောင်ကိုတော့ ဟာယ်ရီမသိ။ သို့သော် ထိုအကောင် သယ်လာသော ပါဆယ်ထုပ်ပေါ်တွင် ဟော့ဝပ်ကျောင်းတံဆိပ် ရိုက်နှိပ်ထားသည် ကို ကြည့်ခြင်းအားဖြင့် ဘယ်ကလာမှန်း ဟာယ်ရီ ရိပ်စားမိလိုက်သည်။ ဟာယ်ရီက ပါဆယ်ထုပ်ကို ဖြုတ်ယူကာ အမွေးအတောင်များကို ပွတ်သပ်ပေးပြီး ပြတင်း ပေါက်မှတစ်ဆင့် ညအမှောင်ထဲသို့ ပြန်လွှတ်ပေးလိုက်၏။

mgyoe.com

mgyoe.com

ဟယ်ရီက အိပ်ရာပေါ်တွင် ထိုင်ချလိုက်သည်။ ထို့နောက် အယ်ရို သယ်ဆောင်လာသော ပါဆယ်ထုပ်ကို အရင်ဖွင့်၏။ ရွှေရောင်စက္ကူဖြင့် ထုပ်ပိုးထားသော လက်ဆောင်ပစ္စည်းတစ်ခုကို တွေ့ရသည်။ သူ့ဘဝတွင် ပထမဦးဆုံးရသော မွေးနေ့ကတ်ပြားပင် ဖြစ်တော့သည်။ ဟယ်ရီက အနည်းငယ် တုန်ရီနေသောလက်ချောင်းများဖြင့် စာအိတ်ကိုဖွင့်လိုက်သည်။ စာရွက်ခေါက်လေးနှစ်ခု ထွက်ကျလာသည်။ သတင်းစာဖြတ်ပိုင်းတစ်ခုနှင့် စာတစ်စောင် ဖြစ်လေသည်။

ဖြတ်ပိုင်းထဲတွင် ပါရှိသော သတင်းဓာတ်ပုံထဲမှ လူများလှုပ်ရှားနေသည်ကို မြင်ရရုံနှင့် ထိုစာရွက်သည် စုန်းကဝေလောကတွင် ထုတ်ဝေသော 'ပရောဟိတ်နေ့စဉ်သတင်းစာ'မှ ဖြစ်ကြောင်း ဟယ်ရီ သိလိုက်၏။ ဟယ်ရီက သတင်းစာဖြတ်ပိုင်းလေးကို ဖတ်ကြည့်လိုက်၏။

***နှစ်ပတ်လည်အထူးဆုကို မှော်ဝန်ကြီးဌာနမှ ဆွတ်ခူးသွားခြင်း***

*မှော်ဝန်ကြီးဌာနရှိ လူသားမန်ပစ္စည်းများ အလွဲသုံးခြင်းဆိုင်ရာဌာနမှ ဌာနမှူး အာသာဝီစလေသည် ပရောဟိတ် နေ့စဉ်သတင်းစာမှ နှစ်စဉ်ချီးမြှင့်မြဲဖြစ်သော ရွှေသားအထူးဆုကို ဆွတ်ခူးသွားသည်။*

*ဝမ်းမြောက်ဝမ်းသာဖြစ်နေသော မစ္စတာဝီစလေက ပရောဟိတ်နေ့စဉ် သတင်းစာသို့ ပြောကြားရာတွင် 'ကျွန်တော်တို့ ဒီဆုကရတဲ့ ရွှေသားတွေကို နွေရာသီကျောင်းပိတ်ရက်အတွင်း အီဂျစ်ကိုသွားလည်ဖို့ အတွက် သုံးစွဲမှာ ဖြစ်ပါတယ်။ ဟိုမှာ ကျွန်တော့်သားအကြီးဆုံး ဘီလ်က ဂရင်းဂေါ့ဘဏ်တိုက်အတွက် ကျိန်စာဖျက်ဆီးရေးတာဝန်ကို ထမ်းဆောင်နေပါတယ်'ဟု ပါရှိသည်။*

*ဝီစလေမိသားစုသည် အီဂျစ်တွင် တစ်လမျှနေထိုင်မည်ဖြစ်ပြီး ဟော့ဝပ်ကျောင်းဖွင့်ရက်အမီ ပြန်လာမည် ဖြစ်သည်။ ထိုကျောင်းတွင် ဝီစလေမိသားစုမှ ကလေးငါးဦးစလုံး ပညာသင်ကြားနေဆဲ ဖြစ်သည်။*

ဟယ်ရီက လှုပ်ရှားနေသော ဓာတ်ပုံကို ကြည့်လိုက်သည်။ ဓာတ်ပုံထဲ၌ ကြီးမားလှသော အီဂျစ်ပိရမစ်ကြီးတစ်ခုရှေ့တွင် ဝီစလေမိသားစု ၉ ဦးစလုံး မတ်တတ်ရပ်ကာ သူ့အား လက်ဝှေ့ယမ်းပြနေကြသည်ကို တွေ့လိုက်ရသော ကြောင့် ဟယ်ရီက မချိပြုံးလေးပင် ပြုံးလိုက်မိသည်။ ဝီစလေမိသားစုများအားလုံးက ဆံပင်နီနီနှင့် ဖြစ်သည်။ ပုံ၏အလယ်တည့်တည့်တွင် ရပ်နေသူက ရွှန်၊ ပခုံးပေါ်တွင် သူ့အချစ်တော် ကြွက်ကလေးစကက်ဘာကို တင်ထားပြီး သူ့လက်တစ်ဖက်က ညီမငယ်ဖြစ်သူ ဂျင်နီကို ဖက်ထား၏။

ဝီစလေ မိသားစုသည် ရိုးသားပြီး စိတ်ကောင်းရှိသလောက် ဆင်းရဲကြ

mgyoe.com

သူများ ဖြစ်၏။ သို့ဖြစ်၍ သူတို့မိသားစု ဒီလို ရွှေသားအမြောက်အမြားကို ဆုအဖြစ် ရသွားခဲ့သည့်အတွက် ဟယ်ရီ့ရင်ထဲတွင် ဝမ်းမြောက်မိသည်။ သူက ရွန်၏စာကို ဖွင့်ပြီး ဖတ်လိုက်သည်။

*ဟယ်ရီရေ...*

*ပျော်ရွှင်ဖွယ်မွေးနေ့ ဖြစ်ပါစေ။*

*ငါ တယ်လီဖုန်းဆက်လိုက်တာဟာ မင်းကို ဒုက္ခပေးလိုက်သလို ဖြစ်သွားတဲ့အတွက် ငါ တကယ်ပဲ စိတ်မကောင်းပါဘူး။ ဟို မတ်ဂယ်တွေ (ဟယ်ရီ၏ ဦးလေးနှင့် အဒေါ်ကို ရည်ညွှန်းခြင်းဖြစ်သည်)က မင်းကို သိပ်ဆိုးဆိုးဝါးဝါးကြီးတော့ မဆူကြပါစေနဲ့လို့ ငါ မျှော်လင့်မိပါတယ်။ ငါ အဖေ့ကို မေးကြည့်သေးတယ်။ အဖေက ပြောတယ်။ တယ်လီဖုန်းဆိုတာ အော်ပြောရတဲ့ဟာမျိုး မဟုတ်ဘူးတဲ့။*

*အီဂျစ်မှာတော့ ရေရေလည်လည် မိုက်တယ်ကွာ။ ငါ့အစ်ကို ဘီလ်က ငါတို့အားလုံးကို ရှေးဟောင်းဂူသင်္ချိုင်းတွေအားလုံးကို ခေါ်သွားပြီး ပြတယ်။ ရှေးဟောင်း အီဂျစ်မှော်ပညာရှင်တွေက ဂူသင်္ချိုင်းတွေကို ဘယ်လို ကျိန်စာတိုက်ထားသလဲဆိုတာ မင်းသိရင် ယုံနိုင်မှာတောင်မဟုတ်ဘူး။ နောက်ဆုံး ဂူသင်္ချိုင်းကျတော့ အမေက ညီမလေး ဂျင်နီကိုတောင် အဝင် မခံဘူး။ အဲဒီ ဂူသင်္ချိုင်းထဲမှာ လူသားမတ်ဂယ်တွေရဲ့ အရိုးစုတွေရှိတယ်။ ဂူသင်္ချိုင်းထဲ ခိုးဖောက်ဝင်ဖို့ ကြိုးစားရင်း ကျိန်စာမိပြီး ဦးခေါင်းတွေ နှစ်လုံး၊ သုံးလုံးထွက် ခြေလက်အပိုတွေ ထွက်လာခဲ့တဲ့ လူတွေပေါ့။*

*အစက ဖေဖေ ဆုမဲပေါက်တယ်ကြားတုန်းက ငါဖြင့် ယုံတောင် မယုံချင်ဘူး။ ရွှေသားချည်းပဲ ၇၀၀ ဖိုးတောင်မှကွ။ အများစုကတော့ ဒီအားလပ် ရက်အတွင်း ကုန်တာပါပဲကွာ။ ဒါပေမဲ့ အဖေနဲ့အမေက ပြောတော့ နောက်နှစ် ကျောင်းတက်တဲ့အခါကျရင် ငါ့အတွက် ဆေးတောင်ဝှေး အသစ် ဝယ်ပေးမယ်တဲ့။*

*ကျောင်းတွေမဖွင့်ခင် တစ်ပတ်အလိုကျရင် ငါတို့ပြန်ခဲ့မယ်။ စာအုပ် အသစ်တွေနဲ့ ဆေးတောင်ဝှေးဝယ်ဖို့ လန်ဒန်ကို သွားရဦးမှာပဲ။ အဲဒီမှာ မင်းနဲ့ ဆုံခွင့်ရနိုင်မလား။*

*မင်းဦးလေးနဲ့ အဒေါ်ကြောင့်တော့ စိတ်ဓာတ်မကျပါနဲ့ကွာ။ ကြိုးစားပြီး လန်ဒန်ကိုလာပါ သူငယ်ချင်း... .*

*ရွန်*

mgyoe.com

mgyoe.com

*စာကြွင်း။ ။ ငါ့အစ်ကို ပါစီတော့ ခေါင်းဆောင်ကျောင်းသားကြီး ဖြစ်သွားပြီ။ ပြီးခဲ့တဲ့အပတ်ကပဲ အကြောင်းကြားစာရတယ်။*

ဟယ်ရီက ဓာတ်ပုံထဲသို့ တစ်ချက်ပြန်ကြည့်လိုက်သည်။ ပုံထဲတွင် ပါစီက သူ့ကိုယ်သူ အားရကျေနပ်စွာနဲ့ မိန့်မိန့်ကြီး ပြုံးနေသည်။ ခေါင်းဆောင်ကျောင်းသား အထိမ်းအမှတ်တံဆိပ်ကို ဦးထုပ်တွင် တွယ်ချိတ်ဖြင့် တပ်ဆင်ထား၏။ သူ့မျက်မှန်က နေရောင်တွင် တလက်လက်။ ပါစီသည် ယခုအခါတွင် ဟော့ဝပ်ဒ်သို့ သတ္တမတန်းသို့ ရောက်နေပြီဖြစ်သောကြောင့် နောက်ဆုံးနှစ်ကျောင်းသား ဖြစ်သည်။

ဟယ်ရီက ရွန်ပေးပို့လိုက်သော လက်ဆောင်ကို ဖြေကြည့်လိုက်၏။ အထဲတွင် တွေ့ရသည်က ထိပ်ဖျားတွင် ချာချာလည်တတ်သော မှန်အသေးစားလေးနှင့် တူသည့် ကိရိယာတစ်ခု ဖြစ်သည်။ အောက်ခြေနားတွင် ရွန် ရေးပေးလိုက်သော စာတိုကလေးပါလာသည်။

*ဟယ်ရီရေ...*

*ဒီပစ္စည်းကို 'အိတ်ဆောင်အကဲခတ်မှန်ပြောင်း'လို့ ခေါ်တယ်။ မယုံကြည်ရတဲ့ လူတစ်ယောက်ယောက် မင်းအနားကို ရောက်လာပြီဆိုရင် မှန်ကလေးက အလင်းရောင်ဟပ်ပြီး တဝီဝီ လည်လိမ့်မယ်။ ငါ့အစ်ကို ဘီလ်က ပြောတာကျတော့ ဒီပစ္စည်းဟာ အလကားပါတဲ့။ စုန်းကဝေတိုးရစ်စ်တွေကို အချဉ်ဖမ်းပြီး ရောင်းဖို့ လုပ်ထားတာမို့လို့ မယုံကြည်ရဘူးဆိုပဲ။ မနေ့ညက ညစာစားပွဲမှာ ငါတို့မိသားစုတွေချည်းပဲ ရှိနေတုန်းမှာတောင် အဲဒီမှန်ပြောင်းက အလင်းရောင်လေး ထွက်လာတော့ သူက ပိုပြီးပြောအားရှိသွားတာပေါ့။ ဒါပေမဲ့ သူ့ခမျာ ငါ့အမြွှာအစ်ကို ဖရက်နဲ့ ဂျော့တို့က သူ့စွပ်ပြုတ်ပန်းကန်ထဲ နောက်ချေးပိုးကောင်တွေ ထည့်လိုက်တာကျတော့ မသိရှာဘူးလေ။*

*ဘိုင့်ဘိုင်*
**ရွန်**

ဟယ်ရီက အိတ်ဆောင်အကဲခတ်မှန်ပြောင်းလေးကို သူ့ခုတင်ဘေးရှိ စားပွဲပေါ်တွင် တင်ထားလိုက်သည်။ ဟယ်ရီက ထိုပစ္စည်းလေးကို စက္ကန့်အတော်ကြာသည်အထိ ပျော်ရွှင်စွာ စိုက်ကြည့်နေမိပြီးမှ သူ၏ ဇီးကွက်မလေးဟက်ဝစ် ယူလာသော ပါဆယ်ထုပ်ကို ဖွင့်ဖောက်လိုက်သည်။ အထဲတွင် မွေးနေ့ဆုတောင်းကတ်တစ်ခုနှင့် စာတစ်စောင်။ ဒီစာကတော့ ဟာမိယွန့်ထံမှ ဖြစ်သည်။

mgyoe.com

mgyoe.com

ဟယ်ရီရေ...

ရွန်က ငါ့ဆီကို စာရေးလာတယ်။ သူ နင့်ဆီကို ဖုန်းဆက်တာ အန်ကယ် ဗာနွန်နဲ့ တည့်တည့်တိုးတယ်ဆိုတာပေါ့။ နင် အဆူမခံရဘူးလို့ မျှော်လင့်ပါတယ်။ ငါတော့ ကျောင်းပိတ်ရက်အတွင်းမှာ ပြင်သစ်ကို ရောက်နေတယ်။ ဒီစာနဲ့ဒီလက်ဆောင်ကိုတောင် နင့်ဆီ ဘယ်လိုပို့ရမှန်း မသိဘူး။ လမ်းမှာ အကောက်ခွန်က အစစ်အဆေးလုပ်သလား? မလုပ် ဘူးလား? ငါမှမသိတာ...။ နင့် ဇီးကွက်မလေးဟက်ဝစ် ကယ်ပေလို့သာ ပေါ့။ ငါ ဒီလက်ဆောင်ကို ဇီးကွက်အော်ဒါနဲ့ မှာလိုက်တာ။ ဇီးကွက် အော်ဒါဆိုတာ နင်သိတယ်မဟုတ်လား? ပရောဟိတ် နေ့စဉ်သတင်းစာမှာ ကြော်ငြာနေတဲ့ အိမ်တိုင်ရာရောက်ပို့တဲ့ အရောင်းဝန်ဆောင်မှုလုပ်ငန်းလေ။

ဒါနဲ့ ပြီးခဲ့တဲ့အပတ်က ရွန်နဲ့ သူ့မိသားစုအကြောင်းကိုကော ပရောဟိတ် နေ့စဉ်သတင်းစာထဲမှာ တွေ့လိုက်ရသေးလား? သူတို့ အီဂျစ်ရောက်နေကြပြီလေ။ ရွန်တော့ လေ့လာစရာတွေ တစ်ပုံတစ်ခေါင်းကြီး တွေ့နေတော့မှာပဲ။ ငါ တကယ်ပဲ မနာလိုဖြစ်မိတယ်။ ရှေးဟောင်း အီဂျစ်မှော်ပညာရှင်တွေဟာ တကယ်ကို အံ့သြဘနန်း ဂုဏ်ရောင်ထွန်းပြောင်ခဲ့တဲ့ပုဂ္ဂိုလ်တွေပေါ့။

အခု ငါရောက်နေတဲ့ ပြင်သစ်မှာလည်း စုန်းကဝေသမိုင်းနဲ့ ပတ်သက်လို့ စိတ်ဝင်စားစရာ ဒေသခံရာဇဝင်လေးတွေ ရှိတယ်။ အခု ငါထပ်တွေ့လာတဲ့ အချက်အလက်တွေ ထပ်ဖြည့်ပြီး ငါ့ရဲ့ မှော်ပညာသမိုင်း စာစီစာကုံးကို အသစ်တောင် ပြန်ရေးထားပြီးပြီ။ ပရော်ဖက်ဆာဘင်း မှာလိုက်တာထက် ပုရပိုက်နှစ်လိပ်စာလောက် ပိုရှည်သွားတယ်။ သိပ်တော့ မလွန်လွန်းဘူး ထင်ပါတယ်နော်။

ရွန်ကပြောတော့ ကျောင်းပိတ်ရက် နောက်ဆုံးပတ်မှာ လန်ဒန်ကို သူ ပြန်လာမယ်တဲ့။ နင်ကော ဘယ်လိုလဲ။ နင့်ဦးလေးနဲ့ အဒေါ်က လွှတ်မှာလား? နင် လာနိုင်ပါစေလို့ ငါဆုတောင်းပါတယ်။ တကယ်လို့ မလာနိုင်ရင်လည်း စက်တင်ဘာ တစ်ရက်နေ့ကျမှ ဟော့ဝပ် အမြန်ရထားပေါ်မှာ ဆုံကြတာပေါ့။

မေတ္တာဖြင့်
ဟာမီယွန်

စာကြွင်း။ ။ ရွန်က ပြောတော့ သူ့အစ်ကို ပါစီတစ်ယောက် ခေါင်းဆောင် ကျောင်းသားဖြစ်သွားပြီဆိုပဲ။ ပါစီတော့ ပီတိတွေ အဖြာဖြာ

mgyoe.com

*ဖြာနေတော့မှာပဲ။ ရွှန်ကတော့ သူ့အစ်ကိုကို သိပ်ကြည်မှာ မဟုတ်ဘူးဆိုတာ ငါလောင်းရဲတယ်။*

ဟယ်ရီက စာကိုဖတ်ပြီး ရယ်မောလိုက်သည်။ ထို့နောက် ဟာမီယွန်၏ လက်ဆောင်ထုပ်ကို ဖွင့်လိုက်၏။ ပါဆယ်ထုပ်ကြီးက လေးလံလှသည်။ စာကြမ်းပိုးမလေး ဟာမီယွန်၏ ထုံးစံအတိုင်း အထဲတွင် အလွန်ခက်ခဲသော ဂါထာမန္တန်များဖြင့် ပြည့်နေသည့် ကျမ်းစာအုပ်ကြီးတစ်အုပ် ဖြစ်ပေလိမ့်မည်ဟု ဟယ်ရီ တွေးလိုက်၏။ သို့သော် သူ မှားသွားသည်။ ရစ်ပတ်ထားသောစက္ကူကို ခွာချလိုက်သည့်အခါ အနက်ရောင် သားရေအိတ်ငယ်တစ်လုံးကို မြင်ရ၏။ အပေါ်တွင် ငွေရောင်စာတမ်း ရိုက်နှိပ်ထားသည်။

## မှော်တံမြက်စည်းပျံ မွမ်းမံရေးအကူသေတ္တာ

ဟယ်ရီက ဝမ်းသာရွှင်မြူးစွာဖြင့် အော်ဟစ်လိုက်ပြီး အထဲတွင်ပါသော ပစ္စည်းများကို ကြည့်ချင်ဇောဖြင့် ဇစ်ကို အလျင်အမြန် ဆွဲဖွင့်လိုက်သည်။

အထဲတွင်ပါရှိသည်က တံမြက်စည်းတံကိုယ်ထည်နှင့် လက်ကိုင်ကို အရောင်တင်ရန် အဆင်မြင့်ပေါ်လစ်ဆေးဘူး တစ်ဘူး၊ ငွေရောင်တောက်ပနေသော ပုံ့ထိန်းကိရိယာတစ်စုံ၊ ခရီးဝေးသွားလျှင် တပ်ဆင်ရန်အတွက် ကြေးဝါဖြင့်ပြုလုပ်ထားသော သံလိုက်အိမ်မြှောင်တစ်ခုတို့နှင့် တံမြက်စည်းပျံကို မပျက်စီး မယိုယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်နည်း လက်စွဲစာအုပ်တစ်အုပ်တို့ ဖြစ်ကြသည်။

ထိုအရာများအားလုံးသည် ဟယ်ရီ၏ နင်းဘတ်စ် ၂၀၀၀ အမျိုးအစား တံမြက်စည်းပျံအတွက် အမှန်တကယ်လိုအပ်သောအရာများ ဖြစ်ကြသည်။ ဟယ်ရီသည် ကျောင်းတွင် ကွစ်ဒစ်ပြိုင်ပွဲဆုများကို သူ၏ နင်းဘတ်စ် ၂၀၀၀ တံမြက် စည်းပျံဖြင့် အရယူပေးခဲ့ပြီး မဟုတ်ပါလား။ ကွစ်ဒစ်ပြိုင်ပွဲသည် မှော်လောက၏ လူကြိုက်အများဆုံး (အန္တရာယ်ကြီးသလောက် စိတ်လှုပ်ရှားစရာ အကောင်းဆုံး) အားကစားနည်းတစ်ခု ဖြစ်သည်။ ဟယ်ရီ့အဖို့ ဟော့ဝပ်ကျောင်းနှင့်ပတ်သက်ပြီး လွမ်းရမည်ဆိုလျှင် သူငယ်ချင်းများမှလွဲ၍ ကွစ်ဒစ်ကစားခြင်းကိုသာ ပြရပေတော့မည်။

ဟယ်ရီက သားရေသေတ္တာကို ဘေးသို့ချလိုက်ပြီး ဟော့ဝပ်ကျောင်းတံဆိပ်ပါသော အညိုရောင်စက္ကူဖြင့် ထုပ်ထားသည့် ပါဆယ်ထုပ်ကို ကောက်ယူလိုက်သည်။ ထိုလက်ဆောင်ကား ကျောင်းစောင့်ကြီး ဟက်ဂရစ် ထံမှ ပေးလိုက်ခြင်း ဖြစ်သည်။

ဟယ်ရီက ပါဆယ်ထုပ်၏ထိပ်ပိုင်းကို အနည်းငယ်ဖောက်ပြီး အထဲသို့

mgyoe.com

ချောင်းကြည့်လိုက်၏။ အထဲတွင် အစိမ်းရောင်သားရေဖြင့် ပြုလုပ်ထားသော အရာဝတ္ထုလိုလို ဘာလိုလို တစ်စုံတစ်ခု ရှိနေသည်။ ဟယ်ရီက ရစ်ပတ်ထုပ်ပိုးထားသည့် စက္ကူစများအားလုံးကို ခွာချရန် ပြင်နေစဉ်မှာပင် သူ့လက်ထဲမှအထုပ်က ထူးဆန်းစွာဖြင့် တဆတ်ဆတ် တုန်ယင်လာသည်။ ထို့နောက် ထိုအထုပ်က (ပါးစပ်များပါရှိသကဲ့သို့) ဝေါင်းခနဲ တစ်ချက် မြည်ဟိန်းလိုက်ပြီး ဟယ်ရီ့ကို ဆတ်ခနဲ လှမ်းကိုက်လိုက်၏။

ဟယ်ရီ ကြက်သေသေသွားသည်။ ဟက်ဂရစ်အနေဖြင့် အန္တရာယ်ရှိသော ပစ္စည်းကို သူ့ထံသို့ တမင်တကာ ပို့လိမ့်မည်မဟုတ်သည်ကတော့ သေချာသည်။ သို့ရာတွင် ဟက်ဂရစ်လို လူစားအတွက် 'အန္တရာယ်'ဟူသော စကားအဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် အခြားသောလူများနှင့်မတူဘဲ ကွဲလွဲကောင်း ကွဲလွဲနေနိုင်သည်။ အခြားသူများအတွက် အန္တရာယ်ကြီးမားလှသော အဆိပ်ပြင်းသည့် ပင့်ကူကြီးများကို ဟက်ဂရစ် မိတ်ဆွေရင်းချာလို ခင်ချင်ခင်နေတတ်သည်။ ခေါင်းသုံးလုံးနှင့် ခွေးကြီးလို သတ္တဝါမျိုးကိုလည်း အိမ်မွေးတိရစ္ဆာန်လေးလို ဖက်လှဲတကင်း လုပ်ချင်လုပ်နေတတ်သည်။ အရက်ဆိုင်တွင် တွေ့ရသော လူထံမှ နဂါးဥကိုလည်း ချစ်လှချည်ရဲ့လို့ဆိုကာ အိမ်ထဲခေါ်မွေးလိုမွေးသည်။ (ဟယ်ရီပေါ်တာနှင့် မှော်ပြဒါးရှင်လုံး၊ ဟယ်ရီပေါ်တာနှင့် မိစ္ဆာခန်းဆောင်စာအုပ်များတွင် ပြန်လည် ဖတ်ရှုကြည့်ပါရန်)

ဟယ်ရီပေါ်တာက ပါဆယ်ထုပ်ကို တုတ်ဖြင့် အသာထိုးဆွကြည့်လိုက်သည်။ ပါဆယ်ထုပ်က ဝေါင်းခနဲဟိန်းကာ လှမ်းကိုက်ဆွဲပြန်၏။ ဟယ်ရီက စားပွဲတင်မီးအိမ်ကို လှမ်းယူပြီး ကျစ်ကျစ်ပါအောင်ကိုင်ကာ (ပါဆယ်ထုပ်က သူ့ကို အန္တရာယ်ပြုလာလျှင် ထုရိုက်လိုက်ဖို့) အသင့်ရွယ်ထားသည်။ ထို့နောက် ကျန်လက်တစ်ဖက်ဖြင့် ပါဆယ်ထုပ်ကို ဖြေချလိုက်၏။

အထဲမှာ စာအုပ်တစ်အုပ် ထွက်ကျလာသည်။ အစိမ်းရောင်သားရေဖုံးပေါ်တွင် ရွှေရောင်မင်ဖြင့် စာအုပ်အမည်ကို ရိုက်နှိပ်ထားသည်။ စာအုပ်အမည်ကား...

'အန္တရာယ်ပေးတတ်သော သတ္တဝါဆိုးကြီးများအကြောင်း' စာအုပ်ကောင်။

စာအုပ်ကောင် ဟု ခေါ်ရသည့်အကြောင်းကို ချက်ချင်းလိုလိုပင် ဟယ်ရီ သဘောပေါက်သွားသည်။ စာအုပ်ကိုယ်တိုင်က အသက်ဝင်နေသော သတ္တဝါရိုင်းတစ်ကောင်နှင့် တူနေ၏။ ဟယ်ရီ ကြည့်နေခိုက်မှာပင် ခုတင်ဘေးနံရံတစ်လျှောက် ပေါ်သို့ စာအုပ်က ဂဏန်းတစ်ကောင်လို တရွေ့ရွေ့ တွားသွားတက်လာ၏။

"ဩော်..."

ဟု ဟယ်ရီ့နှုတ်မှ ရေရွတ်လိုက်မိသည်။ ထိုစဉ် စာအုပ်က စူးရှကျယ်လောင်စွာ တစ်ချက်အော်လိုက်ပြီးနောက် ခုတင်ပေါ်မှ ဖြုန်းခနဲ ခုန်ဆင်းကာ အခန်းတွင်း၌

mgyoe.com

mgyoe.com


လျှောက်ပြေးနေလေတော့သည်။ ဟယ်ရီက လိုက်စမ်းသော်လည်း မမိ။ စာအုပ်က စားပွဲခုံအောက်ရှိ မှောင်ရိပ်ကျနေသော ထောင့်ချိုးထဲတွင် ဝင်ပုန်းနေသည်။ ဒါစလေ မိသားစုများ မနိုးသွားကြပါစေနှင့်ဟု စိတ်ထဲမှ ကြိတ်၍ ဆုတောင်းရင်း ဟယ်ရီက စားပွဲခုံရှေ့တွင် ဒူးထောက်ကာ စာအုပ်ကို လှမ်းကောက်ယူလိုက်သည်။

"အား"

စာအုပ်က သူ့လက်ကို လှမ်း၍ ကိုက်လိုက်သောကြောင့် အသည်းခိုက်မတတ် နာကျင်သွား၏။ ဟယ်ရီက အနာခံကာ စားပွဲခုံအောက်သို့ တိုးဝင်ပြီး စာအုပ်ပေါ်ကို တစ်ကိုယ်လုံး တက်ဖိထားလိုက်သည်။ တစ်ဖက်ခန်းဆီမှ အန်ကယ်ဗားနွန်၏ ဟောက်သံက မှန်မှန်ထွက်ပေါ်နေဆဲပင်။

ဇီးကွက်နှစ်ကောင်ဖြစ်သော ဟက်ဝစ်နှင့် အယ်ရီတို့ကမူ ဟယ်ရီ၏စာအုပ်ဖမ်းပွဲကို အခန့်သား ထိုင်ကြည့်နေကြ၏။ ဟယ်ရီက အတင်းရုန်းကန်ထွက်နေသော စာအုပ်ကို သူ့လက်မောင်းအောက်တွင် ကျစ်ကျစ်ပါအောင်ညှပ်ကာ ချုပ်ကိုင်ရင်း စားပွဲခုံအောက်မှ ထွက်လာသည်။ ထို့နောက် ဗီရိုဆီသို့ ကမန်းကတန်းပြေးပြီး ခါးပတ်တစ်ချောင်းကို အလျင်အမြန် ဆွဲထုတ်ကာ စာအုပ်ကို ခါးပတ်ဖြင့် တုပ်ထားလိုက်တော့သည်။

စာအုပ်ကောင်ကတော့ ဒေါသတကြီး မာန်ဖီနေဆဲပင်။ သို့ရာတွင် ဒင်းကား လှုပ်လည်း မလှုပ်နိုင်တော့။ ကိုက်လည်း မကိုက်နိုင်တော့ပြီ။ စိတ်ချရပြီဆိုသော အခါတွင်မှ ဟယ်ရီက ဟက်ဂရစ်ရေးလိုက်သော မွေးနေ့ကတ်ပေါ်မှစာကို ကောက်ဖတ်ကြည့်လိုက်၏။

*ခင်မင်ရပါသော ဟယ်ရီ...*

*ပျော်ရွှင်ဖွယ်မွေးနေ့ဖြစ်ပါစေကွာ။*

*အခု ငါပို့လိုက်တဲ့စာအုပ်ဟာ ဒီနှစ် အတန်းတက်တဲ့အခါ မင်းအတွက် အသုံးဝင်လာပါလိမ့်မယ်။ ဒီနေရာမှာတော့ ငါ အကျယ်ချဲ့ပြီး မပြောတော့ဘူး။ လူချင်းဆုံမှပဲ ပြောပြတော့မယ်။*

*မင်း ဦးလေးနဲ့ အဒေါ်က မင်းကို အဆင်ပြေပြေ ဆက်ဆံကြလိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်*

*ဆုမွန်ကောင်းတောင်းလျက်*

*ဟက်ဂရစ်*

စာကိုဖတ်ပြီး ဟယ်ရီ ဦးနှောက်စားသွားသည်။ ကိုက်တတ်သောစာအုပ်တစ်အုပ်သည် အသုံးဝင်လာလိမ့်မည်ဟု ဟက်ဂရစ်က ဘာကြောင့်များ ပြောနိုင်သည်မသိ။ သို့ရာတွင် သူသည် ဟက်ဂရစ်၏ မွေးနေ့လက်ဆောင်ကတ်ကို ရွှန်နှင့်

mgyoe.com

ဟာမီယွန်တို့၏ဘေးတွင် ထားလိုက်သည်။ ယခု သူ နောက်ဆုံးဖတ်စရာ ဟူ၍ ဟော့ဝပ်ကျောင်းမှ ပို့လိုက်သော စာတစ်စောင်သာလျှင် ကျန်တော့သည်။

စာသည် ခါတိုင်းနှစ်များက ပေးပို့နေကျထက် ပို၍ ထူထဲနေသည်ကို ဟယ်ရီ သတိထားမိလိုက်သည်။ ဟယ်ရီက စာအိတ်ကို ဖွင့်လိုက်ပြီး ပုရပိုက်၏ ပထမဦးဆုံး စာမျက်နှာကို ဖတ်ကြည့်လိုက်သည်။

*ခင်မင်ရပါသော မစ္စတာပေါ်တာ*

*လာမည့်စာသင်နှစ်သည် စက်တင်ဘာလ တစ်ရက်နေ့တွင် စတင်ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။ ဟော့ဝပ် အထူးအမြန်ရထားသည် ကင်းခရော့စ်ဘူတာရုံ ပလက်ဖောင်း အမှတ် ၉¾ မှနေ၍ နေ့လယ် ဆယ့်တစ်နာရီတိတိတွင် ထွက်ခွာပါမည်။*

*တတိယနှစ် ကျောင်းသားများအနေဖြင့် သတ်မှတ်ထားသော စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် ဟော့မိဒ်ကျေးရွာသို့ အလည်အပတ်သွားရောက်နိုင်ရန် ကျောင်းကခွင့်ပြုထားပါသည်။ သို့ရာတွင် ထိုသို့ သွားနိုင်ရန် သင့် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်လည်း လိုအပ်ပါသည်။ ထို့ကြောင့် ပူးတွဲပါရှိသော ချိတ်ပိတ်ထားသည့် ခွင့်ပြုလွှာပုံစံကို သင့်မိဘ သို့မဟုတ် အုပ်ထိန်းသူအား လက်မှတ်ထိုးနိုင်ရန် ပေးလိုက်ပါ။*

*လာမည့်နှစ်အတွက် လိုအပ်သော စာအုပ်စာရင်းကို စာအုပ်ထဲတွင် ပူးတွဲထည့်သွင်းပေးလိုက်သည်။*

*သင်၏*

*ပရော်ဖက်ဆာ မက်ဂွန်နာဂေါ*

*လက်ထောက်ကျောင်းအုပ်ကြီး*

ဟယ်ရီက အလည်အပတ်သွားခွင့်ပြုသည့် မိဘအုပ်ထိန်းသူ၏ သဘောတူခွင့်ပြုချက်ပုံစံစာရွက်ကို ဆွဲထုတ်လိုက်သည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ဟော့မိဒ်ကျေးရွာသို့ သွားလည်ခွင့်ရမည့်ကိစ္စမှာ ရင်သပ်ရှုမောဖွယ် မဟာအခွင့်အရေးကြီးတစ်ရပ် ဖြစ်တော့သည်။ ထိုရွာသည် ထူးဆန်းအံ့သြဖွယ် မှော်ပညာရှင်များ၊ မှော်ပစ္စည်းအရောင်းဆိုင်များဖြင့် လှေလာ၍ မကုန်နိုင်လောက်အောင် ပြည့်နှက်နေသော ပျော်စရာကောင်းသည့် နေရာတစ်ခု ဖြစ်လေသည်။ ထိုဒေသ၊ ထိုအသိုင်းအဝိုင်းသို့ သူတစ်ခါမျှ မရောက်ဖူးသောကြောင့် အလွန်သွားချင်လှသည်။ သို့ရာတွင် မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်လက်မှတ်ထိုးပေးဖို့ အန်ကယ်ဗားနွန်နှင့် အန်တီပက်ကျူးနီးယားတို့ ဘယ်လိုနည်းမျိုးဖြင့် ဖျောင်းဖျ၍ ရနိုင်မည်နည်း။

mgyoe.com

mgyoe.com

သူ နာရီကို လှမ်းကြည့်လိုက်သည်။ သန်းခေါင်ကျော်ပြီး၍ နှစ်နာရီထိုးနေလေပြီ။

ဟော့မိဒ်ကျေးရွာသို့ သွားရမည့်ကိစ္စကို အိပ်ရာကနိုးတော့မှပဲ ဆက်စဉ်းစားတော့မည်ဟု ဆုံးဖြတ်ရင်း ဟယ်ရီ အိပ်ရာပေါ်သို့ လှဲချလိုက်သည်။ စိတ်ထဲတွင်တော့ ဟော့ဝပ်ကျောင်းသို့ ပြန်သွားရန် တစ်စစ နီးကပ်လာပြီဖြစ်သော နေ့ရက်များကို လက်ချိုးရင်း ရေတွက်နေမိသည်။ ထို့နောက် သူက မျက်မှန်ကိုချွတ်ပြီး စားပွဲပေါ်တွင် တင်ထားလိုက်သည်။ သူ့မျက်လုံးတွေကတော့ မွေးနေ့လက်ဆောင်ကတ်သုံးခုကို ကြည့်လျက်...။

သူ အရမ်းပျော်နေသည်။ လက်ရှိတစ်ခဏတွင် သူ့ကိုယ်သူ လူချင်းတူတူ သူချင်းမျှမျှ ပီပီသသ ခံစားနေရ၏။ သူ့မွေးနေ့ကို လူလိုသူလို အသိအမှတ်ပြုခံရသည်မှာ သူ့ဘဝတွင် ဒီကနေ့သည် ပထမဦးဆုံးအကြိမ် ဖြစ်လေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၂)

## ပြဿနာရှာသောညော့သည်

mgyoe.com

mgyoe.com

နောက်တစ်နေ့မနက်တွင် ဟယ်ရီက မနက်စာစားရန် အောက်ထပ်သို့ဆင်းခဲ့သည်။ ထမင်းစားစားပွဲတွင် ဒါစလေမိသားစု သုံးယောက်စလုံး ထိုင်နေကြသည်ကို တွေ့ရ၏။ သူတို့သည် အသစ်စက်စက်ဝယ်ထားသော တယ်လီဗေးရှင်းကို ကြည့်နေကြလေသည်။ ထိုတယ်လီဗေးရှင်းအသစ်မှာ ကျောင်းပိတ်ရက် အိမ်သို့ပြန်လာသော ဒတ်ဒလေအတွက် လက်ဆောင်အဖြစ် အထူးဝယ်ထားခြင်း ဖြစ်လေသည်။ ဒတ်ဒလေက သူ၏ ဝက်တစ်ကောင်နှင့်တူသော မျက်လုံးများကို တယ်လီဗေးရှင်း ဖန်သားပြင်ပေါ်မှ မခွာတမ်းကြည့်နေ၏။ ပါးစပ်ထဲတွင်လည်း အစားအသောက်များကို ပလုတ်ပလောင်း စားနေသောကြောင့် ငါးထပ်မျှရှိနေပြီဖြစ်သော သူ၏မေးစေ့က တရွရွ လှုပ်ရှားနေ၏။

ဟယ်ရီ ဝင်လာသည်ကို မည်သူကမျှ အသိအမှတ်မပြုကြပေ။ ဟယ်ရီ့အတွက် မွေးနေ့ဆုတောင်းစကားပြောဖို့ဆိုသည်ကတော့ ဝေလာဝေးပင်။ ဟယ်ရီက သူ့ဘာသာသူ ပေါင်မုန့်တစ်ချပ်ယူပြီး စားပွဲတွင် ဝင်ထိုင်လိုက်ရင်း တီဗွီကို လှမ်း ကြည့်လိုက်သည်။ တီဗွီတွင် သတင်းကြေညာသူက ထောင်ဖောက်သူ လူဆိုး တစ်ယောက်၏ အကြောင်း ကြေညာနေ၏။ ထိုသူ၏အမည်ကား ဘလက်ဟု သိရသည်။

"အဲဒီ ဘလက်ဆိုတဲ့လူဟာ အင်မတန်ကြောက်ဖို့ကောင်းတဲ့ လူဆိုးတစ်ယောက်ဖြစ်ပြီး လက်နက်ကိုင်ဆောင်ထားခြင်းလည်း ရှိလိမ့်မည်ဟု ယုံကြည်ရကြောင်း ပြည်သူလူထုကို တပ်လှန့်သတိပေးထားပါတယ်။ သက်ဆိုင်ရာနဲ့ တိုက်ရိုက်ဆက်သွယ်လို့ရတဲ့ အထူးအရေးပေါ် တယ်လီဖုန်းလိုင်းကို ဖွင့်ထားမှာဖြစ်ပြီး ဘလက်ကို တစ်နေရာရာမှ တွေ့မြင်မိပါက ချက်ချင်းအကြောင်းကြားဖို့ မေတ္တာရပ်ခံထားပါတယ်။"

mgyoe.com

အန်ကယ်ဗာနွန်က နှာခေါင်းကို ရှုံ့လိုက်ရင်း သတင်းစာတွင် ပါရှိသည့် ထောင်ဖောက်ပြေးသူ အကျဉ်းသား၏ ရုပ်ပုံကိုလှမ်းကြည့်ရင်း...

"ဒီလိုကောင်စားမျိုးဟာ လူကောင်းသူကောင်း မဟုတ်ဘူးဆိုတာ ပြောနေစရာတောင် မလိုပါဘူးကွာ၊ ကြည့်ပါလား...ရုပ်ကိုက တစ်စက်မှ ကျက်သရေမရှိတာ။ ကြည့်စမ်း...ဆံပင်တွေကိုက ဖြစ်နေလိုက်တာ"

ထိုသို့ပြောရင်းနှင့် အန်ကယ်ဗာနွန်က ဟာယ်ရီ့ဘက်သို့ တစ်ချက်စွေကြည့်လိုက်သည်။ ဟာယ်ရီ့ဆံပင်တွေကလည်း ဖရိုဖရဲဖြစ်နေလေရာ သူ့စကားအရဆိုလျှင် ဟာယ်ရီသည်လည်း 'ကောင်းတဲ့ကောင်စား'မဟုတ်သလိုလို ဘာလိုလိုဖြစ်နေ၏။ ဟာယ်ရီ စိတ်ညစ်သွားသည်။ သူ့ရုပ်ကိုသူ တီဗွီဖန်သားပြင်ပေါ်တွင် ပေါ်နေသည့် ဘလက်ဆိုသောလူ၏မျက်နှာနှင့် ယှဉ်ကြည့်နေမိ၏။ ထိုသူ၏ အသွင်သဏ္ဌာန်ကား အစာရေစာ ငတ်မွတ်နေသူတစ်ယောက်လို ပိန်ပိန်သွယ်သွယ်မျက်နှာနှင့် ရှုပ်ထွေးထူထပ်စွာ ပေါက်ရောက်နေသော မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကလည်း မွဲခြောက်ခြောက်၊ ကြည့်ရသည်မှာ တစ်ချက်မျှ စိတ်သက်သာစရာမရှိ။

သတင်းကြေညာသူ၏ ရုပ်ပုံက ပြန်ပေါ်လာပြန်သည်။

"မစ္ဆပေဒနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနက ယနေ့ ထုတ်ပြန်လိုက်တဲ့ကြေညာချက်မှာ..."

ထိုစဉ် အန်ကယ်ဗာနွန်က စိတ်မရှည်တော့ဘဲ စူးစူးဝါးဝါး အော်လိုက်၏။

"ဟေ့ကောင်...စောစောက သတင်းကို ဆက်ပြောလေကွာ၊ မင်းပြောတဲ့အရူးက ဘယ်အရူးထောင်ကနေ လွတ်လာတာလဲ။ ထို့...ဒီအတိုင်းဆို မင်းတို့ဟာက ဘာသောက်သုံးကျသေးလို့လဲ"

အန်ကယ်ဗာနွန်၏ ဇနီးဖြစ်သူ အန်တီပက်ကျူးနီးယားကား အရိုးပေါ်အရေတင်နေသည့် ကိုယ်နေဟန်ထားနှင့် မြင်းတစ်ကောင်၏ မျက်နှာမျိုးရှိသူဖြစ်လေသည်။ သူမက မီးဖိုချောင်ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ စိတ်အားထက်သန်စွာဖြင့် ချောင်းမြောင်းကြည့်ရှုနေ၏။ ယခုနေများ အိမ်ပြင်ဘက်တွင် ဘလက်ကို တွေ့လိုက်ရလျှင် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် တယ်လီဖုန်း ပြေးဆက်မည့် မိန်းမကြီးမျိုး ဖြစ်လေသည်။ သူမသည် ဇမ္ဗူဒီပါလကျာတောင်ကျွန်းတွင် ဗျစ်တောက်ဗျစ်တောက် အပြောတတ်ဆုံး မိန်းမကြီးဖြစ်ပြီး သူမဘဝ၏ အချိန်အများစုကို အိမ်နီးနားချင်းများအကြား ချောင်းမြောင်းစပ်စုခြင်းအားဖြင့် အချိန်ဖြုန်းနေသူတစ်ယောက်လည်း ဖြစ်လေသည်။

အန်ကယ်ဗာနွန်က ထမင်းစားစားပွဲကို သူ၏ ကြီးမားလှသော လက်သီး

mgoe.com

mgyoe.com

ဆုပ်ကြီးဖြင့် ဒုန်းခနဲမြည်အောင် ထုလိုက်ရင်း...

"ဒီလို လူဆိုးလူမိုက်တွေကို ဘာလို့ အလုပ်ရှုပ်ခံပြီး ထောင်ထဲထည့်ထားမှာလဲ။ တစ်ခါတည်း ကြိုးပေးသတ်လိုက်ရင် ပြီးတဲ့ဟာကို...ဒါကို တာဝန်ရှိတဲ့ လူတွေ ဘယ်အချိန်ကျမှ သဘောပေါက်မှာပါလိမ့်"

"မောင်ပြောတာ သိပ်မှန်တာပဲ"

ဟု အန်တီပက်ကျူးနီးယားက သူ့ယောက်ျားဘက်မှ ခြေစုံပစ်၍ ထောက်ခံလိုက်၏။ သူမ၏ မျက်လုံးများကမူ တစ်ဖက်အိမ်တံခါးဝဆီသို့ စွေစောင်းချောင်းကြည့်နေဆဲပင် ရှိသေးသည်။

အန်ကယ်ဗာနွန်က လက်ဖက်ရည်ခွက်ကို တစ်ကျိုက်တည်းနှင့် အကုန်မော့ချလိုက်ပြီး လက်မှနာရီကိုကြည့်လိုက်ရင်း...

"ပက်ကျူးနီးယားရေ...ကိုယ်တော့ သွားမှဖြစ်တော့မယ်ဟေ့၊ မာဂီ စီးလာတဲ့ရထားက နောက် ၁၀ မိနစ်ဆို ဆိုက်တော့မှာ"

ထိုစကားသံကြောင့် တံမြက်စည်းပျံ မွမ်းမံရေးပစ္စည်းများအကြောင်း တွေးရင်း စိတ်ကူးနေသည့် ဟယ်ရီ၏အာရုံသည် ကောင်းကင်ပေါ်မှ မြေကြီးပေါ်သို့ ဖုတ်ခနဲ ပြန်ပြုတ်ကျလာ၏။

ဟယ်ရီက အလန့်တကြားဖြင့် မေးလိုက်သည်။

"အန်တီ မာဂီ...ဟုတ်လား? သူ...သူ...ဒီအိမ်ကိုတော့ မလာပါဘူးနော်။ ဟုတ်လားဟင်"

အန်တီမာဂီသည် အန်ကယ်ဗာနွန်၏အစ်မ ဖြစ်သည်။ ထို့ကြောင့် ဟယ်ရီနှင့် သွေးသားရင်းချာ မတော်စပ်ပေ။ (ဟယ်ရီ့အမေက အန်တီပက်ကျူးနီးယား၏ ညီမသာ ဖြစ်သည်။)

အန်တီမာဂီက ကျေးလက်ဒေသတွင် ကျယ်ဝန်းသောဥယျာဉ်ခြံတစ်ခုနှင့် အိမ်တစ်လုံးတွင် နေထိုင်ပြီး ခွေးဘီလူးကြီးများ မွေးထားသည်။ သူမသည် များသောအားဖြင့် ပရိဗက်ဒရိုက်လမ်းကအိမ်တွင် လာရောက်နေထိုင်လေ့မရှိပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ မြတ်နိုးလှစွာသော ခွေးများကို မခွဲနိုင်မခွာရက်သောကြောင့် ဖြစ်၏။ သို့သော် သူလာပြီဆိုလျှင်လည်း တစ်ခါဆို ဆိုသလောက် ဟယ်ရီကို ကြောက်စရာကောင်းလောက်အောင် ဒုက္ခပေးတတ်၏။

အန်ကယ်ဗာနွန်က...

"အေး...ဟုတ်တယ်။ မာဂီလာမှာ။ သူ ဒီမှာ တစ်ပတ်လောက်ကြာအောင် နေလိမ့်မယ်၊ အခု ငါ သူ့ကိုသွားမခေါ်ခင်မှာ မင်းကို ကြိုပြီး သတိပေးစရာရှိတာ ပေးခဲ့ရဦးမယ်"

mgyoe.com

အန်ကယ်ဗာနွန်က သူ၏လက်ညှိုးတုတ်တုတ်ကြီးများဖြင့် ဟာယ်ရီ့ မျက်နှာကို ငေါက်ငေါက်ထိုးကာ ပြောဆိုလိုက်လေသည်။ သူ့အသံကြောင့် ဒတ်ဒလေသည်ပင် တယ်လီဗေးရှင်း ကြည့်နေရာမှ မျက်လုံးကိုခွာပြီး သူ့အဖေနှင့် ဟာယ်ရီ့ကို လှမ်းကြည့်၏။ ဟာယ်ရီ့ကို သူ့အဖေက ကြိမ်းမောင်းနေသည့်မြင်ကွင်းသည် ဒတ်ဒလေအဖို့ အနှစ်သက်ဆုံး ဖျော်ဖြေမှု ပွဲလမ်းသဘင်တစ်ခု ဖြစ်လေသည်။

အန်ကယ်ဗာနွန်က ဝမ်းခေါင်းသံကြီးဖြင့်...

"ပထမအချက်အနေနဲ့ ငါ သတိပေးချင်တာက မင်း မာဂ့်ကို စကားပြောတဲ့ အခါ ရိုရိုသေသေ လေးလေးစားစား ပြောရမယ် ကြားလား"

"ဟုတ်ကဲ့"

ဟု ဟာယ်ရီက ခါးသီးစွာ ပြောလိုက်၏။ ပြီးမှ...

"သူကလည်း ကျွန်တော့်ကို စကားပြောတဲ့အခါ လူကြီးလူကောင်းလို ပြောမယ်ဆိုရင်ပေါ့လေ"

ဟု ခပ်တိုးတိုး ဆက်ပြောလိုက်၏။ အန်ကယ်ဗာနွန်က ထိုစကားများကို မကြားလိုက်ဟန်ဖြင့် သူပြောချင်သည်ကိုသာ ဆက်ပြောနေသည်။

"ဒုတိယအချက်...မင်းဟာ ဟိုဒင်းဟိုဟာဖြစ်တယ်ဆိုတဲ့အကြောင်း ငါ့အစ်မ ဘာမှသိမထားသေးဘူး။ ဒီတော့ သူဒီမှာရှိနေတုန်း မင်းရဲ့ ရူးကြောင်ကြောင် ကိစ္စတွေ ဘာတစ်ခုမှ မလုပ်ဖို့ သတိထားပါ...ရှင်းလား"

"ကောင်းပါပြီ။ သူ့ဘက်ကလည်း သိတတ်မယ်ဆိုရင်ပေါ့လေ"

"ပြီးတော့ တတိယအချက်က မာဂ့်ကို ငါတို့ပြောထားတာတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ မင်းကို စိန်ဘရူးတပ်စ်မှာ ဖွင့်ထားတဲ့ ဆိုးသွမ်းလူငယ် ကလေးများကျောင်းမှာ ပို့ထားတယ်ဆိုတဲ့အချက်ပဲ"

"ဘာ"

ဟာယ်ရီ အရမ်းပေါက်ကွဲသွား၏။ အန်ကယ်ဗာနွန်ကတော့ လုံးဝ ဂရုစိုက် ဖော်မရဘဲ သူပြောချင်သည်ကိုသာ ဆက်ပြောနေသည်။

"အေး...မင်းကလည်း ငါတို့ပြောထားတဲ့ ဇာတ်လမ်းနဲ့ အချိတ်အဆက် ကိုက်ညီမှုဖြစ်မယ်။ နားလည်လား။ ဒီလိုမှမဟုတ်ရင် မင်း ဒုက္ခလှလှကြီးတွေ့ပြီ သာ မှတ်ပေတော့"

ဟာယ်ရီ့မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်လျက် အန်ကယ်ဗာနွန့်ကို ဒေါသဖြင့် စိုက်ကြည့်နေမိ၏။ တစ်ပတ်တာကာလမျှ အန်တီမာဂီ ခရီးရက်ရှည် လာရောက်လည်ပတ်ခြင်းသည် သူ့အတွက် ဒါစလေမိသားစုက ပေးလိုက်သော အဆိုးရွားဆုံး မွေးနေ့လက်ဆောင်ပင် ဖြစ်လေတော့သည်။

mgyoe.com

mgyoe.com

အန်ကယ်ဗာနွန်က သူ့ဇနီးနှင့် ကလေးဘက်သို့ လှည့်ပြီး...

"ကဲ...ပက်ကျူးနီးယားရေ။ ကိုယ်တော့ ဘူတာကိုသွားပြီ။ ဟော့... သားသားလေးကော ဖေဖေနဲ့ ကားလိုက်စီးဦးမလား"

"ဟင့်အင်း"

ဝတုတ်ပြဲလေး ဒတ်ဒလေက ငြင်းလိုက်သည်။ သူ့အဖေက ဟယ်ရီ့ကို ကြိမ်းမောင်းသော ဖျော်ဖြေတင်ဆက်မှု အစီအစဉ်က ပြီးဆုံးသွားပြီဖြစ်သဖြင့် ဒတ်ဒလေ၏ အာရုံက တီဗွီဆီသို့ ပြန်ရောက်သွားပြီ ဖြစ်သည်။

ထိုအခိုက်အတန့်မှာပင် ဟယ်ရီက သူ့အတွက် အရေးကြီးဆုံး အချက်တစ်ချက်ကို သတိရလိုက်သောကြောင့် စားလက်စပေါင်မုန့်ကို ပစ်ချခဲ့ပြီး အန်ကယ်ဗာနွန်ရှိရာ အိမ်ရှေ့တံခါးဝဆီသို့ ကမန်းကတန်း ထလိုက်လာခဲ့သည်။ အန်ကယ်ဗာနွန်က...

"ငါ့သားကို ငါခေါ်တာကွ၊ မင်းကိုခေါ်တာ မဟုတ်ဘူး"

ဟယ်ရီက...

"ကျွန်တော် အန်ကယ့်ကို ပြောစရာတစ်ခုရှိလို့ပါ"

အန်ကယ်ဗာနွန်က ဟယ်ရီ့ကို သံသယကြည့်ဖြင့် ကြည့်လိုက်၏။ ဟယ်ရီက...

"ကျွန်တော်တို့ ဟော့....အဲ....ကျွန်တော်တို့ကျောင်းမှာ တတိယနှစ်ကျောင်းသားတွေကို ရွာကို အလည်အပတ် သွားခွင့်ပြုထားတယ်"

"အဲဒီတော့ ဘာဖြစ်သလဲ"

ဟု အန်ကယ်ဗာနွန်က ကားသော့ကို ထုတ်ယူရင်း ပြန်မေး၏။ ဟယ်ရီက...

"အဲဒီလိုသွားဖို့အတွက် ဦးလေးရဲ့ ခွင့်ပြုလက်မှတ်လိုပါတယ်"

"ဘာကိစ္စနဲ့ ငါက လက်မှတ်ထိုးပေးရမှာလဲ"

ဟု အန်ကယ်ဗာနွန်က ပြန်ဟောက်၏။ ဟယ်ရီက...

"ဩော်...မထိုးပေးဘူးလား။ ရတယ်လေ...ဒီလိုဆိုရင်လည်း အန်တီမာဂီလာတဲ့အခါ ကျွန်တော်ဟာ စိန့်အာပလာဆိုတဲ့ကျောင်းမှာ တက်နေတယ်ဆိုတဲ့ ကိစ္စကို ဟန်ဆောင်ဖို့ ပြန်စဉ်းစားရလိမ့်မယ်"

"စိန့်ဘရူးတပ်စ်ကျောင်းပါကွ။ ဆိုးသွမ်းလူငယ်တွေအတွက် ဖွင့်ထားတဲ့ စိန့်ဘရူးတပ်စ် ထိန်းသိမ်းလေ့ကျင့်ရေးကျောင်း"

ဟု အန်ကယ်ဗာနွန်က ရှူးရှူးရှားရှား ပြန်ပြော၍ အန်ကယ်ဗာနွန်၏ လေသံထဲတွင် စိုးရိမ်ပူပန်သည့် အရိပ်အငွေ့များကို ကြားလိုက်ရသောကြောင့် ဟယ်ရီ ကျေနပ်သွား၏။ ထို့ကြောင့် ဟယ်ရီက ဆက်၍...

mgyoe.com

mgyoe.com

"ကျောင်းနာမည်ကလည်းဗျာ...အရှည်ကြီးပဲ။ မှတ်ရတော်တော်ခက်တာပဲ။ ဒါပေမယ့် ကျွန်တော်ပြောတဲ့ကိစ္စလေးကို အန်ကယ်ဘက်က လိုက်လျောမယ်ဆိုရင်တော့ အဲဒီကျောင်းနာမည်ကို ကျွန်တော် မှတ်မိသွားမှာ သေချာပါတယ်"

အန်ကယ်ဗာနွန်၏ လည်ပင်းမှသွေးပြန်ကြောကြီးက ဒေါသဖြင့် တဆတ်ဆတ် ခုန်နေ၏။ သူက နောက်ဆုံးတွင်...

"ကောင်းပြီလေ...မာဂီ ဒီမှာရှိနေတဲ့ အတောအတွင်း မင်းရဲ့ အပြုအမူကို ငါ စောင့်ကြည့်ရဦးမှာပေ့ါ။ နောက်ဆုံး မာဂီ ပြန်ခါနီးအထိ မင်းဘက်က သေသေသပ်သပ်နေမယ်ဆိုရင်တော့ မင်းရဲ့ သောက်သုံးမကျတဲ့ ခွင့်ပြုပုံစံမှာ ငါလက်မှတ်ထိုးပေးရမှာပေ့ါ"

ဟု ပြောပြီး ချာခနဲ လှည့်ထွက်ကာ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်သွား၏။

ဟယ်ရီက မီးဖိုခန်းအတွင်းသို့ ပြန်မဝင်တော့။ သူ့အခန်းရှိရာ အပေါ်ထပ်ဆီသို့ တက်ခဲ့သည်။ သူ့အနေဖြင့် ဘာမှော်ပညာမှ မတတ်သော ရိုးရိုးလူသားတစ်ယောက်သဖွယ် ဟန်ဆောင်ရမည်ဆိုပါက ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ထားဖို့ရန် လိုအပ်ပေလိမ့်မည်။

အခန်းထဲသို့ရောက်သောအခါ သူက မွေးနေ့လက်ဆောင်များနှင့် ကတ်ပြားများကို ဝမ်းနည်းကြေကွဲစွာဖြင့် ကောက်သိမ်းသည်။ အိမ်စာလေ့ကျင့်ခန်းများနှင့်အတူ ဗီရိုကြမ်းခင်းအောက်တွင် ဝှက်ထားလိုက်သည်။ ထို့နောက် သူက ဇီးကွက်လှောင်အိမ်ဆီသို့ သွားလိုက်၏။ အယ်ရိုမှာ ပြန်လည် ကျန်းမာနေသည့်ပုံပေါ်သည်။ အယ်ရိုရော ဟက်ဝစ်ပါ နှစ်ကောင်စလုံးသည် သူတို့၏ဦးခေါင်းများကို တောင်ပံများကြားထဲတွင် ဝှက်ရင်း အိပ်ပျော်နေကြ၏။ ဟယ်ရီက သက်ပြင်းတစ်ချက်ချလိုက်ပြီး သူတို့နှစ်ကောင်စလုံးကို လက်ဖြင့်ပုတ်ကာ နှိုးလိုက်၏။ ထို့နောက် သူက ကြေကွဲဝမ်းနည်းသည့်လေသံဖြင့်...

"ဟက်ဝစ်...မင်း တစ်ပတ်လောက် ဒီအိမ်ကနေ ရှောင်နေမှ ကောင်းမယ်ထင်တယ်။ အယ်ရိုနဲ့ အတူလိုက်သွားပါ။ ရွန်တို့မိသားစုက မင်းကို ကျွေးမွေးစောင့်ရှောက်ပါလိမ့်မယ်ကွာ။ ငါ ရွန့်ကို အကျိုးအကြောင်းရှင်းပြဖို့ စာတိုကလေးတစ်စောင် ရေးထည့်ပေးလိုက်ပါ့မယ်။ ငါ့ကို ဒီလိုမျိုးမကြည့်ပါနဲ့ ဟက်ဝစ်ရယ်။ ဒါ ငါ့အမှားမဟုတ်ဘူး။ ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတော့လို့ပါ"

နောက်ဆယ်မိနစ်ခန့်အကြာတွင် ဟက်ဝစ်သည် ရွန်အတွက် ဟယ်ရီ ရေးပေးလိုက်သောစာကို ခြေထောက်တွင် ချည်နှောင်လျက် အယ်ရိုနှင့်အတူ ပျံသန်းပျောက်ကွယ်သွားတော့သည်။ ဟယ်ရီက ဗလာဟင်းလင်းဖြစ်နေသော လှောင်အိမ်ကို အဝတ်ဗီရိုထဲတွင် ထည့်ဝှက်ရင်း စိတ်မချမ်းမြေ့စွာ ခံစားနေရ၏။

mgyoe.com

 mgyoe.com


သို့သော် သူ့အတွက် ကြေကွဲရန် အချိန်များများစားစား မရလိုက်။ အန်တီပက်ကျူးနီးယားက ဟယ်ရီ့ကို အောက်ထပ်သို့ဆင်းလာပြီး သူတို့၏ ဂုဏ်ထူးဆောင် ဧည့်သည်တော်ကြီးကို ခရီးဦးကြိုဆိုနိုင်ရန် အဆင်သင့်ပြင်ခိုင်းလေတော့သည်။

"ဟဲ့...နင့်ဆံပင်တွေကို နည်းနည်းပါးပါး ဖြီးပါဦးတော့လား"

ဟု အန်တီပက်ကျူးနီးယားက ဖိုးခနဲ ဖတ်ခနဲ ပြောလိုက်၏။

ဟယ်ရီကတော့ သူ့ဆံပင်တွေကို ပိပိပြားပြားဖြစ်အောင် လုပ်ထားဖို့ရာ ဘာအကြောင်းမှမမြင်ပေ။ အန်တီမာဂီဟူသော မိန်းမကြီးသည် ဟယ်ရီ့ကို အပြစ်ရှာရမည်ဆိုလျှင် ထိပ်ဆုံးကနေ၍ ပျော်နေတတ်သော မိန်းမကြီးမျိုးဖြစ်သည်။ ထို့ကြောင့် သူ့ပုံစံက မသပ်မရပ် ပိုဖြစ်လေလေ အပြစ်ရှာစရာ များများတွေ့ရသည့်အတွက် အန်တီမာဂီတစ်ယောက် ဝမ်းမြောက်လေလေ ဖြစ်မည်မှာ သေချာ၏။

မကြာခင်မှာပဲ ခြံထဲသို့ ကားဝင်သံကြားရသည်။ အန်တီပက်ကျူးနီးယားက ဟယ်ရီ့ နားရွက်အနီးသို့ကပ်ပြီး တိုးတိုးလေးပြောသည်။

"ဟဲ့...တံခါးသွားဖွင့်ပေးလိုက်လေ"

အိမ်တံခါးရှေ့တွင် အန်တီမာဂီ ရပ်နေသည်။ သူမသည် မောင်ဖြစ်သူ အန်ကယ်ဗာနွန်နှင့် တစ်ပုံစံတည်းပင်။ လူကောင်ကထွားထွား။ အသားတွေက နွားတစ်ကောင်လို ဆူဖြိုးလျက် ညိုပုပ်ပုပ်မျက်နှာကြီးတွေနှင့် ဖြစ်ကြ၏။ သူမတွင် နှုတ်ခမ်းမွေးပင် ပေါက်နေလိုက်သေးသည်။ သူ့အစ်ကို ဗာနွန်လို နှုတ်ခမ်းမွေး ထူလပျစ်ကြီး မဟုတ်ရုံတမယ်သာ ကွာခြား၏။

အန်တီမာဂီက လက်တစ်ဖက်တွင် ကြီးမားလှသော အဝတ်အစားသေတ္တာ အိတ်ကြီးတစ်လုံးကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်တွင်ကား သဘောမနော ဆိုးယုတ်ပုံရသည့် ခွေးဘီလူးတစ်ကောင်ကို တင်းတင်းပွေ့ဖက်ထား၏။

အန်တီမာဂီက အိမ်ထဲကို ဝင်ဝင်ချင်း...

"ဘယ်မှာလဲ...ငါ့တူလေး...ဒတ်ဒါ ဘယ်မှာလဲ။ တူလေးရေ...ဒေါ်ဒေါ့်ချစ်သဲလေးရေ"

ဒတ်ဒလေကလည်း အိပ္ပဲအိပ္ပဲနှင့် ပြေးထွက်လာသည်။ သူ၏ ဆံပင်များက နဖူးပြောင်ပြောင်ပေါ်တွင် ကော်ဖြင့်ကပ်ထားသလို ပိပြားနေကြ၏။ ဆူဖြိုးလှသော မေးစေ့အထပ်ထပ်အောက်မှ လိပ်ပြာပုံလည်စီးလေးသည် မြင်ရသည် ဆိုရုံမျှသာ ပေါ်လွင်နေ၏။ အန်တီမာဂီက သူ၏အဝတ်အစားသေတ္တာကို ဟယ်ရီ့ ဝမ်းဗိုက်ဆီသို့ တည့်တည့်တွန်းပစ်ပေးလိုက်သည်။ အပြေးကလေးဝင်လာသော ဒတ်ဒလေကို ပွေ့ဖက်ဆီးကြိုလိုက်၏။ ထို့နောက် ဒတ်ဒလေ၏ ပါးပြင်ကို တဝကြီး နမ်းရှိုက်

mgyoe.com

m g

မွေးကြိုလိုက်လေသည်။

ဒတ်ဒလေကား သူ့အဒေါ်၏ အချစ်တုံးကလေးပုံစံ အပီအပြင် သရုပ်ဆောင်ပြနေသည်။ ထိုသို့ သရုပ်ဆောင်ရသည်မှာ တန်ပါသည်ဟု ဟယ်ရီ တွေးလိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် ချစ်လှစွာသော ဒေါ်ဒေါ်နှင့် ချစ်လှစွာသော တူကလေးတို့ ပွေ့ဖက်ထားရာမှ ခွဲခွာလိုက်သောအခါ ချစ်တူလေး ဒတ်ဒလေ၏ ဝဝကစ်ကစ် လက်သီးဆုပ်ထဲတွင် ပေါင် ၂၀ တန် ငွေစက္ကူတစ်ရွက်ပါသွားသော ကြောင့် ဖြစ်သည်။

အန်တီမာဂျိက ရပ်နေသော ဟယ်ရီ့နံဘေးမှ ဖြတ်လျှောက်သွားရင်း...

"ဟော့...ပက်ကျူးနီးယား"

ဟု အော်ဟစ်နှုတ်ဆက်ကာ သမီးယောက်မချင်း ပွေ့ကြဖက်ကြ နမ်းရှုပ်ရင်း အလွမ်းသယ်ကြပြန်တော့သည်။

အန်ကယ်ဗာနွန်က တံခါးကိုပိတ်လိုက်ပြီးနောက် ပီတိပြုံးတဝေဝေဖြင့် အခန်းထဲဝင်လာရင်း...

"ဘယ်လိုလဲ မာဂျိ၊ လက်ဖက်ရည်ပဲ သောက်မှာလား? ရစ်ပါအတွက်ကော ဘာကျွေးရမလဲ"

ရစ်ပါဆိုသည်က အန်တီမာဂျိနှင့် အတူပါလာသော ခွေးဖြစ်သည်။ အန်တီ မာဂျိက...

"ရစ်ပါကိုလည်း ကျွန်မသောက်တဲ့ လက်ဖက်ရည်ထဲကပဲ နည်းနည်းခွဲ တိုက်မှာပေါ့"

ဟုပြောရင်း သူတို့အားလုံး မီးဖိုချောင်ဆီသို့ ချီတက်သွားကြ၏။ ဟယ်ရီ တစ်ယောက်တည်း သယ်စရာ အဝတ်သေတ္တာတစ်လုံးနှင့်အတူ ကျန်ရစ်ခဲ့သည်။

သို့သော် ဟယ်ရီက အထွန့်မတက်ပါချေ။ သူတစ်ယောက်တည်း အဝတ်သေတ္တာကို မသယ်နိုင်ဘူးဟုပြောလျှင် အန်တီမာဂျိက မသနားသည့်အပြင် ဝမ်းတောင်သာနေပေလိမ့်ဦးမည်။ ထို့ကြောင့် သူတစ်ယောက်တည်း နိုင်သလောက် သယ်လိုက် ခေတ္တနားလိုက်ဖြင့် အပေါ်ထပ်ရှိ ဧည့်သည်များအတွက်ထားသော အိပ်ခန်းအလွတ်ဆီသို့ နည်းနည်းချင်း သယ်လာခဲ့သည်။

သေတ္တာကိုထားပြီး၍ မီးဖိုဆောင်ထဲသို့ သူပြန်ရောက်လာသောအခါ အန်တီမာဂျိတစ်ယောက် လက်ဖက်ရည်နှင့် သစ်သီးကိတ်မုန့်တို့ကို တဝတပြဲ စားသောက်နေပြီး သူမ၏ ခွေး 'ရစ်ပါ'ကတော့ အခန်းထောင့်တွင် တပြတ်ပြတ်မြည် အောင် ဆူညံစွာ ပွဲတော်တည်နေ၏။ ခွေးလျက်ထားသောကြောင့် ကြမ်းပြင်ပေါ် တွင် ပေပွနေသည့် လက်ဖက်ရည်နှင့် မုန့်များကိုကြည့်ရင်း မျက်နှာမပျက်အောင်

mgyoe.com

mgyoe.com

မနည်း ဟန်ဆောင်ထားရသည့် အန်တီပက်ကျူးနီးယားကိုလည်း ဟယ်ရီ တွေ့ရသည်။ သူမက တိရစ္ဆာန်များကို မုန်းတီးသူဖြစ်၏။

"ကျန်ခဲ့တဲ့ ခွေးတွေကိုကော ဘယ်သူက စောင့်ရှောက်ပေးထားသလဲ မာဂီ"

ဟု အန်ကယ်ဗာနွန်က မေးလိုက်၏။ အန်တီမာဂီက...

"အိမ်နားက ကာနယ်လ်ဖဘ်စကာ ကြည့်ပေးထားတယ်။ သူက အခု တပ်ကနေ အငြိမ်းစားယူလိုက်ပြီလေ။ အဲဒီတော့ ဒီအတိုင်း ထိုင်နေမှာထက်စာရင် သူ့အတွက် တစ်ခုခုလုပ်စရာရှိနေတာ ကောင်းတာပေါ့။ ဒါပေမဲ့ ဟောဒီကောင်ကြီး ရစ်ပါကိုတော့ ထားခဲ့လို့မရဘူး။ ဒီကောင်ကြီးက ကျွန်မနဲ့ ခွာရတာနဲ့ ရင်ကွဲနာကျမှာ"

ဟယ်ရီက စားပွဲတွင် ဝင်ထိုင်လိုက်စဉ် ရစ်ပါက မာန်ဖီပြီး တစ်ချက်ဟိန်းလိုက်၏။ ထို့ကြောင့် အန်တီမာဂီ၏အာရုံက ဟယ်ရီ့ဆီသို့ ရောက်လာသည်။

"ဩော်...မင်း ဒီအိမ်မှာ နေနေတုန်းပဲကိုး"

ဟု အန်တီမာဂီက မေးလိုက်၏။ ဟယ်ရီက...

"ဟုတ်ကဲ့"

"အဲဒီ 'ဟုတ်ကဲ့' ဆိုတဲ့စကားကြီးကို ဒီလိုအချိုးပြေပြတဲ့လေသံနဲ့ မပြောစမ်းနဲ့ ကောင်လေး။ နင့်ကို ဗာနွန်တို့ ပက်ကျူးနီးယားတို့မို့လို့သာ ဒုက္ခရှာပြီး ဒီလောက်ထိ ကျွေးမွေးစောင့်ရှောက်ထားတာ။ ငါသာဆိုရင်တော့ သည်းမခံနိုင်ပေါင်တော်။ ငါ့အိမ်တံခါးဝမှာ နင့်ကို တွေ့တာနဲ့ တစ်ခါတည်းတန်းပြီး မိဘမဲ့ ကလေးဂေဟာကို ပို့ပစ်လိုက်မှာပဲ"

ဟယ်ရီကတော့ ဒါစလေမိသားစုနဲ့အတူ နေရတာနဲ့စာရင် မိဘမဲ့ကလေးဂေဟာမှာသွားနေရတာက ပိုကောင်းလိမ့်ဦးမည်ဟု ပြောလိုက်မိတော့မလိုဖြစ်သွား၏။ သို့သော် သူ့အာရုံထဲတွင် ဟော့မိဒ်ကျေးရွာသို့ အလည်အပတ်သွားခွင့်ကိစ္စပေါ်လာသောကြောင့် ပြောချင်သည့်စကားလုံးများကို ကြိတ်မှိတ် မြိုသိပ်လိုက်ရ၏။ သူက မနည်းဖျစ်ညှစ်ပြီး မချိပြုံးပြလိုက်သည်။

အန်တီမာဂီက...

"အဲဒီလို ကျက်သရေမရှိတဲ့ အပြုံးကြီး ပြုံးမနေစမ်းနဲ့။ မင်းကတော့လေ... ငါ ဟိုတစ်ခေါက်လာတုန်းကအတိုင်းပဲ။ နည်းနည်းလေးမှကို တိုးတက်မလာဘူး။ ကျောင်းက မင်းကို လူနဲ့သူနဲ့တူအောင် ဘယ်လိုနေရမယ်ဆိုတာ သင်မပေးဘူးလားဟင်။ ဒါနဲ့ ဒီကောင်လေးကို ဘယ်ကျောင်းမှာထားလဲ ဗာနွန်"

"စိန့်ဘရူးတပ်စ် ကျောင်းမှာလေ။ ပြောမနိုင် ဆိုမနိုင်လို့ အားလုံးက လက်မြှောက်ထားရတဲ့ အဆိုးသွမ်းဆုံး ကလေးတွေအတွက် ကျောင်းပေါ့"

mgyoe.com

ဟု အန်ကယ်ဗာနွန်က မဆိုင်းမတွ ပြန်ဖြေ၏။ အန်တီမာဂီက...

"သြော်...သိပြီ...သိပြီ။ ဟဲ့ကောင်လေး နင်တို့လို ကလေးတွေကို ကျောင်းမှာ ဆရာတွေက ကြိမ်လုံးနဲ့ မဆော်ဘူးလား"

"အဲ..."

ဟယ်ရီ ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေစဉ် အန်ကယ်ဗာနွန်က မသိမသာ ခေါင်းညိတ်ပြလိုက်၏။ ထို့ကြောင့် ဟယ်ရီက စိတ်နာနာနှင့်ပင် ကြံဖန်ပြီးလျှောက်ပြောရတော့သည်။

"ဟုတ်ကဲ့...ရိုက်ပါတယ်။ တစ်ချိန်လုံး ရိုက်နေတော့တာပါပဲ"

အန်တီမာဂီက...

"သိပ်ကောင်းတယ်။ ဒီလိုကလေးမျိုးတွေက ပါးစပ်နဲ့ ဆုံးမနေလို့မရဘူး။ တုတ်နဲ့ပဲတန်တယ်။ နင်ကော ဘယ်နှစ်ခါလောက် အရိုက်ခံရလဲ"

"ကျွန်တော်လား...ဘာပြောကောင်းမလဲ။ ခဏခဏ အဆော်ခံရတာပေါ့"

ဟယ်ရီ၏ အဖြေကိုကြားပြီး အန်တီမာဂီ၏ မျက်လုံးများက ကျဉ်းမြောင်းသွားကြ၏။ သူမက...

"မင်းပြောတဲ့လေသံကို ငါမကြိုက်ဘူး ကောင်လေး။ မင်းပြောနေပုံက အရိုက်ခံရတယ်ဆိုတာ မင်းအတွက် ထမင်းစားရေသောက်ကိစ္စ ဖြစ်နေသလိုမျိုးပဲ။ ကြည့်ရတာ မင်း ကောင်းကောင်း မနာသေးဘူးမှတ်တယ်။ ဟဲ့...ပက်ကျူးနီးယား၊ ငါသာ နင့်နေရာမှာဆိုရင်တော့ ဒီကောင်လေးရဲ့ကျောင်းကို စာရေးပြီး ဒီ့ထက်ပိုရိုက်ပါလို့ တိုင်မှာပဲ"

ထိုသို့ပြောနေစဉ် အန်ကယ်ဗာနွန်က ဟယ်ရီတစ်ယောက် သူနှင့် အပေးအယူလုပ်ထားသည့်ကိစ္စကို မေ့ပြီး တစ်ခုခု ဖောက်လိုက်မှာစိုးသောကြောင့်လား မသိ။ ပြောနေကြသော အကြောင်းအရာကို ချက်ချင်း စကားလမ်းကြောင်း ပြောင်းလိုက်၏။

"ဒီနေ့မနက် သတင်းကိုကော ကြားပြီးပြီလား မာဂီ။ ဟိုထောင်ဖောက်ပြေးသွားတဲ့ အကျဉ်းသားအကြောင်း ဘာထူးသေးလဲ"

* * *

အန်တီမာဂီက ဒီအိမ်တစ်ခုလုံးကို သူ့အိမ်သူ့ယာသဖွယ် ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်နေတော့သည်နှင့်အမျှ ဟယ်ရီ့မှာ ပြဿနာမဖြစ်ရအောင် ပိုပိုပြီး ဆင်ခြင်နေရတော့သည်။ အန်ကယ်ဗာနွန်နှင့် အန်တီပက်ကျူးနီးယားတို့ကလည်း ဟယ်ရီ့ကို သူတို့မမြင်ကွယ်ရာတွင် သွားနေဖို့ကိုသာ တွင်တွင်ပြောနေကြတော့၏။

mgyoe.com

mgyoe.com

ဟယ်ရီကလည်း ဖြစ်နိုင်လျှင် အန်တီမာဂီ၏ မျက်စိအောက်၌ မနေချင်ပါ။

အန်တီမာဂီက တစ်ချိန်လုံး ဟယ်ရီ့ကို ဝတုတ်ပြဲလေး ဒတ်ဒလေနှင့် နှိုင်းယှဉ်ဆုံးမနေ၏။ ဒတ်ဒလေအတွက် တန်ဖိုးကြီးသော လက်ဆောင်များ ဝယ်ပေးရသည်ကိုလည်း သူမက အကျေနပ်ကြီး ကျေနပ်နေသည်။ နောက်ပြီး ဟယ်ရီ့အနေဖြင့် ထိုသို့သော လက်ဆောင်ကောင်းမျိုးနှင့် မထိုက်တန်သည်မှာ ဒတ်ဒလေလို မလိမ္မာသောကြောင့်ဖြစ်ကြောင်း အာပေါင်အာရင်းသန်သန်ဖြင့် အသားယူပြောတတ်၏။

အလည်လာပြီး တတိယမြောက်နေ့တွင် နေ့လယ်စာစားနေခိုက် သူမက အန်ကယ်ဗာနွန်ကို...

"ဒီကလေး မလိမ္မာလာတာ မင်းတို့မှာ အပြစ်မရှိပါဘူး။ မင်းတို့လည်း တတ်နိုင်သလောက် ဆုံးမနေကြတာပဲ။ ဒါပေမဲ့ ဒီကလေးရဲ့ သန္ဓေဗီဇကိုက ဆိုးလွန်းလို့ ဘယ်လောက်သင်သင် တတ်မလာတာ။ လူတစ်ယောက်ဟာ ပင်ကိုဗီဇမကောင်းဘူးဆိုရင် ဘယ်လောက်ဆုံးမဆုံးမ မလိမ္မာလာဘူးကွယ့်"

အန်တီမာဂီ၏ စကားများက သူ၏ မိဘနှစ်ပါးကိုပင် ထိခိုက်စော်ကားသလို ဖြစ်လာသောကြောင့် ဟယ်ရီတစ်ယောက် စိတ်ကို မနည်းချုပ်တီးပြီး စားလက်စ နေ့လယ်စာအပေါ်တွင် အာရုံစိုက်ထားလိုက်ရ၏။ သူ့မျက်နှာက ဒေါသဖြင့် နီရဲပြီး လက်တွေက တဆတ်ဆတ်တုန်လာသည့်တိုင် စိတ်ထဲမှာတော့ 'ဘာမှမပြောနဲ့၊ ဘာမှမပြောနဲ့၊ ဟော့မိဒ်ကို သွားလည်ဖို့ကိစ္စ ရှိသေးတယ်။ ခွင့်ပြုချက်လက်မှတ်ထိုးခိုင်းဖို့ကိစ္စကို ပြန်စဉ်းစား...ပြန်စဉ်းစား'ဟု သူ့ကိုယ်သူ သတိပေးနေရ၏။

အန်တီမာဂီက ဝိုင်ဖန်ခွက်ကို လှမ်းယူလိုက်ရင်း...

"ဗီဇဆိုတာက မိဘမျိုးရိုးပေါ် အခြေခံတာပဲကွယ့်။ ဥပမာဆို ငါ့ခွေးတွေကိုပဲ ကြည့်လေ။ အမေလုပ်တဲ့ ခွေးမကြီးက မျိုးရိုးမကောင်းရင် မွေးလာတဲ့ခွေးကလေးတွေလည်း သန္ဓေယုတ်ကုန်တော့တာပဲ"

ထိုအခိုက်အတန့်မှာပင် အန်တီမာဂီ၏ လက်ထဲတွင် ကိုင်ထားသော ဝိုင်ဖန်ခွက်သည် ဖောင်းခနဲ ပေါက်ကွဲသွားပြီး ဖန်ကွဲစများက အရပ်ရှစ်မျက်နှာသို့ လွင့်စင်သွားကြ၏။ အန်တီမာဂီ၏ မျက်နှာဖောင်းဖောင်းကြီးပေါ်တွင် ဝိုင်များက တစက်စက်ယိုစီးကျလျက်....။ သူမက မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ်လုပ်ရင်း ကြောင်တက်တက် ဖြစ်နေ၏။

အန်တီပက်ကျူးနီးယားက အလန့်တကြားဖြင့်...

"မာဂီ...မာဂီ ဘာဖြစ်သွားသေးလဲဟင်"

mgyoe.com

mgyoe.com

အန်တီမာဂျီက မျက်နှာကို လက်သုတ်ပဝါဖြင့် သုတ်လိုက်ရင်း...

"ဘာမှမဖြစ်ပါဘူး။ စိတ်မပူပါနဲ့...ဖန်ခွက်ကို တအားညှစ်လိုက်မိလို့နဲ့တူပါရဲ့။ ဟိုတလောလေးကတောင် အိမ်မှာ ကာနယ်လ်ဖဘ်စကာတစ်ယောက် ဒီလိုမျိုး ဖြစ်သေးတယ်...။ ရတယ်၊ စိတ်မပူနဲ့...ပက်ကျူးနီးယား၊ ငါ ဖန်ခွက်ကို ကိုင်တာ အားပါသွားလို့"

သို့ရာတွင် အန်တီပက်ကျူးနီးယားရော အန်ကယ်ဗာနွန်ပါ နှစ်ယောက်စလုံးက ဟယ်ရီဘက်သို့ သံသယကြည့်ဖြင့် လှမ်းကြည့်ကြ၏။ ထို့ကြောင့် ဟယ်ရီက ထမင်းစားပွဲမှ မသိမသာ ရှောင်ထွက်သွားတာ အကောင်းဆုံး ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်လိုက်သည်။

ထမင်းစားခန်း အပြင်ဘက်သို့ ရောက်သောအခါ ဟယ်ရီသည် နံရံကို မှီထားရင်း အသက်ကို ပြင်းပြင်းရှူနေရသည်။ သူ့စိတ်ထိန်းချုပ်မှု ကင်းလွတ်သွားတိုင်း အရာဝတ္ထုများပေါက်ကွဲသွားတတ်သည်မှာ ဟိုအရင်ကတည်းကပင် (ဟယ်ရီပေါ်တာနှင့် မှော်ပြဒါးရှင်လုံး စာအုပ်ကိုကြည့်ပါ။) သို့သော် ဒီတစ်ကြိမ်တွင်တော့ စိတ်ကို လွှတ်ပေး၍မဖြစ်။ ဟော့မိဒ်ကို သွားလည်ဖို့ကိစ္စမှာ ခွင့်ပြုလက်မှတ် ထိုးပေးဖို့ ရှိသေးသည်။ နောက်ပြီး အဆင်မသင့်လျှင် မှော်ဝန်ကြီးဌာနနှင့် ပြဿနာတက်ပြီး ရှင်းရလင်းရဦးမည်။

သူက အသက်မပြည့်သေးသည့် စုန်းတစ်ယောက်ဖြစ်သောကြောင့် ဝန်ကြီးဌာန၏ တားမြစ်ချက်အရဆိုလျှင် မှော်ပညာကို တရားဝင် အသုံးပြုခွင့်မရှိသေး။ သူနှင့်ပတ်သက်သော မှတ်တမ်းများကလည်း သိပ်ရှင်းရှင်းလင်းလင်း ရှိလှသည် မဟုတ်။ ပြီးခဲ့သည့်နှစ်ကပင် ဝန်ကြီးရုံးမှ တရားဝင် သတိပေးစာပို့ခဲ့ဖူးသေးသည်။ (ဟယ်ရီပေါ်တာနှင့် မိစ္ဆာခန်းဆောင်) ကန့်သတ်ချက်ကို ချိုးဖောက်ခြင်းကြောင့် ဟော့ဝပ်ကျောင်းမှ အထုတ်ခံရမည်ကိုတော့ ဟယ်ရီ သေမလောက်ကြောက်သည်။

ထိုစဉ်မှာပင် ဒါစလေမိသားစုများ ထမင်းစားစားပွဲမှ ထပြီး အပေါ်ထပ်သို့ တက်သွားသည်ကို ကြားရလေသည်။

* * *

နောက်သုံးရက်လုံးလုံး အန်တီမာဂျီက ဘယ်လိုပြဿနာရှာရှာ ဟယ်ရီကတော့ သူ၏ တံမြက်စည်းပျံ ထိန်းသိမ်းစောင့်ရှောက်နည်းစာအုပ်ထဲမှ အကြောင်းအရာများပေါ်ကိုသာ အာရုံစူးစိုက်ထားလိုက်သည်။ အဲဒီနည်းက အတော်အလုပ်ဖြစ်သည်။ တစ်ခုပဲရှိသည်။ အန်တီမာဂျီက ဘာပြောပြော ဟယ်ရီက တစ်ခွန်းမှ ပြန်မပြောသောအခါ သူမက ဟယ်ရီ့ကို ဦးနှောက်ကျပ်မပြည့်သူလေးဟု ထင်

mgyoe.com

mgyoe.com

သွား၏။

ဒီလိုနှင့် အန်တီမာဂီ ပြန်တော့မည့် နောက်ဆုံးညနေခင်းသို့ ရောက်လာသည်။ အန်တီပက်ကျူးနီးယားက ညစာကို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထား၏။ ဝိုင်တွေကလည်း အလျှံပယ်။ စားကြသောက်ကြ စကားတွေပြောဆိုကြပြီး နောက်ဆုံး ငြိမ်ငွေ့လာသည့်အခါ အန်တီပက်ကျူးနီးယားက ကော်ဖီဖျော်သည်။ အန်ကယ်ဗာနွန်ကတော့ ဘရန်ဒီပလင်းတစ်လုံး ထုတ်လာ၏။ သူက အန်တီမာဂီကို...

"မာဂီ...အရက်ပြင်းသောက်ဦးမလား"

ဟု မေးလိုက်၏။ ထိုအချိန်တွင် အန်တီမာဂီက ဝိုင်တော်တော်များများကို သောက်ထားပြီးပြီဖြစ်ရာ မျက်နှာကြီး နီရဲပြီး လျှာတွေပင်လေးနေပြီ ဖြစ်၏။ သို့သော် သူမက...

"အင်း...ဘရန်ဒီ နည်းနည်းလောက်ငှဲ့...၊ နည်းနည်း...အဲ...နည်းနည်း ထပ်ငှဲ့ဦး"

ဟယ်ရီကတော့ ထမင်းစားပွဲမှ ထပြီး ထွက်သွားချင်လှပြီ။ အန်ကယ်ဗာနွန်၏ ဒေါသမျက်လုံးများကြောင့်သာ မနည်းချုပ်တီးပြီး ထိုင်နေရခြင်းဖြစ်၏။

အန်တီမာဂီက တစ်ကျိုက်တည်းနှင့် ကုန်အောင်မော့သောက်ပစ်လိုက်ပြီး ခွက်လွတ်ကို ပြန်ချရင်း ဌာပနာမုန့်များကို ပလုတ်ပလောင်းစားနေသည့် ဒတ်ဒလေဘက်သို့လှည့်ကာ...

"ကျန်းမာတဲ့ ပုံမှန်ကလေးတစ်ယောက်ဟာ ဒီလို စားနိုင်သောက်နိုင်မှပေါ့ကွယ်။ ကြည့်စမ်း...အန်တီ့ချစ်တူလေးရဲ့ ခန္ဓာကိုယ်အချိုးအဆစ်က သူ့အဖေနဲ့ တစ်ထပ်တည်းပဲ။ ဗာနွန်ရေ...ဘရန်ဒီ ထပ်ထည့်ပါဦးကွယ်"

"ကဲ...ယူစေဗျာ"

သူမက ဟယ်ရီ့ဘက်သို့ လှည့်လိုက်၏။ ဟယ်ရီ့ရင်ထဲတွင် ဂြိုဟ်ဆိုးတော့ဝင်ပြီဟု သိလိုက်၏။ သူက တံမြက်စည်းပျံထိန်းသိမ်းစောင့်ရှောက်ရေးလက်စွဲစာအုပ်ထဲမှ အကြောင်းအရာများဆီသို့ အာရုံပြောင်းလိုက်သည်။ အန်တီမာဂီက...

"ဒါနဲ့ ပြောရဦးမယ်။ ငါ့ခွေးတွေအကြောင်းပေါ့။ ပြီးခဲ့တဲ့နှစ်က 'ရက်တီ' ဆိုတဲ့ ခွေးကလေးတစ်ကောင်ပေါက်တယ်။ သန္ဓေယုတ်လိုက်တာဆိုတာ မပြောပါနဲ့တော့။ ဒါနဲ့ ကာနယ်ဖဘ်စကာကို ရေနှစ်သတ်ခိုင်းလိုက်ရတယ်"

ဟယ်ရီက သူ့စာအုပ်ထဲရှိ စာမျက်နှာ ဆယ့်နှစ်မှ တံမြက်စည်းပျံပြင်ဆင်နည်းမန္တန်ကို အလွတ်ဆိုကြည့်ရင်း အာရုံကို ထိန်းချုပ်ထား၏။ သို့သော် အန်တီမာဂီ၏အသံက...

mgyoe.com

mgyobe.com

"ဒါတွေအားလုံးဟာ သွေးက စကားပြောတာပဲကွယ့်။ ဟိုတစ်နေ့က ပြောခဲ့သလိုပဲပေါ့။ ပက်ကျူးနီးယားရေ…ဆောရီးနော်။ ညည်းကိုတော့ ငါထိခိုက်ပြီး မပြောချင်ပါဘူး။ ဒါပေမဲ့ ညည်းတို့မိသားစုထဲမှာ နင့်ညီမက ဥပုပ်ကွယ့်။ ကောင်းတဲ့ဟာမလေး မဟုတ်ဘူး။ တစ်မျိုးလုံး တစ်ဆွေလုံးကို မျက်နှာအိုးမဲ သုတ်သွားတာပဲ ကြည့်လေ။ နောက်ဆုံးတော့ ဟို 'ဂျိမ်းစ်ပေါ်တာ'ဆိုတဲ့ အလေနတောကောင်နဲ့ လိုက်ပြေးသွားတာပဲ မဟုတ်လား? အဲဒီကတည်းက ငါတို့အားလုံးရဲ့ မျက်စိရှေ့မှာ အဖြေက ရှင်းနေပြီ"

ဟယ်ရီကတော့ သူ့ထမင်းပန်းကန်ကို စိုက်ကြည့်ရင်း အာရုံကို တံမြက်စည်းပျံအကြောင်းပေါ်မှသာ စူးစိုက်ထားဖို့ ကြိုးစားနေသည်။

အန်တီမာဂီက ဘရန်ဒီကို ထပ်ငှဲ့လိုက်ရာ စားပွဲခင်းအဝတ်ပေါ်သို့ပင် ဖိတ်ကျသွား၏။ သူမက…

"အဲဒီ ဂျိမ်းစ်ပေါ်တာဆိုတဲ့ကောင်က ဘာအလုပ်လုပ်သတဲ့လဲ။ ညည်းတို့ ငါ့ကို တစ်ခါမှ မပြောဖူးဘူးနော်"

အန်ကယ်ဗာနွန်နှင့် အန်တီပက်ကျူးနီးယားတို့၏ မျက်နှာများက စိုးရိမ်စိတ်ဖြင့် တင်းခနဲ ဖြစ်သွားကြ၏။ အန်ကယ်ဗာနွန်က ဟယ်ရီဘက်သို့ မသိမသာ တစ်ချက်လှမ်းကြည့်ရင်း…

"ဂျိမ်းစ်ပေါ်တာက အလုပ်မလုပ်ဘူးလေ"

"အင်းလေ…ငါထင်သားပဲ၊ ဆန်ကုန်မြေလေး ကလေကချေကောင်ပဲ ဖြစ်မှာပေါ့"

"ကျွန်တော့်အဖေက ဆန်ကုန်မြေလေး မဟုတ်ဘူး"

ဟယ်ရီက ဒေါသဖြင့် လှမ်းပြောလိုက်၏။ တစ်ဝိုင်းလုံး ငြိမ်ကျသွားသည်။ ဟယ်ရီ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။ သူ့ဘဝတွင် ဒီလောက် တစ်ခါမျှ ဒေါသမဖြစ်ခဲ့ဖူးချေ။ အန်ကယ်ဗာနွန်က အခြေအနေကို ထိန်းသည့်အနေဖြင့် အန်တီမာဂီ၏ ဖန်ခွက်ထဲသို့ ဘရန်ဒီများကို အကုန်လောင်းထည့်လိုက်ပြီး…

"မာဂီရေ…ဘရန်ဒီ ထပ်သောက်လိုက်ဦး၊ ကဲ…ကဲ…ကောင်လေး မင်း သွား အိပ်တော့၊ သွားလေ"

"နေဦး…မသွားနဲ့ဦး"

အန်တီမာဂီက မူးမူးဖြင့် ဟယ်ရီ့ကို ထပ်ရစ်နေသည်။

"မသွားနဲ့ဦး။ စောစောက မင်းစကားကို ဆက်စမ်းပါဦး၊ မင်းရဲ့ ဂုဏ်ယူစရာ ဆန်ကုန်မြေလေး အဖေအကြောင်းလေ။ နောက်ဆုံးတော့ ဘာဖြစ်သလဲ။ အလုပ်မရှိ၊ အကိုင်မရှိ လျှောက်အလေလိုက်ပြီး နောက်ဆုံး ကားမှောက်သေတာပဲ

mgyoe.com

မဟုတ်လား။ ငါထင်တဲ့အတိုင်းဆို ကားမောင်းနေတုန်း အရက်ကလည်း မူးနေမှာပေါ့"

"ကျုပ်အဖေနဲ့ အမေဟာ ကားတိုက်လို့သေတာ မဟုတ်ဘူးဗျ"

ဟယ်ရီက ဝုန်းခနဲ ထရပ်ပြီး ပြောလိုက်၏။

"ကားချင်းတိုက်ပြီးသေတာ ကောင်စုတ်လေးရဲ့။ သေတာတောင်မှ ကောင်းကောင်းမသေဘူး။ မင်းလို အရှုပ်ထုပ်လေးကို ဆွေတွေမျိုးတွေလက်ထဲမှာ တာဝန်ပိုအောင် ထားခဲ့သေးတယ်။ ဒါတောင်မှ နင်က ကျေးဇူးမသိတတ်ဘူး။ အရိုင်းအစိုင်းလေး...အယုတ်တမာကောင်လေး"

အန်တီမာဂျီ၏ မျက်နှာကြီးက ဒေါသဖြင့် ဖောင်းကားလာသည်။ ပြောရင်းပြောရင်းနှင့် သူမ၏ ပါးစပ်မှ စကားလုံးတွေ ဆက်ထွက်မလာတော့။ သို့သော် ဖောင်းကားနေသော မျက်နှာကြီးကမူ ရပ်မသွား။ လေထိုးထားသော ဘောလုံးကြီး တစ်လုံးလို ပို၍ ပို၍ ပြဲကားထွက်လာသည်။ သေးငယ်သော မျက်စိပေါက်နှစ်လုံးကလည်း ပုစွန်မျက်လုံးကဲ့သို့ ပြူးပြီး အပြင်သို့စူထွက်လာ၏။ မျက်နှာတွင်သာ ဖောင်းကားသည် မဟုတ်တော့။ ခန္ဓာကိုယ် အတ္တဘောကြီးပါလိုက်၍ ဖောင်းကားလာသည်။ ဂျာကင်အင်္ကျီမှကြယ်သီးများသည် တဖြုတ်ဖြုတ် ပြုတ်ထွက်လွင့်စင်သွားပြီး နံရံဆီသို့ပင် သွားရောက်ထိမှန်ကြ၏။ သူမတစ်ကိုယ်လုံးသည် ဖောင်းဖောင်းလုံးလုံးကြီးဖြစ်ကာ လေဝနေသော မီးပုံးပျံကြီးနှင့် တူလာတော့သည်။

"မာဂျီ"

အန်ကယ်ဗာနွန်နှင့် အန်တီပက်ကျူးနီးယားတို့က ပြိုင်တူအော်လိုက်ကြ၏။ အန်တီမာဂျီ၏ ခန္ဓာကိုယ်ကြီးသည် မှိုင်းဝသွားသော မီးပုံးပျံကို ကြိုးမှ ဖြုတ်လွှတ်လိုက်သည့်နှယ် ကုလားထိုင်ပေါ်မှ ကြွတက်သွားပြီး လေထဲတွင် မျက်နှာကြက်နံရံဆီ လွင့်မျောသွားတော့၏။

"လုပ်ကြပါဦး"

အန်ကယ်ဗာနွန်က အန်တီမာဂျီ၏ အဆမတန် ဖောင်းကားနေသော ခြေထောက်ကြီးတစ်ဖက်ကို လှမ်းခုန်၍ဖမ်းကာ ပြန်ဆွဲချဖို့ ကြိုးစားသည်။ သို့သော် မရ။ သူကိုယ်တိုင်ပါ လေထဲပါသွား၏။ အန်တီမာဂျီ၏ခွေး 'ရစ်ပါ'က အရူးအမူး ထိုးဟောင်ရင်း လှမ်း၍ခုန်ဆွဲရာ အန်ကယ်ဗာနွန်၏ ခြေသလုံးကို ကိုက်မိသွားသည်။

ထိုအချိန်တွင် ဟယ်ရီက သူ့ကို မည်သူတစ်ဦးတစ်ယောက်ကမှ မတားနိုင်ခင်မှာပင် ထမင်းစားခန်းထဲမှ တရကြမ်းပြေးထွက်သွားသည်။ သူက ကျောင်းသုံးပစ္စည်းများ သိမ်းဆည်းထားရာ လှေကားအောက်ရှိ ဗီရိုဆီသို့ ဦးတည်ပြီး ပြေး

mgyoe.com

mgyoe.com

သွား၏။ ဗီရိုရှေ့တွင် သူ ရပ်မိသည်နှင့်တစ်ပြိုင်နက် တံခါးက အလိုအလျောက် ဂုန်းခနဲ ပွင့်သွားသည်။

စက္ကန့်ပိုင်းအတွင်း သူ့ပစ္စည်းများ ထည့်ထားသောသေတ္တာကို အိမ်ရှေ့တံခါးဝတွင် ပုံထားခဲ့ပြီး အပေါ်ထပ်သို့ တရကြမ်း ပြေးတက်ခဲ့ပြန်သည်။ အပေါ်ထပ်ရှိ သူ့အိပ်ခန်းထဲမှ လေ့ကျင့်ခန်းစာအုပ်များ၊ သူငယ်ချင်းများက ပေးပို့လိုက်သည့် မွေးနေ့လက်ဆောင်များနှင့်အတူ ဇီးကွက်မလေးဟက်ဝစ်၏ လှောင်အိမ်အလွတ်ကို အကုန်လုံးသယ်ယူကာ အောက်ထပ်ဆီသို့ အမြန်ဆုံး ပြန်ဆင်းလာခဲ့၏။ သူက ထွက်ခွာတော့မည့်ဆဲဆဲတွင် အန်ကယ်ဗာနွန်က ထမင်းစားခန်းထဲမှ သွေးရူးသွေးတန်း ပြေးထွက်လာပြီး ဟယ်ရီ၏ ဘောင်းဘီစကို ဆွဲထားရင်း...

"ပြန်လာခဲ့...မင်း ပြန်လာခဲ့၊ ငါ့အစ်မကို နဂိုအတိုင်းဖြစ်အောင် ပြန်လုပ်ပေး"

ဟယ်ရီ ဘာကိုမှဂရုမစိုက်တော့။ အတိုင်းအဆမဲ့ဒေါသက သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံထားသည်။ ဟယ်ရီက သူ့သေတ္တာကို ဂုန်းခနဲ ကန်ဖွင့်ပြီး ဆေးတောင်ဝှေးကို ဆွဲထုတ်လိုက်သည်။ ထို့နောက် သူက အန်ကယ်ဗာနွန်ကို ဆေးတောင်ဝှေးနှင့် တည့်တည့်ချိန်ရွယ်ထားလိုက်ရင်း...

"အဲဒီမိန်းမကြီးက ဒီလိုအဖြစ်မျိုးနဲ့ပဲ တန်တယ်၊ သူနဲ့တန်တာကို သူရတာပဲလို့ မှတ်လိုက်ပါ။ ခင်ဗျားကြီး ကျုပ်သွားမယ့်လမ်းက ဖယ်"

ဟယ်ရီ လှည့်ထွက်လာသောအခါတွင် အန်ကယ်ဗာနွန်တစ်ယောက် ကြောက်ဒူးတုန်ပြီး ကျန်ခဲ့သည်။

"ဖြစ်ချင်တာ ဖြစ်တော့ကွာ။ ကိစ္စတော့အပြတ်ပဲ"

နောက်တစ်ခဏမျှ ကြာသောအခါ လူသူကင်းရှင်းတိတ်ဆိတ်နေသော လမ်းမပေါ်တွင် ဟယ်ရီတစ်ယောက်တည်း ခရီးဆောင်သေတ္တာအိတ်ကို လက်တစ်ဖက်ကဆွဲကာ ကျန်လက်တစ်ဖက်က ဇီးကွက်မလေးဟက်ဝစ်၏ လှောင်အိမ်အလွတ်ကိုပွေ့လျက် ညအမှောင်ထဲသို့ တရွေ့ရွေ့ တိုးဝင်သွားလေတော့သည်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အခန်း (၃)

# မြင်းသည်တော် ဘတ်စ်ကား

mgyoe.com

mgyoe.com

ခြေဦးတည့်ရာလျှောက်ရင်းနှင့် လမ်းပေါင်းများစွာကို ဖြတ်သန်းပြီးနောက် ဟယ်ရီ ခြေကုန်လက်ပန်းကျလာသည်။ နောက်ဆုံးတွင် သူ၏ ခရီးဆောင်သေတ္တာကို တရွတ်တိုက်ဆွဲရင်း မဟာန်နိုင်တော့ဘဲ မက်နောလီးယားအဝိုင်းရှိ နံရံတစ်ခုကို မှီလျက် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရသည်။ ဒေါသကား မပြေသေး။ သူ့နှလုံး ခုန်သံ တဒုတ်ဒုတ်ကို သူပြန်ကြားနေရ၏။

သို့သော် မှောင်မိုက်နေသောလမ်းပေါ်တွင် အထီးကျန်စွာဖြင့် ၁၀ မိနစ်မျှ ထိုင်နေပြီးသည့်နောက် ခံစားချက်အသစ်တစ်ခု သူ့ရင်ထဲ၌ စိုးမိုးလာ၏။ ယခု သူ့အတွက် သူစိမ်းသက်သက်မျှဖြစ်သော လူ့လောကအလယ်တွင် သူတစ်ယောက်တည်း ကူညီသူမရှိ၊ အဖော်မရှိ၊ သွားစရာနေရာလည်းမရှိ။ သည့်ထက် ပိုဆိုးသည့် အချက်က သူသည် မှော်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် 'အသက်မပြည့်သေးသူ စုန်းကဝေများ မှော်ပညာမသုံးရ'ဟူသည့် တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်မိခဲ့ပေပြီ။ ထိုအပြစ်ကြောင့် သူ ကျောင်းထုတ်ခံရပေတော့မည်။ သူ့ကို အရေးယူရန် မှော်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ယခုအချိန်ထိ သူ့အနီးတွင် ဘွားခနဲ ပေါ်မလာသေးသည်ကိုပင် အံ့သြနေမိတော့သည်။

ဟယ်ရီ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်နေ၏။ မက်နောလီးယားအဝိုင်းကြီးကို သူ ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ သူ့အတွက် ဘာတွေဖြစ်လာဦးမှာလဲ။ သူ အဖမ်းများခံရမှာလား။ ဒါမှမဟုတ် သူ့ကို စုန်းကဝေလောကက ဝရမ်းပြေးအဖြစ်များ သတ်မှတ်လိုက်ပြီလား။

အဲဒီအချိန်မှာပင် သူငယ်ချင်းနှစ်ယောက်ဖြစ်သော ရွန်နှင့် ဟာမိယွန်တို့ကို သတိရလိုက်မိသွားပြီး သူ့နှလုံးသားက ဝမ်းနည်းနာကျင်လာသည်။ ရွန်နှင့်

mgyoe.com

ဟာမီယွန်သာရှိလျှင် သူ့ကို ကူညီကြမည်ဖြစ်သည်။ ယခုတော့ သူတို့နှစ်ယောက် စလုံးက နိုင်ငံခြားမှာ။ နောက်ပြီး ဇီးကွက်မလေး ဟက်ဝစ်ကလည်း သူနှင့်အတူ ပါမလာသောကြောင့် အဆက်အသွယ် လုပ်နိုင်စရာ နည်းလမ်းမရှိတော့ပေ။

သူ့မှာ လူ့လောကတွင် သုံးစွဲသည့် ပိုက်ဆံလည်း တစ်ပြားမှ ပါမလာပေ။ ခရီးဆောင်သေတ္တာအောက်ခြေမှာတော့ မှော်လောကသုံး ရွှေသားပိုက်ဆံ အနည်း ငယ်ရှိသည်။ လန်ဒန်ရှိ ဂရင်းဂေါ့စ်ဂုန်းကဝေဘဏ်တိုက်မှာတော့ သူ့မိဘများ သူ့ အနာဂတ်နောင်ရေးအတွက် စုဆောင်းထားရစ်ခဲ့သည့် ရွှေငွေများရှိသေးသည်။ သို့သော် သူ့အနေဖြင့် တစ်လမ်းလုံး ခရီးဆောင်သေတ္တာကို တရွတ်တိုက်ဆွဲပြီး လန်ဒန်အထိ ကုန်းကြောင်းလျှောက်သွားဖို့ဆိုသည်မှာ မဖြစ်နိုင်ပါ။ သည်လိုမှ မဟုတ်လျှင်…။

သူက သူ့လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲဖြစ်သော ဆေး တောင်ဝှေးကို ငုံ့ကြည့်လိုက်သည်။ အကယ်၍ စောစောက သူ မှော်ပညာသုံးခဲ့ သည့်အတွက် ကျောင်းထုတ်ခံရမည် ဆိုပါစို့။ (ဒီအကြောင်းကို မှန်းဆကြည့်ရုံ ဖြင့်ပင် နှလုံးသားထဲမှ နာကျင်ရသည်။) ယခု ထပ်ပြီး မှော်ပညာကို အသုံးချကြည့် လျှင်ကော…။ မထူးဘူးလေ…တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲ။ ဟယ်ရီ့မှာ သူ့အဖေထံမှ အမွေရထားသည့် ကိုယ်ပျောက်ဝတ်ရုံ လည်း ရှိသည်မဟုတ်လား။

ခရီးဆောင်သေတ္တာကို ငှက်မွေးတစ်မျှင်လို ပေါ့ပါးသွားအောင် မန်းမှုတ်ပြီး တံမြက်စည်းပျံတွင် တွဲချည်လိုက်မည်။ ထို့နောက် သူ့တစ်ကိုယ်လုံးကို ကိုယ် ပျောက်ဝတ်ရုံဖြင့် ခြုံလွှမ်းပြီး လန်ဒန်မြို့သို့ ပျံသန်းသွားလိုက်မည်ဟု စိတ်ကူး လိုက်၏။ ဂရင်းဂေါ့ဘဏ်တိုက်မှ သူ ရွှေငွေများကို ထုတ်ယူပြီးလျှင် မထင်မရှား တစ်နေရာ၌ သူ့ဘဝကိုသူ ဇာတ်မြှုပ်ရပေတော့မည်။ မည်မျှ ဆိုးရွားသည့် အနာ ဂတ်ပေနည်း။

ဒီနေရာတွင် သူ ကြာကြာ ဆက်၍ ထိုင်နေလို့မဖြစ်မှန်း ဟယ်ရီ သဘော ပေါက်လိုက်သည်။ တော်တော်ကြာ ကင်းလှည့်နေသော 'ရဲ'တွေ ရောက်လာမှဖြင့် ရှင်းရခက်နေပေလိမ့်ဦးမည်။ ညမှောင်မှောင်ကြီးထဲတွင် ဂါထာမန္တန်တွေအကြောင်း ရေးထားသည့် စာအုပ်များက တစ်သေတ္တာအပြည့်။ နောက်ပြီး တံမြက်စည်းတစ် ချောင်းနှင့် ဘာလုပ်နေတာလဲဟု မေးလာလျှင် သူ့မှာ ဖြေစရာစကား မရှိ။

ဟယ်ရီက ခရီးဆောင်သေတ္တာကို ဖွင့်လိုက်သည်။ ကိုယ်ပျောက်ဝတ်ရုံကို ရှာရန်အတွက် အထဲမှ ပစ္စည်းများကို မွှေနှောက်ဖယ်ရှားလိုက်၏။ သို့သော် ကိုယ် ပျောက်ဝတ်ရုံကို ရှာမတွေ့နိုင်ခင်မှာပင် ပကတိအသိစိတ်၏ ထူးဆန်းစွာ လှုံ့ဆော်

mgyoe.com

mgyoe.com

လာသောအာရုံကြောင့် ဟယ်ရီ့တစ်ကိုယ်လုံး တောင့်တင်းသွား၏။ သူ့ကို အမှောင်ထဲမှ တစ်စုံတစ်ယောက်က စောင့်ကြည့်နေပေပြီ။

ဟယ်ရီက တစ်လမ်းလုံးကို မျက်စိကစားကြည့်လိုက်၏။ လူသူကင်းရှင်း တိတ်ဆိတ်နေသည်။ မည်သည့်အိမ်ကမှ အလင်းရောင်ထွက်ပေါ်နေခြင်းမရှိ။ ဟယ်ရီက သူ့ခရီးဆောင်သေတ္တာဆီသို့ ပြန်လည်၍ ကိုယ်ကို ငုံ့ကိုင်းလိုက်၏။ သို့သော် ချက်ချင်းလိုလိုပင် ဝုန်းခနဲ ထရပ်မိသည်။ သူ့လက်ထဲတွင်တော့ ဆေးတောင်ဝှေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက်သား...။ ဟယ်ရီ့နောက်ဘက်ရှိ ခြံစည်းရိုးနှင့် ကားဂိုဒေါင်တို့အကြား မြေကွက်လပ် ကျဉ်းကျဉ်းကလေးထဲတွင် တစ်စုံတစ်ယောက် ရပ်နေသည်။ ထိုအရာ၏ လှုပ်ရှားသံကိုပင် ဟယ်ရီ့ အာရုံက ကြားလိုက်သလိုလို ရှိသည်။ ဒါဘာလဲ...ကြောင်တစ်ကောင်လား? ဒါမှမဟုတ်...။

ဟယ်ရီက သူ့ဆေးတောင်ဝှေးကို ကိုင်မြှောက်ရင်း အလင်းရောင်ထွက်ပေါ်စေသည့်မန္တန်ကို မန်းမှုတ်လိုက်သည်။

"လူးမို့စ်"

ဆေးတောင်ဝှေး၏ ထိပ်ဖျားတွင် မီးတောက်ငယ်တစ်ခု လင်းလက်လာ၏။ ဟယ်ရီက ဆေးတောင်ဝှေးကို မီးတုတ်သဖွယ် ကိုင်မြှောက်ထားလိုက်သည်။ ဝန်းကျင်တစ်ခုလုံး လင်းလက်သွား၏။ သူ ရှာဖွေနေသောအရာကို ဟယ်ရီ မြင်လိုက်ရပေပြီ။ ထိုအရာကား ကြီးမားပြီး တလက်လက် တောက်ပနေသော မျက်လုံးကြီး တစ်စုံနှင့်....။

ဟယ်ရီက နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်း ဆုတ်လိုက်မိသည်။ သူ့ခြေထောက်များက မြေပေါ်တွင်ချထားသော ခရီးဆောင်သေတ္တာနှင့်တိုက်မိပြီး ယိုင်လဲကျတော့မလို ဖြစ်သွား၏။ လက်ထဲမှ ဆေးတောင်ဝှေးလည်း လွတ်ကျသွားသည်။

ထိုတစ်ခဏတွင် နားကွဲလုမတတ် မြည်ဟိန်းကာ ဒိုင်းခနဲ အသံကြီးတစ်ခု ထွက်ပေါ်လာ၏။ ရုတ်တရက် စူးရှစွာထွက်ပေါ်လာသော အလင်းရောင်ကြောင့် ဟယ်ရီက သူ့မျက်လုံးများကို လက်ဝါးဖြင့် ကာထားလိုက်ရသည်။

ကျယ်လောင်သော အော်ဟစ်သံနှင့်အတူ လမ်းဘေး လူသွားပလက်ဖောင်းပေါ်သို့ ဟယ်ရီက နောက်ပြန်လိုမ့်တက်လိုက်၏။ အချိန်မီရုံလေးပင် ဖြစ်သည်။ စက္ကန့်ပိုင်းအတွင်း ကြီးမားလှသော ရောမဘီးကြီးတစ်စုံနှင့် မီးသီးနှစ်လုံးတို့သည် ကျွီခနဲမြည်ကာ ဟယ်ရီ လဲကျနေရာ ဆီးတည့်တည့်သို့ လာရောက် ထိုးဆိုက်၏။ ဟယ်ရီက ခေါင်းထောင်ကြည့်လိုက်သည်။ အထပ်သုံးထပ်ရှိသော ခရမ်းပြာရောင် ခရီးတင်သည် ဘတ်စ်ကားကြီးတစ်စီးပင် ဖြစ်သည်။ ထိုဘတ်စ် ကားကြီးသည်

mgyoe.com

mgyoe.com

လေထဲမှ ဘွားခနဲ ပေါ်လာသကဲ့သို့ပင်။ ကားရှေ့ လေကာမှန်ပေါ်တွင် ရွှေရောင် စာလုံးများ ရေးထိုးထား၏။

"မြင်းသည်တော် ခရီးသည်တင်ဘတ်စ်ကား"

ဟယ်ရီက ကြောင်ငေးကြည့်နေစဉ်မှာပင် ကားပေါ်မှ ခရမ်းပြာရောင် ယူနီဖောင်းနှင့် စပယ်ယာက ဆင်းလာပြီး နှုတ်ဆက်စကားပြောသည်။

"မြင်းသည်တော်ပို့ဆောင်ရေးမှ ကြိုဆိုပါတယ်။ ဒီဘတ်စ်ကားက လမ်းပေါ်မှာ ဒုက္ခရောက်နေတဲ့ စုန်းကဝေတွေအတွက် အရေးပေါ် သယ်ယူပို့ဆောင်ရေး တာဝန်ပါ။ ကားပေါ်ကိုကြွပါ။ သွားလိုတဲ့နေရာကို လိုက်ပို့ပေးပါ့မယ်။ ကျွန်တော့်နာမည်က စတန်ရှွန်းပိုက်ပါ။ ကျွန်တော်က ဒီည လက်မှတ်ရောင်းတာဝန်ကို ထမ်းဆောင်ရ..."

လက်မှတ်ရောင်းက စကားပြောရင်းတန်းလန်း ရပ်သွား၏။ ယခုအချိန်ထိ မြေပေါ်တွင် ထိုင်နေဆဲဖြစ်သော ဟယ်ရီ့ကို အံ့သြသလို ကြည့်နေသည်။ ဟယ်ရီက ဆေးတောင်ဝှေးကို ကောက်ကိုင်ပြီး ထရပ်ရန် ကြိုးစားလိုက်၏။ အနီးကပ်ကြည့်လိုက်သောအခါတွင်မှ လက်မှတ်ရောင်းသူမှာ ဆယ့်ရှစ်ရှစ်၊ ဆယ့်ကိုးနှစ်သာသာ လောက် ရှိဦးမည်မှန်း တွေ့လိုက်ရ၏။ စတန်ရှွန်းပိုက်၏ပုံပန်းက နားရွက်ကားကား မှဲ့ခြောက်အနည်းငယ်နှင့်...။

စတန်က...

"အဲဒီမှာ ဘာထိုင်လုပ်နေတာလဲ"

ဟု မေးလိုက်၏။ သူ့လေသံက စောစောကလို အလုပ်သဘောမဆန်တော့။ ဟယ်ရီက...

"လဲကျသွားတာ"

"ဘာလို့ လှဲချလိုက်ရတာလဲ"

"ဘယ်သူကတော့ တမင်တကာ လှဲချမလဲဗျ"

ဟု ဟယ်ရီက စိတ်တိုတိုဖြင့် ပြန်ပက်လိုက်၏။

သူ့ဂျင်းဘောင်းဘီ ဒူးခေါင်းတစ်ဖက်က စုတ်ပြဲနေ၏။ လဲကျသွားစဉ်က လက်ဖြင့်ထောက်လိုက်မိသောကြောင့် လက်ဖဝါးတစ်ဖက်မှာလည်း သွေးထွက်နေ၏။

ယခုမှပင် သူ ဘာကြောင့် လဲကျသွားရသည်ကို ဟယ်ရီ ပြန်သတိရလာသည်။ သူက ကမန်းကတန်းပင် ခြံစည်းရိုးနှင့် ကားဂိုဒေါင်အကြားရှိ ကွက်လပ်ဆီ လှမ်းကြည့်လိုက်၏။ စောစောက သူ မြင်ခဲ့ရသော မျက်လုံးကြီးများနှင့် သတ္တဝါကို မတွေ့ရတော့ပေ။ မြင်းသည်တော်ဘတ်စ်ကား၏ ကားမီးသီးများက ထိုနေရာကို

mgyoe.com

mgkoe.com

တည့်တည့်ထိုးပြထားသလို ဖြစ်နေ၏။ တကယ်ပင် ဘာမှမရှိ။

စတန်က...

"ဘာကို ကြည့်နေတာလဲ"

"စောစောက ဟောဟိုနားမှာ မည်းမည်းအကောင်ကြီးတစ်ကောင် တွေ့လိုက်လို့။ ခွေးလိုမျိုးပဲ...ဒါပေမဲ့ အကြီးကြီးဗျ"

စတန့်ကို ကြည့်လိုက်သောအခါ သူ့ပါးစပ်က အနည်းငယ် ပွင့်ဟနေ၏။ စတန်၏ မျက်လုံးအကြည့်က ဟယ်ရီ့နဖူးပေါ်ရှိ အမာရွတ်ဆီသို့ ရောက်လာ၏။

"ခင်ဗျားနဖူးပေါ်က ဘာလဲ"

ဟု စတန်က မေးလိုက်သည်။

ဟယ်ရီက...

"ဘာမှမဟုတ်ပါဘူး"

ဟု ဖြေရင်း အမာရွတ်ကို ဆံပင်များဖြင့် ဖုံးကွယ်လိုက်၏။ ယခုအချိန်တွင် မှော်ဝန်ကြီးဌာနမှ သူ့ကို ဖမ်းဆီးရန် လိုက်လံရှာဖွေနေသည်ဆိုပါက ထိုအမာရွတ် အမှတ်အသားကြောင့် အလွယ်တကူ ရှာဖွေတွေ့ရှိသွားမည့်အဖြစ်မျိုးကို ဟယ်ရီ လက်မခံနိုင်ပါချေ။

စတန်က...

"နာမည် ဘယ်လိုခေါ်သလဲ"

"နယ်ဗီလီလောင်းဘော့တွန်"

ဟယ်ရီက သူ့ပါးစပ်ထဲပေါ်လာရာ နာမည်တစ်ခုကို ဖြေလိုက်၏။ နောက်ပြီး လျင်မြန်စွာဖြင့် ဆက်၍...

"ဒီ...ဒီဘတ်စ်ကားက ကြိုက်တဲ့နေရာ သွားလို့ရတယ်လို့ ခင်ဗျားပြောခဲ့တယ်နော်...ဟုတ်လား"

စတန်က ဂုဏ်ယူဝင့်ကြွားစွာဖြင့်...

"ဟာ...သိပ်ရတာပေါ့။ ကမ္ဘာမြေပြင်ကျယ်သရွေ့ပေါ့ဗျာ၊ ရေအောက်ထဲ တော့ သွားလို့မရဘူးပေါ့"

ထိုသို့ပြောပြီးမှ စတန်က ဟယ်ရီ့ကို သံသယအကြည့်ဖြင့် ကြည့်ရင်း...

"ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျားက ကျွန်တော်တို့ကားကို တားလိုက်တာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ဗျ။ ဒီမယ်...ကျွန်တော်ပြောတာ နားထောင်ပါဦး၊ လန်ဒန်ကို သွားချင်ရင် ကားခ ဘယ်လောက်ပေးရမလဲ"

"ငွေသား ၁၁ ကျပ် ကျပါတယ်။ အဲ...ဒါပေမဲ့ ချောကလက်ပါ စားမယ်

mgkoe.com

mgyoe.com


ဆိုရင်တော့ ၁၄ ကျပ်၊ ရေသန့်ဘူးနဲ့ သွားပွတ်တံပါ ယူမယ်ဆိုရင် ၁၅ ကျပ်ကျတယ်။ သွားပွတ်တံက ခင်ဗျားကြိုက်တဲ့အရောင် ရွေးလို့ရတယ်"

ဟာယ်ရီက သူ့ပိုက်ဆံအိတ်ကိုရှာရန် ခရီးဆောင်သေတ္တာကို ဖွင့်ရပြန်သည်။ ထို့နောက် ငွေဖြင့်ပြုလုပ်ထားသော ဆစ်ကယ်ပြားအချို့ကို ရေတွက်ပြီး စတန်၏လက်ထဲသို့ ထည့်လိုက်၏။ ထို့နောက် စတန်၏အကူအညီဖြင့် ခရီးဆောင်သေတ္တာနှင့် ဇီးကွက်လှောင်အိမ်ကို ကားပေါ်တင်လိုက်ကြသည်။

ကားပေါ်တွင် ထိုင်ခုံ လုံးဝမရှိချေ။ လိုက်ကာ ကာထားသော ပြတင်းပေါက်များဘေးတွင် ကြေးဝါခုတင်ခြောက်လုံးခန့် တပ်ဆင်ထားသည်။ ခုတင်ဘေးတွင် တပ်ဆင်ထားသော ကွင်းများထဲ၌ ဖယောင်းတိုင်များက လင်းလက်တောက်ပနေကြ၏။ ကားနောက်ပိုင်းရှိ ခုတင်တွင် အိပ်ရာဝင်အရက်တစ်ခွက်ကို သောက်ထားသော လူကောင်ခပ်သေးသေး ခရီးသည်တစ်ယောက်က...

"တော်ပြီ...ကျေးဇူးပဲ၊ မယူတော့ဘူး။ တချို့အရက်ပြင်းတွေဆို ကျွန်တော်က အေးအေးဆေးဆေး နှပ်ထားတာဗျ"

ဟု ပြောရင်း မှောက်လျက်လူးလိမ့်ကာ အိပ်ပျော်သွားသည်။

စတန်က ဟာယ်ရီ၏ ခရီးဆောင်သေတ္တာကို ဒရိုင်ဘာနောက်တည့်တည့်က ခုတင်အောက်တွင် နေရာချထားလိုက်ရင်း ဟာယ်ရီ့ကို...

"ခင်ဗျားက ဒီခုတင်မှာထိုင်လိုက်။ ဟောဒါက ကျွန်တော်တို့ရဲ့ ဒရိုင်ဘာပေါ့။ သူ့နာမည် အာနီပရန်းလို့ခေါ်တယ်။ အာနီရေ...ဒီက ကျွန်တော်တို့မိတ်ဆွေ ခရီးသည်လေးရဲ့ နာမည်က နယ်ဗီလီလောင်းဘော့တွန်တဲ့"

စတီယာရင်နောက်တွင် ထိုင်နေသော ဒရိုင်ဘာဖြစ်သူ အာနီပရန်းသည် အသက်ကြီးကြီး စုန်းတစ်ယောက်ဖြစ်ပြီး အလွန်ထူထဲသောမျက်မှန်ကို တပ်ဆင်ထားသည်။ သူက နှုတ်ဆက်သည့်အနေဖြင့် ဟာယ်ရီ့ကို ခေါင်းညိတ်ပြ၏။ စတန်က အာနီ့ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း...

"ဆွဲဆရာရေ"

ကြောက်မက်ဖွယ်ကောင်းသော ဒိုင်းခနဲ မြည်ဟီးသံကြီး ထွက်ပေါ်လာပြန်ပြီး ကားက အလွန်ပြင်းထန်သည့်အရှိန်ဖြင့် ရှေ့လျားသွားသည်။ ကားထွက်သည့်အရှိန် မြန်လွန်းသောကြောင့် ဟာယ်ရီမှာ ခုတင်ပေါ်သို့ ပက်လက်လန်လဲကျသွား၏။ လက်မှတ်ရောင်းဖြစ်သူ စတန်က ဟာယ်ရီ့ မျက်နှာအမူအရာကိုကြည့်ပြီး သဘောကျနေလေသည်။ စတန်က ယခု ကားရောက်နေသောနေရာကို ညွှန်ပြပြီး ဟာယ်ရီ့ကို...

"မင်း...တို့ကားကို မတားခင်တုန်းက ငါတို့ ဒီနေရာမှာ ရှိနေကြတာပေါ့။

mgyoe.com

mgyoe.com

တို့ အခု ဘယ်ကိုရောက်နေကြတာလဲ အာနီ...ဝေလနယ်ထဲမှာ ထင်ပါရဲ့ ဟုတ်လား"

"အေး"

ဟု အာနီက ပြန်ဖြေလိုက်သည်။ ဟယ်ရီက...

"ဒီဘတ်စ်ကားကြီးရဲ့အသံကို လူသာမန်တွေက မကြားကြဘူးလား"

"မတ်ဂယ်တွေကို ပြောတာလား။ သူတို့က ဘယ်ကြားမလဲကွာ၊ မြင်လည်း မမြင်ဘူး။ သူတို့မှာ မြင်သင့်မြင်တတ် ကြားသင့်ကြားတတ်တဲ့ စွမ်းရည်မှ မရှိဘဲ"

ထိုစဉ် အာနီက...

"စတန်ရေ...မဒမ်မာ့ရှ်ကို သွားနှိုးထားရင် ကောင်းမယ်ထင်တယ်။ နောက်တစ်မိနစ်လောက်ရှိ သူဆင်းမယ့် အေဘာဂေဘနီကို ရောက်တော့မယ်"

စတန်က ဟယ်ရီ့ခုတင်ဘေးမှ ဖြတ်သွားပြီး သစ်သားလှေကားထစ်များအတိုင်း အပေါ်ထပ်သို့တက်ကာ ပျောက်ကွယ်သွားသည်။ ဟယ်ရီက ပြတင်းပေါက်အပြင်ဘက်သို့ ကြည့်လိုက်မိ၏။ ထိုအခါမှပင် ပို၍ တုန်လှုပ်သွားရတော့သည်။

ဘတ်စ်ကားသည် ကြောက်မက်ဖွယ်ကောင်းသောအရှိန်အဟုန်ဖြင့် ရွေ့လျားနေသည်။ အာနီသည် အလွန်ကျွမ်းကျင်သော ဒရိုင်ဘာတစ်ယောက်ဖြစ်သည်ကို ယုံမှားသံသယ ရှိရန်မလို။ ဘတ်စ်ကားသည် ဘာကိုမှ မတိုက်မိ။ လမ်းမီးတိုင်များ၊ စာတိုက်ပုံးများသည် အစီလိုက် အတန်းလိုက်ဖြစ်ကာ ကားနောက်တွင် တရိပ်ရိပ် ကျန်ခဲ့သည်။

စတန်က အပေါ်ထပ်မှ ပြန်ဆင်းလာသည်။ သူ့နောက်တွင် ခရီးသွားဝတ်ရုံကို ခြုံထားသည့် စုန်းမကြီးတစ်ယောက် ပါလာသည်။ သူမ ဆင်းမည့်နေရာသို့ ရောက်ပြီး အာနီက ဘရိတ်ကို နင်းလိုက်သည့်အခါ...

"ကဲ...ဆင်းနိုင်ပါပြီ မဒမ်မာ့ရှ်ခင်ဗျား"

စုန်းမကြီးက သူ့ပါးစပ်ကို လက်ကိုင်ပဝါဖြင့် ကာဆို့ရင်း ကားပေါ်မှ တုန်တုန်ချည့်ချည့် ဆင်းသွား၏။ စတန်က သူမ၏အိတ်ကို အောက်သို့ချပေးပြီးနောက် ကားတံခါးကို ပြန်ပိတ်လိုက်သည်။

နောက်ထပ် ဒိုင်းခနဲ မြည်သံကြီးထွက်ပေါ်လာပြီး ကားက အရှိန်အဟုန်ပြင်းစွာဖြင့် ရွေ့လျားသွားပြန်သည်။ ကျဉ်းမြောင်းသော တောလမ်းလေးအတိုင်း မောင်းချလာရာ သစ်ပင်များ တရိပ်ရိပ် ကျန်နေခဲ့၏။

ဟယ်ရီကတော့ အိပ်မပျော်နိုင်ပါ။ ဖြစ်ခဲ့သမျှ အကြောင်းတွေကို ပြန်တွေး

mgyoe.com

နေမိ၏။ ဒါစလေမိသားစုတွေက အန်တီမာဂျိကို မျက်နှာကြက်မှနေ၍ အောက်သို့ ဘယ်လိုပြန်ဆွဲချမလဲ ဟူသည်ကိုလည်း တွေးနေမိသည်။

လက်မှတ်ရောင်းဖြစ်သူ စတန်က ပရောဟိတ်နေ့စဉ်သတင်းစာတစ်စောင်ကို ဆွဲထုတ်ယူပြီး ဖတ်နေသည်။ သတင်းစာ၏ ရှေ့ဆုံးစာမျက်နှာတွင် ဓာတ်ပုံကြီးတစ်ပုံပါရှိ၏။ မုတ်ဆိတ်မွေး၊ ဆံပင်မွေးများ ရှုပ်ယှက်ခတ်ပြီး ပိန်ချိုင့်ရှုံ့ဝင်နေသော လူတစ်ယောက်ပုံ ဖြစ်သည်။ ထိုလူက ဓာတ်ပုံထဲမှနေ၍ ဟယ်ရီ့ကို မျက်တောင်တစ်ချက် ဖြည်းလေးစွာခတ်ပြ၏။ ထူးဆန်းစွာပင် ထိုသူ့ကိုကြည့်ရသည်မှာ ဟယ်ရီ့အဖို့ သူ့စိတ်ထဲ ရင်းနှီးပြီးသားလို အောက်မေ့ရလေသည်။

ဟယ်ရီက အလန့်တကြား ပြောလိုက်သည်။

"ဒီလူ...ဒီလူပေါ့။ လူသားမတ်ဂယ်တွေရဲ့ သတင်းထဲမှာတောင် သူ့အကြောင်း ဓာတ်ပုံနဲ့ ကြေညာသွားသေးတယ်"

စတန်က သတင်းစာရှေ့ဖုံးကို ပြန်လှန်ကြည့်လိုက်ရင်း...

"ဩော်...ဆီးရီးယပ်စ်ဘလက်ကို ပြောတာလား။ သူ့အကြောင်း မတ်ဂယ်တွေရဲ့ သတင်းစာထဲမှာလည်း ပါတာပေါ့...နယ်ဗီလီရဲ့။ မင်း မသိဘူးလား။ ဘယ်မှာသွားပြီး အိပ်ပျော်နေရတာတုံး"

ပြောပြောဆိုဆိုဖြင့် စတန်က သူ့လက်ထဲမှ သတင်းစာ၏ ရှေ့ဆုံးစာမျက်နှာကို ဖြုတ်ယူပြီး ဟယ်ရီ့ဆီ ကမ်းပေးလိုက်၏။ စတန်၏အကြည့်က ဟယ်ရီ့ကို 'ဗဟုသုတနည်းရန်ကော'ဟု ထူးထူးခြားခြား သနားကရုဏာသက်နေပုံမျိုး။

"မင်း သတင်းစာများများ ဖတ်သင့်တယ် နယ်ဗီလီ"

ဟယ်ရီက ဖယောင်းတိုင်မီးအလင်းရောင်ဆီသို့ တိုးကပ်ပြီး ဖတ်ကြည့်လိုက်၏။

## ဘလက်လွတ်မြောက်နေဆဲ

*အက်ဇကာဘန်ဝိညာဉ်နုတ် အကျဉ်းထောင်ထဲတွင် ထိန်းသိမ်းထားခြင်း ခံနေရသော လူသိအနည်းဆုံး အကျဉ်းသားတစ်ဦးဖြစ်သည့် ဆီးရီးယပ်စ်ဘလက်သည် ထောင်ဖောက်ပြေးရာမှ လွတ်မြောက်နေဆဲဖြစ်ကြောင်း မှော်ဝန်ကြီးဌာနက ယနေ့ အတည်ပြုပြောကြားလိုက်သည်။*

*"ဘလက်ကို ပြန်မိဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားနေကြပါတယ်။ စုန်းကဝေ ပြည်သူလူထုကြီးကိုလည်း တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး နေမြဲတိုင်းနေကြဖို့ မေတ္တာရပ်ခံထားပါတယ်"*

mgyoe.com

mgyoe.com

ဟု မော်ဝန်ကြီး ကော်နဲလီးယပ်စ်ဖတ်ဂျ်က ပြောကြားသွားသည်။ ယခု အရေးအခင်းကို လူသားမတ်ဂယ်များလောကမှ နိုင်ငံတော်ဝန်ကြီး ချုပ်ထံသို့ သိအောင် သတင်းထုတ်ပြန်ပေးပို့ခဲ့သည့်အတွက် ဖတ်ဂျ်ကို နိုင်ငံတကာ စုန်းကဝေပညာရှင်များအဖွဲ့ချုပ်မှ အဖွဲ့ဝင်တချို့က ပြင်းပြင်း ထန်ထန် ဝေဖန်ကြသည်။

ဖတ်ဂျ်က တုံ့ပြန်ပြောကြားရာတွင်...

"ဟုတ်တယ်...ဒီသတင်းကို လူသားတွေလည်းသိအောင် လုပ်ရမှာပဲ။ ဆီးရီးယပ်စ်ဘလက်က သွေးဆာနေတဲ့ စိတ္တဇလူသတ်သမားပဲ။ သူ့ကို စိတ်ဆိုးအောင် လုပ်တဲ့သူမှန်သမျှကို ဒုက္ခပေးလိမ့်မယ်။ လူသားလား၊ စုန်းလား ခွဲခြားနေမှာ မဟုတ်ဘူး။ ဒါကြောင့် လူသားတွေလည်း သူတို့ရဲ့ အန္တရာယ်ကို ကြည့်ရှောင်နိုင်ဖို့ သူတို့ဝန်ကြီးချုပ်ဆီ အကြောင်းကြားပေး လိုက်တာ၊ လူသားဝန်ကြီးချုပ်ဆီက အာမခံချက် တစ်ခုတော့ အရယူနိုင် ခဲ့တယ်။ အဲဒါက ဘာလဲဆိုတော့ ဆီးရီးယပ်စ်ဘလက်ဟာ စုန်းကဝေ တစ်ယောက်ဖြစ်တယ်ဆိုတဲ့အကြောင်း လုံးဝ ထုတ်ဖော်ပြောကြားခြင်း မပြုပါဘူးဆိုတဲ့အချက်ပဲ"

လူသားများကိုအသိပေးသည့် သတင်းကြေညာချက်ထဲတွင် ဘလက်သည် သေနတ်တစ်လက်ကို ကိုင်ဆောင်ထားသည်ဟု ဖော်ပြ ပါရှိသည်။ (သေနတ်ဆိုသည်မှာ လူသားများ တစ်ဦးနှင့်တစ်ဦး သတ် ဖြတ်ရာတွင် အသုံးပြုသော သတ္တုဖြင့်ပြုလုပ်ထားသည့် ဆေးတောင်ဝှေး တစ်မျိုး ဖြစ်သည်။)

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ခန့်က ဘလက်၏ ယုတ်မာရက်စက်မှု ကြောင့် စုန်းကဝေ ပြည်သူလူထုတစ်ရပ်လုံး တုန်လှုပ်ချောက်ချားခဲ့ရဖူး သည်။ အကြောင်းမှာ ဘလက်သည် လူဆယ့်သုံးဦးကို ကျိန်စာတစ်ချက် တည်းနှင့် ပွဲချင်းပြီး သတ်ဖြတ်ခဲ့သောကြောင့် ဖြစ်သည်။

ဟယ်ရီက မျက်တွင်းများချိုင့်နေသော ဆီးရီးယပ်စ်ဘလက်၏ မျက်လုံး များထဲသို့ စိုက်ကြည့်လိုက်သည်။ ပိန်ချုံးကျနေသော ဘလက်၏မျက်နှာပေါ်တွင် အသက်ဝင်နေသည်ဟု ထင်ရသည့်အရာမှာ ထိုမျက်လုံးတစ်စုံသာ ရှိလေသည်။ ဟယ်ရီသည် အောက်လမ်းမိစ္ဆာနှိမ်နင်းရေးဘာသာရပ် ပြဋ္ဌာန်းစာအုပ်များထဲတွင် သွေးစုပ်ဖုတ်ကောင်၏ ဓာတ်ပုံကို မြင်ဖူးသည်။ ယခု တွေ့နေရသော ဆီးရီးယပ်စ် ဘလက်၏ ဖယောင်းသားလို ဖြူရော်ရော်မျက်နှာသည် သွေးစုပ်ဖုတ်ကောင်နှင့် တူသည်ဟု အောက်မေ့မိလေသည်။

mgyoe.com

mgyoe.com

စတန်က...

"တော်တော်ကြောက်စရာကောင်းတဲ့ မျက်နှာပဲနော်"

"သူက ကျိန်စာတစ်ချက်တည်းနဲ့ လူဆယ့်သုံးယောက်ကို သတ်ခဲ့တယ်ဟုတ်လား"

ဟု ဟယ်ရီက မေးလိုက်၏။ စတန်က...

"ဟုတ်တယ်။ မျက်မြင်သက်သေတွေ အများကြီးရှေ့မှာ ဖြစ်ခဲ့တာပေါ့။ နေ့ခင်းကြောင်တောင် လင်းလင်းကျင်းကျင်းကြီးမှာကို သတ်ပစ်လိုက်တာ။ တကယ့်ပြဿနာကြီးပါပဲ။ ဟုတ်တယ်မဟုတ်လား အာနီ"

"အေး"

ဟု အာနီက တိုတိုပြတ်ပြတ် ဖြေလိုက်၏။ စတန်က...

"အဲဒီ ဆီးရီးယပ်စ်ဘလက်ဆိုတဲ့လူဟာ မိစ္ဆာသခင်ကြီးရဲ့ အားကိုးရတဲ့ လက်ရုံးတစ်ဆူ ဖြစ်ခဲ့တာပေါ့"

"ဘာ...ဗိုဒီမော့ကို ပြောတာလား"

ဟယ်ရီ၏ပါးစပ်မှ ဗိုဒီမော့ဟူသော နာမည်ကို ကြားလိုက်ရသောကြောင့် စတန်၏ မျက်နှာပေါ်မှ မှဲ့ခြောက်များသည်ပင် ဆွတ်ဆွတ်ဖြူသွားသည်ဟု အောက်မေ့ရသည်။ ဒရိုင်ဘာဖြစ်သူ အာနီ၏လက်က ကြောက်လန့်စိတ်ဖြင့် တုန်သွားသောကြောင့် မော်တော်ကားစတီယာရင်က ခါယမ်းသွားသည်။

စတန်က အထစ်ထစ်အငေါ့ငေါ့ဖြင့်...

"မင်း...မင်း...မိစ္ဆာသခင်ကြီးရဲ့နာမည်ကို ပြောရဲတယ်ဟုတ်လား"

ဟယ်ရီက ကမန်းကတန်းဖြင့်...

"ဆောရီးဗျာ...ကျွန်တော်...ကျွန်တော် မေ့သွားလို့"

"ဘာ...မေ့သွားတယ် ဟုတ်လား။ ဒါဆို မင်း အရင်ကလည်း ပြောနေကျလို့ ဆိုလိုတာလား၊ ငါတော့ ရင်တွေတောင်တုန်လာပြီ"

ဟယ်ရီက သူ့စကားမှားသွားမှန်း သိလိုက်ပြီး တောင်းပန်းတိုးလျှိုးသည့်လေသံဖြင့်...

"ဒါ...ဒါဆို ဘလက်ဟာ ဟိုကောင်ကြီးရဲ့ ဘက်တော်သားပေါ့နော်"

"မှန်တာပေါ့ကွာ။ သူဟာ မိစ္ဆာသခင်ကြီးရဲ့ အနီးကပ်တပည့်လက်ရုံးပေါ့။ ဟို ဟယ်ရီပေါ်တာကလေးက မိစ္ဆာသခင်ကြီးကိုလည်း အနိုင်ယူလိုက်တဲ့အခါ မိစ္ဆာလက်ရုံးတပည့်တွေ အကုန်လုံး ဦးကျိုးသွားတော့တာပဲ။ ဟုတ်တယ်မဟုတ်လား အာနီ၊ မိစ္ဆာသခင်ကြီး ရှုံးသွားပြီဆိုတော့ သူတို့အားကိုးစရာမရှိတော့ဘူးလေ။ အဲဒီတော့ အမြီးကုတ်သွားကြတာပေါ့။ ဒါပေမဲ့ ဆီးရီး ယပ်စ်

mgyoe.com

mgyoe.com

ဘလက်ကတော့ အဲဒီလို နောက်ဆုတ်လက်လျှော့သွားတဲ့အထဲမှာ မပါဘူး။ ငါ ကြားမိတာပြောရရင် ဘလက်ဟာ မိစ္ဆာဂိုဏ်းရဲ့ ဒုတိယအကြီးအကဲအဖြစ် သူ့ကိုယ်သူ သတ်မှတ်ပြီး ဟိုကောင်ကြီးရဲ့ အရိုက်အရာကို ဆက်ခံမယ်ဆိုပဲ။

ဘလက်ကို လူသားမတ်ဂယ်တွေ အပြည့်ရှိနေတဲ့ လမ်းတစ်လမ်းအလယ်မှာ ဝိုင်းပိတ်ဖမ်းကြတယ်။ အဲဒီမှာတင် ဘလက်ဟာ သူ့ဆေးတောင်ဝှေးကိုထုတ်ပြီး တစ်ချက်တည်း ဝှေ့ယမ်းလိုက်တာ လမ်းထဲရှိတဲ့ လူတစ်ဝက်လောက် အတုံးအရုံး ဖြစ်သွားတော့တာပဲ။ မျက်စိတစ်မှိတ်အချိန်အတွင်းမှာ စုန်းတစ်ယောက် သေတယ်။ လူလည်း ဆယ့်နှစ်ယောက်လောက် သေသွားတယ်။ သိပ်ကြောက်စရာကောင်းတာပဲ။ အဲ့ဒီလို လူတွေကိုလည်း သတ်ပြီးရော ဘလက် ဘာလုပ်တယ်ထင်လဲ မင်းသိလား"

ထိုသို့မေးလိုက်သည့် စတန်၏ ဟန်က ပြဇာတ်ဆန်နေသည်။ ဟယ်ရီက...

"ဘာလုပ်သလဲ"

"ရယ်နေတယ်ကွ၊ အလောင်းကောင်တွေကြားမှာရပ်ပြီး တဟားဟား ရယ်နေတာ။ မှော်ဝန်ကြီးဌာနက နှိမ်နင်းရေးအကူတပ်တွေ ရောက်သွားတဲ့အချိန်အထိ ဘလက်ဟာ မားမားကြီးရပ်ပြီး အူလှိုက်သည်းလှိုက် ရယ်နေတုန်းပဲ။ ဒီလိုလုပ်တာ သူ ရူးနေလို့သာပေါ့။ ဟုတ်တယ် မဟုတ်လား အာနီ။ ဘလက်ဟာ စိတ္တဇ လူသတ်သမား မဟုတ်လား"

"သူသာ မရူးရင် အက်ဇကာဘန်အကျဉ်းထောင်ကို ဘယ်အပို့ခံရမလဲ။ ငါကိုယ်တိုင်သာ အဲဒီ အခင်းဖြစ်တဲ့နေရာကို ရောက်မသွားဘူးဆိုရင် ဒီကိစ္စကို ပုံကြီးချဲ့ပြောတယ်လို့တောင် ထင်မိမှာ။ ငါရောက်သွားတဲ့အချိန်မှာ လူတွေ သေထားလိုက်ကြတာ အတုံးအရုံးပဲ"

ဟု အာနီက ပြောလိုက်၏။ စတန်က...

"လူသားမတ်ဂယ်တွေ ဒီလောက် အများကြီး သေတဲ့ကိစ္စကို ဘယ်လို ဖုံးကွယ်ပြီး သတင်းထုတ်ပြန်သလဲ အာနီ"

"ဓာတ်ငွေ့လိုင်းပေါက်ကွဲတယ်လို့ ဖုံးဖုံးဖိဖိ သတင်းလွှင့်လိုက်ကြတယ်"

စတန်က သတင်းစာထဲမှ ဘလက်၏ဓာတ်ပုံကို ထပ်ကြည့်လိုက်ရင်း...

"အခုတော့ ဒီလူ လွတ်လာပြန်ပြီပေါ့။ အက်ဇကာဘန်ဝိညာဉ်နုတ်အကျဉ်းထောင်ကြီးရဲ့ ရာဇဝင်မှာ ထောင်ဖောက်ပြေးနိုင်တဲ့ အကျဉ်းသား စုန်းကဝေရယ်လို့ တစ်ယောက်မှ မပေါ်ပေါက်ခဲ့ဖူးဘူး။ ဟုတ်တယ် မဟုတ်လား အာနီ။ သူ ဘယ်လို လုပ်ပြီးတော့များ ထောင်ဖောက်ပြေးနိုင်သလဲဆိုတာ စဉ်းစားလို့တောင် မရဘူး။ ကြောက်စရာပဲ။ အက်ဇကာဘန်အကျဉ်းထောင်ကြီးရဲ့ အစောင့်တွေဟာ သာမန်

mgyoe.com

mgyoe.com

ကဝေတွေ မဟုတ်ဘူး။ သူတို့လက်က လွတ်ဖို့ဆိုတာ စဉ်းတောင်မစဉ်းစားရဲတဲ့ ကိစ္စပဲ။ ဟုတ်တယ်မဟုတ်လား အာနီ"

အာနီ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွား၏။ ထို့နောက် သူက...

"တခြားအကြောင်း ပြောစမ်းပါ စတန်ရာ...ချာတိတ်လေး ကြောက်သွားပါ့မယ်။ အဲ့ဒီ အက်ဇကာဘန်အကျဉ်းထောင်စောင့်တွေအကြောင်း ကြားလိုက်ရုံနဲ့ ငါတော့ ရင်တုန်ပန်းတုန် ဖြစ်လွန်းလို့"

စတန်က သတင်းစာကို ချထားလိုက်၏။ ဟယ်ရီက ကားပြတင်းပေါက်ကို မှီပြီး ထိုင်နေလိုက်သည်။ သူ့အထင်ပြောရလျှင် လက်မှတ်ရောင်းသမား စတန်သည် သူ့ခရီးသည်များကို မပျင်းရိရအောင် ထွေရာလေးပါးစကားတွေ ဟောင်ဖွာ ဟောင်ဖွာပြောပြီး ညည့်ခံတတ်သူ ဖြစ်ပုံရ၏။ ထိုသို့ဆိုလျှင် နောက်တစ်နေ့တွင် စတန်၏ပါးစပ်မှ...

"ဟယ်ရီပေါ်တာအကြောင်း ကြားပြီးပြီလား။ သူ့အဒေါ်ကို မိုးပျံပူဖောင်းလို ဖောင်းကားပြီး လေထဲမှာ လွင့်နေအောင်လုပ်သတဲ့လေ။ ကျွန်တော်တို့ ဘတ်စ်ကားနဲ့တောင် လိုက်လာသေးတယ်။ အခုတော့ ဝရမ်းပြေးဖြစ်နေရှာလေရဲ့။ ဟုတ်တယ်မဟုတ်လား အာနီ"

ဟု သူ့အကြောင်း ပြောနေပေလိမ့်မည်။

ဟယ်ရီက တွေးရင်းနှင့် ပို၍ စိတ်မချမ်းမသာ ဖြစ်လာ၏။ သူကော ဆီးရီးယပ်စ်ဘလက်နှင့် ဘာထူးသေးသနည်း။ ယခု သူသည်လည်း ဥပဒေကို ချိုးဖောက်ခဲ့သူ ရာဇဝတ်ကောင်တစ်ဦး ဖြစ်နေရပြီ မဟုတ်လား။

ဝိညာဉ်နုတ်အကျဉ်းထောင်ကြီးနှင့် ပတ်သက်၍ ဟယ်ရီ ဘာတစ်ခုမှ မသိပါ။ သို့သော် ထိုအကျဉ်းထောင်နှင့်ပတ်သက်၍ စကားစပ်မိတိုင်း ပြောကြသူအပေါင်းက ကြောက်သေးဖြန်းဖြန်းပါမတတ် တုန်လှုပ်ကြသည်ကိုတော့ ဟယ်ရီ သတိထားမိ၏။ ပြီးခဲ့သည့် စာသင်နှစ်က ဟယ်ရီတို့ကျောင်းမှ ကျောင်းစောင့်ကြီး ဟက်ဂရစ်သည် မသင်္ကာမှုဖြင့် အဖမ်းခံရပြီး နှစ်လခန့် ပျောက်သွားခဲ့ဖူးသည်။ (ဟယ်ရီပေါ်တာနှင့် မိစ္ဆာခန်းဆောင်)

ဟက်ဂရစ် ပြန်လွတ်လာသည့်အခါ သူ့ကို ဘယ်ခေါ်သွားတာလဲဟု မေးမိစဉ် ဟက်ဂရစ်၏မျက်နှာတွင် ထင်ဟပ်လာသည့် ကြောက်ရွံ့မှု အမူအရာကို ဟယ်ရီ မမေ့နိုင်ပါသေးချေ။ ဒါတောင်မှ ဟက်ဂရစ်သည် သတ္တိအကောင်းဆုံးလူများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

ဘတ်စ်ကားကြီးက အရှိန်ပြင်းပြင်းဖြင့် ခရီးနှင်နေဆဲ။ ဟယ်ရီက စိတ်မချမ်းမြေ့စွာဖြင့် ငှက်မွေးအိပ်ရာပေါ် လှဲချလိုက်သည်။ ထိုခဏအကြာတွင် စတန်က

mgyoe.com

ချောကလက်ဖျော်ရည်ဖိုးအတွက် ဟယ်ရီ ပိုက်ဆံပေးထားသည်ကို သတိရသွားပြီး ချောကလက်ဖျော်ရည်တစ်ခွက် ယူလာသည်။ သို့သော် ကားက ကျွီခနဲ ဆောင့်ရပ်လိုက်သောကြောင့် ချောကလက်ဖျော်ရည်များက ဟယ်ရီ့ခေါင်းအုံးပေါ်သို့ မှောက်ကျသွား၏။

ကားအပေါ်မှ ဝတ်ရုံရှည်ကြီးများ ဝတ်ဆင်ပြီး ညှပ်ဖိနပ်စီးထားသည့် စုန်းကဝေများ ဆင်းသွားကြသည်။

နောက်ဆုံးတွင် ခရီးသည်ဟူ၍ ဟယ်ရီတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။ စတန်က လက်ခုပ်တစ်ချက်တီးလိုက်ရင်း...

"ကဲ...နယ်ဗီလီရေ...လန်ဒန်မြို့ရဲ့ ဘယ်နေရာကို သွားချင်တာလဲ ပြော"

ဟယ်ရီက...

"ဒိုင်ယာဂွန်အယ်လေ"

"ဟုတ်ပြီ...မြဲမြဲကိုင်ထား၊ ဆွဲဆရာရေ့"

"ဝုန်း"

ဘတ်စ်ကားသည် ချယ်ရင်ခရော့စ်လမ်းအတိုင်း ဆူညံစွာ မြည်ဟီးလျက်မောင်းနှင်သွားသည်။ ဟယ်ရီက ခုတင်ပေါ်တွင် ထထိုင်ရင်း ပြင်ပမှ ရှုခင်းများကို ငေးကြည့်နေမိ၏။ ကောင်းကင်က တစ်စ တစ်စနှင့် အရုဏ်ရောင်ခြည်သန်းလာသည်။ ဂရင်းဂေါ့သို့ရောက်လျှင် ဘဏ်ဖွင့်ဖို့ တစ်နာရီ၊ နှစ်နာရီလောက်တော့ စောင့်ရဦးမည် ထင်သည်။

ဘဏ်ဖွင့်ပြီဆိုသည်နှင့်တစ်ပြိုင်နက် သူ အရင်ဦးဆုံးဝင်ပြီး ငွေထုတ်မည်။ ငွေထုတ်ယူပြီးလျှင် တစ်နေရာရာသို့သွားပြီး ခြေရာဖျောက်မည်။ ဘယ်ကိုသွားရမည်နည်း။ ဒါကိုတော့ သူမသိ။

ဒရိုင်ဘာအာနီက ဘရိတ်ကိုအုပ်လိုက်သည်။ ဘတ်စ်ကားသည် 'လီကီကော်ဒရွန်'ဟု အမည်ရသော ဘီယာဆိုင်သေးသေးလေး၏ ရှေ့တွင် ရပ်သွား၏။ ထို 'လီကီကော်ဒရွန်'ဆိုင်ကလေး၏ နောက်ဘက်တွင် စုန်းလောကနှင့် လူ့လောကကို ဆက်သွယ်ပေးထားသည့် အဝင်လမ်း (ဒိုင်ယာဂွန်အယ်လေ) ရှိလေသည်။

"ကျေးဇူးပဲ"

ဟု ဟယ်ရီက ဒရိုင်ဘာကို လှမ်းပြောလိုက်သည်။ သူ ကားပေါ်မှဆင်းသောအခါ လက်မှတ်ရောင်းသမား စတန်က သူ့ခရီးဆောင်သေတ္တာနှင့် ဇီးကွက်လှောင်အိမ်ကို ပလက်ဖောင်းပေါ်သို့ ကူချပေး၏။ ဟယ်ရီက နှုတ်ဆက်လိုက်သည်။

"ကဲ...တာ့တာ၊ သွားတော့မယ်"

mgyoe.com

mgyoe.com

သို့သော် စတန့်ဆီမှ စကားပြန်မရ။ စတန့်အာရုံက ဟယ်ရီ့ကိုကျော်၍ လိကီကော်ဒရွန်ဆိုင်၏ အမှောင်ရိပ်ကျနေသော အဝင်ဝဆီသို့ ရောက်နေ၏။ ထိုနေရာမှ စကားသံတစ်ခု ထွက်ပေါ်လာသည်။

"ဩော်...မင်း ရောက်လာမှကိုး...ဟယ်ရီ"

ဟယ်ရီ လှည့်မကြည့်နိုင်ခင်မှာပင် လက်တစ်ဖက်က သူ့ပခုံးပေါ် လာတင်သည်။ စတန်ကလည်း အော်ကြီးဟစ်ကျယ်ဖြင့် သူ့ဒရိုင်ဘာကို လှမ်းခေါ်နေ၏။

"အာနီ...ဒီမှာ...ဒီမှာ လာကြည့်စမ်းပါဦး"

ဟယ်ရီက သူ့ပခုံးလာကိုင်သူကို လှမ်းကြည့်လိုက်သည်။ အူတွေ၊ အသည်းတွေ ပြောင်းဆန်သွားသလို ခံစားလိုက်ရ၏။ ထိုသူကား အခြားမဟုတ်။ မှော်ဝန်ကြီး ကော်နဲလီးယပ်စ်ဖတ်ဂျ်ပင်တည်း။

ဟယ်ရီ့အဖို့ ကျားရှေ့မှောက်လျက်လဲခဲ့ချေပြီ။

စတန်က ပလက်ဖောင်းပေါ်သို့ ခုန်ဆင်းလိုက်ရင်း...

"ဝန်ကြီးခင်ဗျာ၊ နယ်ဗီလီ့ကို ဝန်ကြီးက ဘယ်လိုနာမည်နဲ့ ခေါ်လိုက်တာပါလိမ့်"

မှော်ဝန်ကြီးကော်နဲလီယပ်စ်ဖတ်ဂျ်က မျက်မှောင်ကြုတ်လိုက်ရင်း...

"နယ်ဗီလီ ဟုတ်လား...ဒါက ဟယ်ရီပေါ်တာပါကွယ့်"

စတန်တစ်ယောက် ဝမ်းသာသွားပြီး ခြေမကိုင်မိ လက်မကိုင်မိနှင့် အော်ဟစ်လျက်...

"ကျွန်တော်သိတယ်၊ အာနီရေ...အာနီ...ခုနက နယ်ဗီလီဆိုတဲ့ကောင်လေးဟာ ဘယ်သူလို့ထင်လဲ။ အဲဒါ ဟယ်ရီပေါ်တာတဲ့ဗျ၊ ကျွန်တော် သူ့အမာရွတ်ကို မြင်လိုက်တယ်"

မှော်ဝန်ကြီးက စကားကို ဖြတ်လိုဟန်ဖြင့်...

"အင်း...မင်းတို့ သူ့ကို ဒီနေရာအရောက် ခေါ်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကဲ...ကဲ...ငါလည်း ဟယ်ရီနဲ့ ပြောစရာလေးတွေ ရှိသေးလို့ ဆိုင်ထဲဝင်လိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ဖတ်ဂျ်က ဟယ်ရီ့ပခုံးကို မသိမသာ ဖိညှစ်ဆုပ်ကိုင်ရင်း ဘီယာဆိုင်ထဲသို့ ဆွဲခေါ်လာခဲ့သည်။

ဆိုင်ထဲရှိ ဘားကောင်တာနောက်တွင် ပေါ်လာသူက ဆိုင်ရှင်အဘိုးကြီး တွမ်ဖြစ်၏။ သွားများပင် မရှိတော့သည့် နဖူးအရေပြားများ တွန့်လိမ်နေသော သေးသေးညှပ်ညှပ် အဘိုးအို တွမ်က...

"ဩော်...ဝန်ကြီးက သူ့ကို မိလာပြီကိုး။ ကဲ...ဘာသုံးဆောင်မလဲ၊ ဘီယာ

mgyoe.com

mgyoe.com

လား၊ ဘရန်ဒီလားခင်ဗျာ"

"လက်ဖက်ရည်တစ်အိုးလောက်ပဲ ပေးပါကွာ"

ဖတ်ဂျ်၏လက်များက ယခုအချိန်ထိ ဟယ်ရီ့ကို မလွှတ်သေး။

သူတို့နောက်ဘက်မှ အသံဗလံများကြောင့် လှည့်ကြည့်လိုက်ရာ စတန်နှင့် အာနီတို့က ဟယ်ရီ၏ ခရီးဆောင်သေတ္တာနှင့် ဇီးကွက်လှောင်အိမ်တို့ကို သယ်လာကြသည်ကို မြင်ရ၏။ သူတို့ပုံစံက ပြုံးတူးပြုံးတဲ့နှင့် စိတ်လှုပ်ရှားနေသည့်အသွင်မျိုး။ စတန်က...

"မင်းကိုယ်မင်း ဟယ်ရီပေါ်တာဆိုတာ ဘာဖြစ်လို့ စောစောက မပြောတာလဲ နယ်ဗီလီရာ"

အာနီကလည်း စတန်၏ ပခုံးပေါ်မှကျော်၍ စပ်စုသည့်အကြည့်ဖြင့် ကြည့်နေ၏။ မော်ဝန်ကြီး ဖတ်ဂျ်က မနှစ်မြို့ဟန်ဖြင့် ဆိုင်ရှင်အား...

"တွမ်...ငါတို့နှစ်ယောက်တည်းစကားပြောလို့ရမယ့် သီးသန့်ခန်း မရှိဘူးလား"

ဟု မေးလိုက်၏။ ဟယ်ရီက အာနီနှင့် စတန်တို့ကို စိတ်မကောင်းစွာဖြင့် နှုတ်ဆက်လိုက်သည်။

"ဘိုင့်ဘိုင်"

"ဘိုင့်ဘိုင်...နယ်ဗီလီ"

ဟု စတန်က ပြန်၍ နှုတ်ဆက်လိုက်သည်။

သီးသန့်ခန်းထဲသို့ ရောက်သောအခါ မော်ဝန်ကြီးဖတ်ဂျ်က ဟယ်ရီ့ကို မီးဖိုဘေးရှိ ထိုင်ခုံတစ်လုံးဆီသို့ ညွှန်ပြရင်း...

"ထိုင်...ဟယ်ရီ"

ဟယ်ရီက ထိုင်ချလိုက်သည်။ မီးဖိုကြောင့် နွေးနေရမည့်အစား သူ့ကိုယ်မှ ကြက်သီးများထလာ၏။ ဖတ်ဂျ်က ဟယ်ရီနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ရင်း...

"ငါ့နာမည်က ကော်နဲလီးယပ်စ်ဖတ်ဂျ်လို့ ခေါ်တယ်...ဟယ်ရီ။ မော်ဝန်ကြီးဌာနရဲ့ ဝန်ကြီးပေါ့"

ဟယ်ရီက သူ့ကို ယခင်ကတည်းက မြင်ဖူးပြီးသားဖြစ်သည်။ သို့သော် အဲဒီတုန်းက ဟယ်ရီက ကိုယ်ပျောက်ဝတ်ရုံကို ခြုံထားသောကြောင့် ကော်နဲလီးယပ်စ်ဖတ်ဂျ်ကမူ မသိခဲ့ရှာပေ။ (ဟယ်ရီပေါ်တာနှင့် မိစ္ဆာခန်းဆောင်)

ဆိုင်ပိုင်ရှင် တွမ်က လက်ဖက်ရည်ဗန်းကိုသယ်လျက် အခန်းထဲသို့ ဝင်လာသည်။ သူတို့နှစ်ယောက်စာ လက်ဖက်ရည် တည်ခင်းပေးပြီးနောက် ပြန်ထွက်

mgyoe.com

mgyoe.com
သွားပြီး အခန်းတံခါးကို ပိတ်ထားပေးခဲ့၏။

ဖတ်ဂျ်က လက်ဖက်ရည်ကို ခွက်ထဲသို့လောင်းထည့်ပေးရင်း...

"ကဲ...ဟယ်ရီ။ မင်းလုပ်ပုံကြောင့် ငါတို့ တော်တော်စိတ်ရှုပ်သွားကြတယ်။ မင်းဦးလေးနဲ့ အဒေါ်အိမ်က ထွက်ပြေးလာတဲ့ကိစ္စကိုပြောတာ။ ကဲ...ဒါတွေထားပါလေ။ အခု လောလောဆယ် မင်း ဘေးကင်းရန်ကင်းဖြစ်နေတာကို မြင်ရ တာနဲ့ တင် ငါဝမ်းသာလှပါပြီ။ အရေးကြီးတာက အဲဒါပဲလေ။ မင်း ဘေးမသီ ရန်မခဖို့ပဲ။ ကဲ...စားလိုက်ဦး ဟယ်ရီ။ မင်းကိုကြည့်ရတာ ငေးငေးငေါင်ငေါင်နဲ့"

ဖတ်ဂျ်က ပေါင်မုန့်မီးကင်တစ်ချပ်ကို သူကိုယ်တိုင် ထောပတ်သုတ်ပေးပြီး ဟယ်ရီ့ထံသို့ ပန်းကန်ကို ထိုးပေး၏။ ထို့နောက် သူကပင်ဆက်၍...

"မင်းနဲ့ အန်တီမာဂျီ ဖြစ်ခဲ့တဲ့ကိစ္စကို ငါတို့ ဖြေရှင်းလိုက်ပြီးပါပြီ။ ဒါကို ကြားရလို့ မင်းဝမ်းသာမယ်ထင်ပါတယ်။ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ မတော်တဆ ထိခိုက်ဒဏ်ရာရမှု မှော်ပြဿနာဖြေရှင်းရေးအဖွဲ့သား နှစ်ယောက်ကို အဲဒီအိမ်ကို ငါတို့လွှတ်လိုက်တယ်။ မင်း အဒေါ်ရဲ့ မှတ်ဉာဏ်ထဲက အစိတ်အပိုင်း တချို့ကို ဖယ်ရှားတဲ့ကုထုံးနဲ့ ဟိုကိစ္စကို မေ့သွားအောင် မန်းမှုတ်ကုစားလိုက်ပြီးပြီ။ ဘာပြဿနာမှ မရှိတော့ဘူး"

ဖတ်ဂျ်က ပြောရင်းက ဟယ်ရီ့ကို ပြုံးပြုံးကြီးကြည့်နေ၏။ ဟယ်ရီက သူ့နားကိုပင် သူ မယုံချင်။ သူ တစ်စုံတစ်ခုပြောရန် ပါးစပ်ဟလိုက်၏။ သို့သော် ဘာပြောရမည်မှန်းမသိသဖြင့် ပါးစပ်ကို ပြန်ပိတ်ထားလိုက်သည်။ ဖတ်ဂျ်က...

"ဘာလဲ...မင်းဦးလေးနဲ့ အဒေါ်က ပြဿနာရှာမှာ စိုးရိမ်နေသေးလို့လား။ အေးလေ...သူတို့ကတော့ ဒေါကန်နေမှာပေါ့။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ မင်း ခရစ္စမတ် အားလပ်ရက်တွေနဲ့ နွေရာသီကျောင်းပိတ်ရက်တွေမှာ အဲဒီအိမ်ကို ပြန်မယ်ဆိုရင် သူတို့ အရင်လိုပဲ လက်ခံကြရဦးမှာပါ"

ဟယ်ရီက လည်ချောင်းတစ်ချက်ရှင်းလိုက်ရင်း...

"ခရစ္စမတ်ပွဲတော်ရက်တွေမှာ ကျွန်တော် ဘယ်တော့မှ အိမ်မပြန်ဘူး။ အို... ဖြစ်နိုင်ရင် ကျွန်တော် အဲဒီအိမ်ကို ဘယ်တော့မှ ပြန်မသွားချင်ဘူး"

"အေးလေ...ဒါက မင်း သွေးပူနေတုန်းမို့ ပြောတဲ့စကားပါ။ စိတ်ဆိုးပြေသွားတော့လည်း အေးအေးဆေးဆေး ပြန်စဉ်းစားသေးတာပေါ့။ မင်းမှာ ဆွေမျိုးဆိုလို့ သူတို့ပဲရှိတာ မဟုတ်လား။ ဘာပဲပြောပြော မင်းတို့ တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် ရှိကြလိမ့်မယ်လို့ ငါယုံပါတယ်"

ဖတ်ဂျ်၏တွက်ကိန်းမှားပြီဟု ဟယ်ရီ စိတ်ထဲမှပြောလိုက်မိ၏။ လောလော ဆယ်တွင် ဟယ်ရီ ကြားချင်နေသည်က သူ ဘယ်လို အပြစ်ပေး အရေးယူခံရမလဲ
mgyoe.com

mgyoe.com

ဆိုသည့်ကိစ္စ ဖြစ်သည်။

ဖတ်ဂျ်က သူ့အတွက် ပေါင်မုန့်ကို ထောပတ်သုတ်နေရင်း...

"အခု ငါတို့ဖြေရှင်းဖို့ကျန်တဲ့ ပြဿနာက ကျောင်းပြန်မတက်ရခင် နွေရာသီ ကျောင်းပိတ်ရက်နှစ်ပတ်စာကို မင်း ဘယ်မှာသွားနေမလဲဆိုတဲ့ကိစ္စပဲ။ ငါ့သဘော ပြောရရင် ဟောဒီ လီကီကော်ဒရွန်မှာပဲ အခန်းတစ်ခန်းငှားပြီး မင်းတည်းနေရင် ကောင်းမယ်ထင်..."

ဟယ်ရီက...

"ဒါဆို ကျွန်တော့်ကို ဘယ်လိုအပြစ်ပေးမှာလဲ"

"ဘာ...အပြစ်ပေးဖို့! ဟုတ်လား"

"ဟုတ်တယ်လေ...ကျွန်တော် ဥပဒေကို ချိုးဖောက်ခဲ့တာပဲ။ အသက်မပြည့် သေးတဲ့ စုန်းကဝေများ မှော်ပညာမသုံးရဆိုတဲ့ ကန့်သတ်ချက်ဥပဒေကို..."

"အို...ဒါတွေ ထားလိုက်ပါ။ ဒီလိုအသေးအဖွဲကိစ္စလေးကြောင့်တော့ မင်းကို ငါတို့ အပြစ်မပေးပါဘူး။ ဒါက မတော်တဆ ဖြစ်သွားတဲ့ဥစ္စာ။ ကိုယ့် အဒေါ်ကို မီးပုံးပျံလို လွှတ်တင်တဲ့ပုဒ်မနဲ့တော့ ဘယ်သူ့ကိုမှ အက်ဇကာဘန် အကျဉ်းထောင်ကို ပို့ရိုးထုံးစံမရှိပါဘူး"

သို့တိုင် ဟယ်ရီ၏ စိုးရိမ်စိတ်က မပြေသေး။ အတိတ်၏ ခြောက်လှန့်မှုက သူ့ရင်ထဲတွင် ကျန်နေသေးသည်။ ထို့ကြောင့် သူက မျက်မှောင်ကုပ်လိုက်ရင်း...

"မနှစ်တုန်းက ကျွန်တော် တရားဝင်သတိပေးစာတစ်စောင် ရခဲ့ဖူးသေး တယ်။ ကျွန်တော့် ဦးလေးအိမ်မှာလာပြီး သောင်းကျန်းသွားတဲ့ အိမ်စေမှင်စာတစ် ကောင်ကြောင့်ပေါ့။ (ဟယ်ရီပေါ်တာနှင့် မိစ္ဆာခန်းဆောင်) အဲဒီစာထဲမှာ ဝန်ကြီး ဌာနက ကျွန်တော့်ကို သတိပေးထားတာက နောက်တစ်ခါ ဒါမျိုးထပ်ဖြစ်ရင် ကျောင်းထုတ်ပစ်မယ်တဲ့"

"အခြေအနေတွေက မတူတော့ဘူးလေ ဟယ်ရီ။ ငါတို့ဟာ ပစ္စုပ္ပန်တည့် တည့်ကိုကြည့်ပြီး ပြောင်းလဲသင့်တဲ့ ဆုံးဖြတ်ချက်ကို ပြောင်းလဲရမယ်။ ဒါနဲ့ မင်း ကျောင်းထုတ်မခံချင်ဘူးဆိုတာ သေချာတယ်နော်"

"ဟာ...ဘာလို့ အထုတ်ခံချင်ရမှာလဲ"

"အေးလေ...ဒါဆိုလည်း ပြီးတာပဲ။ ဘာကို စိတ်ပူနေရသေးလဲ"

ဖတ်ဂျ်က ရယ်ရယ်မောမော ပြောလိုက်ပြီးနောက် ဆက်၍...

"ကဲ...ပေါင်မုန့်ထောပတ်သုတ်စားလိုက်ဦး ဟယ်ရီ။ ငါ တွမ့်ဆီကိုသွားပြီး မင်းအတွက် အခန်းပြင်ခိုင်းလိုက်ဦးမယ်"

ထွက်ခွာသွားသော ဖတ်ဂျ်၏ကျောပြင်ကို ငေးကြည့်လျက် ဟယ်ရီတစ်

mgyoe.com

mgyoe.com

ယောက်တည်း ကျန်ရစ်ခဲ့သည်။

ထူးတော့ ထူးဆန်းနေပေပြီ။ ဘာကြောင့် မော်ဝန်ကြီးကိုယ်တိုင် သူ့ကို ဒီမှာ လာစောင့်ကြိုနေရသနည်း။ နောက်ပြီး ဘာကြောင့် သူ့ကို အပြစ်မပေးဘဲ ထားလိုက်ရသနည်း။ ဒါတွေသည် ဖြစ်ရိုးဖြစ်စဉ်တော့မဟုတ်။ အကြောင်းထူး တစ်ခုခု ရှိလိမ့်မည်ဟု ဟာယ်ရီ တွေးနေမိ၏။

မော်ဝန်ကြီး ပြန်ရောက်လာသည်။ သူနှင့်အတူ ဆိုင်ပိုင်ရှင် တွမ်ပါ လိုက် လာ၏။

မော်ဝန်ကြီး ဖတ်ဂျ်က...

"အခန်းနံပါတ် ၁၁ အားနေသတဲ့...ဟာယ်ရီ။ အဲဒီမှာ မင်းနေရတာ အဆင်ပြေလိမ့်မယ်ထင်ပါတယ်။ အဲ...အရေးကြီးတာတစ်ခုပဲ မှာစရာရှိတယ်။ မင်း သဘောပေါက်မှာပါ။ မင်း လန်ဒန်မြို့ပေါ်မှာ လူသားမတ်ဂယ်တွေကြားထဲ လျှောက် သွားနေတာမျိုးကို ငါမလိုချင်ဘူး။ မင်း ဒိုင်ယာဂွန်အယ် းသကနေ တစ်ဖဝါးမှ မခွာပါနဲ့။ ပြီးတော့ အပြင်ထွက်ပြီးသွားရင်လည်း ဒီကို ညမမှောင်ခင် အရောက် ပြန်လာပါ။ ဟုတ်ပြီလား။ မင်းကို ဟောဒီက ဆိုင်ပိုင်ရှင် တွမ်က မျက်စိဒေါက် ထောက်ကြည့်နေလိမ့်မယ်"

ဟာယ်ရီက ဆွံ့အစွာဖြင့်...

"ဟုတ်ကဲ့...ကောင်းပါပြီ။ ဒါပေမဲ့ ဘာကြောင့် အဲဒီလိုမျိုး..."

"ဘာဖြစ်လို့လဲဆိုတော့ မင်းကို ငါတို့ မျက်စိအောက်က ထပ်ပြီးအပျောက် မခံချင်လို့ဘဲပေါ့ ဟာယ်ရီ။ အဲ...အဲ...ငါ ဆိုလိုချင်တာက မင်းရှိနေတဲ့နေရာကို ငါတို့ သိထားတာ အကောင်းဆုံးလို့ ပြောချင်တာပါ။ ဘာရယ်မဟုတ်ပါဘူး"

ဖတ်ဂျ်က ခပ်ပေါ့ပေါ့ပြောပြီး ရယ်မောလိုက်၏။ ထို့နောက် ပြန်ရန် ထိုင် နေရာမှ သူ့ဝတ်ရုံကြီးကို ကောက်ယူလိုက်၏။

"ကဲ...ငါသွားလိုက်ဦးမယ် ဟာယ်ရီ...။ သိတဲ့အတိုင်းပဲ၊ ငါ့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ်"

"ဘလက်ကိုကော မိဖို့နီးစပ်ပြီလား"

ကောက်ကာငင်ကာ မေးလိုက်သည့် ဟာယ်ရီ့စကားကြောင့် ဝတ်ရုံကို ကောက်ယူလိုက်သော ဖတ်ဂျ်၏ လက်ချောင်းလေးများ တုန်ယင်လွဲချော်သွား ကြ၏။ သူက...

"ဘာ...ဘာပြောလိုက်တယ်။ ဩော်...မင်းလည်း ကြားပြီးပြီကိုး။ အေး... ခုချိန်ထိတော့ မမိသေးဘူးကွ။ ဒါပေမဲ့ အချိန်တန်ရင် နွားပိန်ကန်မှာပါကွာ။ အက်ဇကာဘန်အကျဉ်းထောင်ရဲ့ အာဇာပါးကွက်သားတွေက ရာဇဝတ်ကောင်ကို

mgyoe.com

လက်မြှောက်အရှုံးပေးရိုး ထုံးစံမရှိပါဘူး။ နောက်ပြီး အထူးသဖြင့် ဒီကိစ္စကို သူတို့တွေ ကြိတ်မနိုင်ခဲမရ မကျေမချမ်း ဒေါကန်နေကြတယ်။ ကဲ...ငါ သွားလိုက်သွားဦးမယ်ဟေ့"

ဟယ်ရီက ဝန်ကြီးနှင့် လက်ဆွဲနှုတ်ဆက်လိုက်သည်။ ထိုအခိုက်အတန့်မှာပင် သူ့ခေါင်းထဲ၌ စိတ်ကူးတစ်ခု ပေါ်လာ၏။ ထို့ကြောင့်...

"ဝန်ကြီးခင်ဗျား...ကျွန်တော် အကူအညီတစ်ခု တောင်းပါရစေ"

"ပြောလေ"

"ကျွန်တော်တို့ တတိယနှစ်ကျောင်းသားတွေဟာ ဟော့မိဒ်ကျေးရွာကို အလည်အပတ်သွားခွင့် ရကြပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဦးလေးနဲ့ အဒေါ်က ခွင့်ပြုစာပုံစံမှာ လက်မှတ်မထိုးပေးကြဘူး။ အဲဒါ ဝန်ကြီးအနေနဲ့ ထိုးပေးလို့ရနိုင်မလား ခင်ဗျာ"

ဖတ်ဂျ်၏မျက်နှာက စိတ်မသက်မသာဖြစ်သွားပြီး...

"အား...ဝမ်းနည်းပါတယ်ကွာ။ ငါမလုပ်ပေးနိုင်ပါဘူး။ ငါက မင်းရဲ့ မိဘလည်း မဟုတ်၊ အုပ်ထိန်းသူလည်း မဟုတ်ဘဲနဲ့"

"ဒါပေမဲ့ လူကြီးမင်းက အာဏာအရှိဆုံး ဝန်ကြီးပဲလေ။ လူကြီးမင်းက ခွင့်ပြုရင် ဖြစ်ရမှာပေါ့"

"ဆောရီးပဲ...ဟယ်ရီ။ စည်းကမ်းက စည်းကမ်းပါပဲ။ ဒီနှစ်မသွားရလည်း နောင်နှစ်ပေါ့ကွာ။ တကယ်တော့ မင်းအဖို့ သွားမလည်တာကတောင် ပိုကောင်းလိမ့်မယ်ထင်တယ်။ ကဲ...ကဲ...ငါသွားပြီဟေ့၊ နေရထိုင်ရတာ အဆင်ပြေပါစေကွာ"

မှော်ဝန်ကြီး ဖတ်ဂျ် ထွက်ခွာသွားပြီးသောအခါ ဆိုင်ရှင်တွမ်က ရှေ့သို့ တိုးလာပြီး...

"မစ္စတာပေါ်တာခင်ဗျာ...လူကြီးမင်းရဲ့ပစ္စည်းတွေကို အခန်းထဲပို့ထားပြီးပါပြီ။ ကဲ...ကျွန်တော့်နောက်ကကြွပါ"

ဟယ်ရီက တွမ်၏နောက်သို့ လိုက်လာခဲ့၏။ သစ်သားပေါ်တွင် ကြေးဝါဖြင့် နံပါတ် ၁၁ ဟု ရေးကပ်ထားသော အခန်းတံခါးကို တွမ်က ဖွင့်ပေးသည်။

အခန်းထဲတွင် သက်သောင့်သက်သာ ဖြစ်မည့်ပုံရှိသော ခုတင်တစ်လုံး၊ ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသော ပရိဘောဂပစ္စည်းများ၊ နှစ်လိုဖွယ်မွှေးထွေး တောက်ပနေသော မီးဖိုတစ်လုံးတို့နှင့်အတူ အဝတ်အစားဗီရိုပေါ်တွင် နားနေသော သတ္တဝါတစ်ကောင်။

"ဟက်ဝစ်"

ဟယ်ရီက ဝမ်းသာအားရ အော်ခေါ်လိုက်သည်။ နှင်းကဲ့သို့ ဆွတ်ဆွတ်ဖြူ

mgyoe.com

နေသော ဖီးကွက်မလေးက ပျံဝဲလာပြီး ဟယ်ရီ့ပခုံးပေါ် လာနားၡ၏။ တွမ်က...

"သိပ်ပြီးတော်တဲ့ ဖီးကွက်မလေးပဲ။ လူကြီးမင်းရောက်ပြီး ငါးမိနစ်အကြာမှာ အမိလိုက်လာတာပဲ။ ကဲ...မစ္စတာပေါ်တာ လိုအပ်တာရှိရင် ကျွန်တော့်ကို အကြောင်းကြားလိုက်ပါ"

တွမ်က ဦးညွှတ်နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်သွားသည်။

ဟယ်ရီက ခုတင်ပေါ်တွင် ကြာမြင့်စွာ ထိုင်နေမိ၏။ သူ့လက်တွေကလည်း ဖီးကွက်မလေး၏ အမွေးအတောင်များကို အသိမဲ့စွာ ပွတ်သပ်ပေးနေမိသည်။ အပြင်ဘက်တွင် ကောင်းကင်က ရွှေရောင်တောက်ပသော အရုဏ်ရောင်ခြည် လင်းပနေပေပြီ။

ဟယ်ရီက သူ ကံကောင်းပုံကို မယုံကြည်နိုင်လောက်အောင် ဖြစ်နေ၏။ ယခု သူ ကျောင်းထုတ်အပြစ်ပေးမခံရသည့်အပြင် ဒါစလေမိသားစုနှင့် ဝေးရာ၌ နှစ်ပတ်တာကာလမျှ နားအေးပါးအေး နေနိုင်ပေပြီ။

"ပြီးခဲ့တဲ့ ညကတော့ တော်တော်ထူးဆန်းတဲ့ညပဲ ဟက်ဝစ်ရေ"

ဟု သူက သမ်းဝေရင်း ပြောလိုက်၏။ ထို့နောက် မျက်မှန်ကိုပင် မချွတ်နိုင်တော့ဘဲ ခေါင်းအုံးပေါ် လှဲချအိပ်ပျော်သွားလေတော့သည်။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၄)

# စိတ္တဇလူသတ်သမား၏ ပစ်မှတ်

mgyoe.com

m·gyoe.com

ဒီလို တစ်ခါမှ စိတ်လွတ်ကိုယ်လွတ် မနေခဲ့ရဖူးသော ဟယ်ရီ့အဖို့ လွတ်လပ်ခြင်းအသစ်နှင့် နေသားတကျဖြစ်အောင် အချိန်တော်တော်ယူလိုက်ရသေးသည်။ အိပ်ရာမှ သူ ထချင်သည့်အချိန်ရောက်မှ ထရခြင်းမျိုး သူ အရင်က တစ်ခါမျှ မကြုံခဲ့ဖူး။ ဒိုင်ယာဂွန်အယ်လေထဲမှာ သူ သွားချင်ရာသွားနိုင်သည့် အခွင့်အရေးမျိုး ဘယ်တုန်းကမှ သူ မရခဲ့ဖူး။ ဟယ်ရီ့အနေဖြင့် မှော်ဝန်ကြီးဖတ်ဂျ်အား ပေးထားသည့်ကတိကို ချိုးဖောက်၍ လူသားလောကထဲသို့ ပြန်သွားရန် ယောင်၍မျှပင် စိတ်မကူးချေ။

ဟယ်ရီသည် နံနက်စာကို လီကီကော်ဒရွန်မှာပင် စား၏။ လာရောက်တည်းခိုကြသော အခြားဧည့်သည်များကို လေ့လာကြည့်ရှုရသည်မှာ ပျော်စရာကောင်းသည်။ အချို့သော ဧည့်သည်များမှာ တောပိုင်းမှလာရောက်၍ ဈေးဝယ်ကြသည့် စုန်းကဝေများဖြစ်ပြီး ရယ်စရာပင် ကောင်းနေသေးတော့သည်။ အချို့ကလည်း နောက်ဆုံးထုတ် ဆောင်းပါးဖြစ်သည့် "ခေတ်မီအသွင်ပြောင်းနည်းသစ်" ကိုဖတ်ပြီး အာပေါင်အာရင်းသန်သန်ဖြင့် ဆွေးနွေးငြင်းခုံနေတတ်ကြသည်။

မနက်စာစားပြီးသည့်အခါ ဟယ်ရီက ဆိုင်အနောက်ဘက်သို့ လမ်းလျှောက်ထွက်သည်။ အုတ်နံရံရှိ အမှိုက်ပုံးအပေါ်ဘက် လက်ဝဲဘက်မှ တတိယမြောက် အုတ်ခဲကို သူ့ဆေးတောင်ဝှေးဖြင့် တို့လိုက်သည့်အခါ နံရံသည် ပွင့်ဟသွားပြီး စုန်းလောကနှင့် လူ့လောကကို ဆက်သွယ်ပေးထားသည့်လမ်း (ဒိုင်ယာဂွန်အယ်လေ) အဝင်မုခ်ဦး ပေါ်လာသည်။

ဟယ်ရီသည် တစ်နေ့လုံးလိုလိုပင် ဒိုင်ယာဂွန်အယ်လေထဲရှိ ဆိုင်များကို လျှောက်ကြည့်လိုက်၊ ဗိုက်ဟာလာလျှင် လမ်းဘေးကဖေးဆိုင်ဝင်ထိုင်လိုက်နှင့်

m·gyoe.com

အချိန်ဖြုန်းသည်။ ဒိုင်ယာဂွန်အယ်လေတစ်ဝိုက်တွင် တိုလီမိုလီပစ္စည်းရောင်းသူများကလည်း မရှား။ တချို့ကလည်း လက်ရှိ ခေတ်စားနေသော ဆီးရီးယပ်စ်ဘလက်အကြောင်းကို ပြောဆိုနေကြ၏။

"ကျုပ်သဘောပြောရရင် အက်ဇကာဘန် အကျဉ်းထောင်ထဲကို ဆီးရီးယပ်စ်ဘလက် ပြန်မရောက်သွားမချင်း ကလေးတွေကို အပြင်မလွှတ်သင့်ဘူးလို့ ထင်တာပဲ"

ဟု ပြောဆိုနေကြသံများကိုလည်း ကြားရသည်။

ဟယ်ရီတစ်ယောက် ဟိုယောင်ယောင် ဒီယောင်ယောင်လုပ်ရင်း ရက်ပေါင်းသိပ်မကြာသေးလိုက်ခင်မှာပင် ပါသမျှ ပိုက်ဆံအားလုံး ကုန်သလောက်ဖြစ်သွား၏။ ဂရင်းဂေါ့ဘဏ်တိုက်မှ ရွှေသား ဂယ်လီယွန်နည်းနည်း၊ ငွေသားဆစ်ကယ် ပြားနည်းနည်း၊ နပ်ကြေးပြား နည်းနည်းတို့ကို ထပ်မံသွားရောက်ထုတ်ယူပြီးနောက် ပိုက်ဆံအသုံးအစွဲဆင်ခြင်ရန် ဟယ်ရီတစ်ယောက် ကိုယ့်ဘာသာကိုယ်သတိပေးမိသည်။ သူ ဟော့ဝပ်တွင် ကျောင်းတက်ဖို့ ငါးနှစ်လုံးလုံး ကျန်သေးသည် မဟုတ်လား။

သို့ရာတွင် တစ်ပတ်ခန့်အကြာ၌ သူ၏ဆုံးဖြတ်ချက် ဘယ်လောက် ခိုင်မခိုင်ဆိုသည်ကို စမ်းသပ်မည့်ကိစ္စတစ်ရပ် ပေါ်လာသည်။ ယင်းကား 'အရည်အသွေးမြင့် ကွစ်ဒစ်ပစ္စည်းအရောင်းဆိုင်' ဟူသော ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရခြင်းပင်ဖြစ်၏။ ဆိုင်ရှေ့တွင် လူတွေအုံနေသည်။ ဟယ်ရီလည်း မယောင်မလည်ဖြင့် တိုးဝှေ့ ကြည့်လိုက်၏။ အရောင်းပြခန်းထဲတွင် မြင်ရသူအပေါင်း စုတ်တသပ်သပ်ဖြစ်သွား စေနိုင်လောက်သည့် ပစ္စည်းတစ်ခု ပြသထားသည်ကို တွေ့လိုက်ရသည်။ ယင်းကား နောက်ဆုံးထုတ် မော်ဒယ်အသစ် တံမြက်စည်းပျံတစ်ချောင်းပင် ဖြစ်လေသည်။

ထိုတံမြက်စည်းပျံကို ငေးကြည့်ရင်း ဟယ်ရီ့ဘဝတွင် တစ်ခါမျှ မခံစားဖူးသော ရင်သပ်ရှုမောဖြစ်မှုမျိုး ခံစားလိုက်ရ၏။

ဘေးမှလူတွေကလည်း တစ်ယောက်တစ်ပေါက် ပြောနေကြ၏။

"ဒီတံမြက်စည်းပျံက အခုမှ စက်ရုံက ထုတ်ကာစ ရှိသေးတယ်ကွ။ ရှေ့ပြေးပုံစံပေါ့"

ဟု မေးရိုးလေးထောင့်ကျကျနှင့် စုန်းတစ်ယောက်က သူ့အဖော်ကို ရှင်းပြနေသည်။

ဟယ်ရီ့ထက် ငယ်ပုံရသည့် စုန်းပေါက်စလေးတစ်ကောင်ကလည်း သူ့အဖေကို တတွတ်တွတ်နှင့်...

mgyee.com

mgyoe.com

"ဒါ ကမ္ဘာပေါ်မှာ အမြန်ဆုံး တံမြက်စည်းပျံပေါ့နော်...ဟုတ်လား ဖေဖေ" ဟု ပြောနေ၏။

"အိုင်းရစ် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲဝင်အသင်းက သူတို့ရဲ့ကစားသမား ခုနစ်ယောက်အတွက် ဒီတံမြက်စည်းပျံမျိုး ခုနစ်ချောင်း စပါယ်ရှယ် အော်ဒါမှာထားတယ်။ ဒါ...ကမ္ဘာ့ဖလားကွစ်ဒစ်ပြိုင်ပွဲအတွက် ခု နောက်ဆုံးရေပန်းစားနေတဲ့ ပုံစံပေါ့"

ဟု ဆိုင်ရှင်က ပရိသတ်ကြီးအား ရှင်းပြနေ၏။

ဟယ်ရီ့ရှေ့တွင် ကွယ်နေသည့် လူကောင်ထွားထွား စုန်းကြီးတစ်ယောက်က နေရာရွှေ့သွားသောအခါတွင်မှ တောက်ပထည်ဝါလှသော တံမြက်စည်းပျံအားတွင် ထောင်ထားသည့် ဆိုင်းဘုတ်ကို ဟယ်ရီ ဖတ်ခွင့်ရတော့သည်။

*"ဖိုင်းယားဘိုလ်တ်"*

*နောက်ဆုံးပေါ် ပြိုင်ပွဲဝင်ပုံစံထုတ်လုပ်လိုက်သော တံမြက်စည်းပျံအမျိုးအစား ဖြစ်သည်။ လက်ကိုင်ကို စိန်သွားတမျှ မာကျောသော အကောင်းစားလက်ကိုင်ရိုး တပ်ဆင်ထားပြီး တံမြက်စည်းပျံတစ်ချောင်းချင်းစီအတွက် ကိုယ်ပိုင်မှတ်ပုံတင်နံပါတ် ပါရှိသည်။ တံမြက်စည်းပျံ၏ အမြီးတစ်ခုချင်းစီအတွက် ဘုဇပတ်ပင်မှ ထုတ်ယူသော ကြိမ်မျှင်ဖြင့် ပေါင်းစပ်ပြုလုပ်ထားပြီး (aerodynamic) အေရိုဒိုင်းနမစ် နည်းပညာဖြင့် အထူးမွမ်းမံထားသည်။*

*ဟန်ချက်ညီမှုအတွက် အခြား မည်သည့် တံမြက်စည်းပျံမှ လိုက်မမီနိုင်အောင် ထူးခြားသာလွန်ကြောင်း အာမခံသည်။ ဦးတည်ရာအရပ်ကို ဆံမြည်တစ်မျှင်စာမျှ မတိမ်းမစောင်း၊ မလွဲချော်စေရ။ တစ်နာရီလျှင် (၀–၁၅၀) မိုင်နှုန်း ပျံသန်းနိုင်ပြီး အရှိန်အဟုန်ကို ၁၀ စက္ကန့်အတွင်း ရုတ်ခြည်း လျှင်မြန်စွာ ပြောင်းလဲနိုင်သည်။ ဘရိတ်ကျိုးခြင်း၊ ပျက်စီးခြင်း မရှိအောင် ကာကွယ်ရေးမန္တန် ပူးတွဲဖန်တီးထားသည်။*

*ဈေးနှုန်းကို စုံစမ်းပါ။*

ဈေးနှုန်းကို စုံစမ်းပါ...တဲ့။ ဟယ်ရီ စဉ်းပင်မစဉ်းစားကြည့်ချင်တော့ပါ။ ဒီလို နောက်ဆုံးပေါ် တံမြက်စည်းပျံ အကောင်းစား အသစ်တစ်ချောင်းအတွက် ရွှေသားဂယ်လီယွန်တွေ နင့်နေအောင် ပေးရမည်မှာ သေချာသည်။ သူ့ဘဝတွင် ပစ္စည်းတစ်ခုကို ဒီလောက် လိုချင်တပ်မက်သည့်စိတ်မျိုး တစ်ခါမှ မဖြစ်ပေါ်ခဲ့ဖူးပါ။

သို့ရာတွင် သူ့စိတ်ကို သူပြန်ဖြေလျှော့လိုက်သည်။ ငါ့မှာရှိတဲ့ နင်းဘတ် ၂၀၀၀ တံမြက်စည်းပျံလည်း ကောင်းတာပါပဲလေ။ အဲဒီ တံမြက်စည်းပျံနဲ့ ပြိုင်ပွဲ

mgyoe.com

mgyoe.com

တွေ အများကြီးနဲ့ပြီး အနိုင်ရခဲ့ပြီးပြီပဲ။ ဘာကြောင့် နောက်ထပ် တံမြက်စည်းပျံ တစ်ချောင်းအတွက် ဘဏ်လက်ကျန်ပိုက်ဆံတွေကို ဖြုန်းတီးရဦးမှာလဲ။

ဟယ်ရီက ဈေးနှုန်းကိုပင် မမေးတော့ဘဲ လှည့်ပြန်လာခဲ့သည်။ သို့ရာတွင် နောက်နေ့ နောက်နေ့များ၌လည်း ထိုတံမြက်စည်းပျံကို ငေးမောသွားရည်ကျဖို့ သက်သက် ထိုဆိုင်ရှေ့သို့ နေ့စဉ် ရောက်ဖြစ်နေတော့သည်။

ဟယ်ရီ့အတွက် အသုံးလိုသော ဝယ်စရာချမ်းစရာတွေ အများကြီးရှိသေးသည်။ သူသည် ပရဆေးဆိုင်သို့သွားပြီး ဆေးရည်ဖော်စပ်ရာတွင် ထည့်သွင်းရမည့် ဆေးအမယ်တို့ကို ထပ်မံ ဝယ်ယူဖြည့်တင်းရ၏။ နောက်ပြီး သူ့ကျောင်းဝတ်ရုံကလည်း တိုနံ့နံ့ဖြစ်နေပြီဖြစ်သောကြောင့် မဒမ်မယ်ကင်း၏ ဝတ်ရုံဆိုင်သို့သွားကာ အသစ်တစ်စုံ ထပ်ဝယ်ရသည်။ အရေးအကြီးဆုံး ဝယ်စရာကား ကျောင်းစာအုပ်အသစ်များပင် ဖြစ်သည်။ အထူးသဖြင့် ဒီနှစ်အတွက် ထပ်တိုးလာသော ဘာသာရပ်အသစ်နှစ်ခု ရှိ၏။ 'ဂမ္ဘီရသတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်နည်းပညာ'နှင့် 'အနာဂတ်ဟောကိန်း ဝေဒကျမ်း'တို့ ဖြစ်၏။

စာအုပ်ဆိုင်ပြတင်းပေါက်မှနေ၍ အထဲသို့ လှမ်းကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဟယ်ရီ အံ့အားသင့်သွားသည်။ ခါတိုင်းလို စာအုပ်စင်ကြီးတွေပေါ်မှာ စာအုပ်တွေ အစီအရီ ရှိနေရမည့်အစား ကြီးမားသော သံလှောင်အိမ်ကြီးတစ်ခုကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ထိုလှောင်အိမ်ထဲတွင် တစ်ရာခန့်ရှိသော စာအုပ်တွေက တိရစ္ဆာန်ရိုင်းများသဖွယ် မာန်ဖီလျက် တိုးဝှေ့ရုန်းကန်နေကြသည်ကို တွေ့ရ၏။ ထိုစာအုပ်များ အချင်းချင်း ရန်စောင်ကိုက်ခဲထားကြသောကြောင့် စုတ်ပြဲနေသည့် စာရွက်အပိုင်းအစများကလည်း ပလူပျံနေကြ၏။ ထိုအရိုင်းဇာစိတ်ဝင်နေသည့်စာအုပ်ကောင်များ၏ အမည်ကား 'အန္တရာယ်ပေးတတ်သော သတ္တဝါဆိုးကြီးများအကြောင်း'ဖြစ်သည်။

ဟယ်ရီက သူ့အင်္ကျီအိတ်ထဲမှ ဝယ်ယူရမည့်စာအုပ်စာရင်းကို ထုတ်ဖတ်ကြည့်လိုက်သည်။

'အန္တရာယ်ပေးတတ်သော သတ္တဝါဆိုးကြီးများအကြောင်းစာအုပ်ကောင်' ဟူသော အမည်ကို ဂမ္ဘီရသတ္တဝါထိန်းသိမ်းစောင့်ရှောက်ရေးနည်းပညာ ဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ထားကြောင်း တွေ့ရသည်။ ယခုမှပင် ဟက်ဂရစ်က ဘာကြောင့် သူ့ထံသို့ ထိုစာအုပ် လက်ဆောင်ပို့လိုက်ရသလဲဟူသည့် အချက်ကို သဘောပေါက်တော့သည်။

'ဖလော့ရစ်နှင့် ဘလော့' စာအုပ်ဆိုင်ထဲသို့ ဟယ်ရီ ဝင်သွားသောအခါ မန်နေဂျာက ပျာပျာသလဲ ကြိုဆိုပြီး...

mgyoe.com

mgyoe.com

"ဟော့ဝပ်ကျောင်းကလား။ စာအုပ်အသစ်တွေ လာဝယ်တာထင်ပါရဲ့"

"ဟုတ်ကဲ့...ကျွန်တော်..."

"ဖယ်...ဖယ်၊ ဒီနားက ဝေးဝေးဖယ်နေ"

မန်နေဂျာက ဟယ်ရီ့ကို စိတ်မရှည်စွာဖြင့် ဘေးသို့ တွန်းဖယ်လိုက်၏။ ထို့နောက် လွန်စွာမှထူထဲသော လက်အိတ်တစ်စုံကို အကာအကွယ်အဖြစ် ဝတ်ဆင်လိုက်ပြီးနောက် လမ်းလျှောက်တုတ်ကောက်ပုံစံ တုတ်ရှည်ကြီး တစ်ချောင်းကို ကောက်ကိုင်ကာ စာအုပ်များထည့်ထားသော သံလှောင်အိမ်ဆီသို့ သတိကြီးစွာဖြင့် တရွေ့ရွေ့ တိုးကပ်သွား၏။

ဟယ်ရီက ကမန်းကတန်း လှမ်းပြောလိုက်၏။

"နေပါဦး...နေပါဦး။ အဲဒီစာအုပ်က ကျွန်တော် ဝယ်ထားပြီးပါပြီ"

"ဝယ်ပြီးပြီ ဟုတ်လား"

မန်နေဂျာက ရင်ထဲမှ အလုံးကြီးကျသွားဟန်ဖြင့် စိတ်သက်သာရာရသွားသလိုမျိုး...။

"တော်ပါသေးရဲ့ဗျာ...ဘုရားမ,တာပဲ။ တစ်မနက်လုံး ဒီစာအုပ်ရောင်းနေရတာနဲ့ လက်ကို အကိုက်ခံရတာ ငါးခါရှိသွားပြီ"

ထိုသို့ပြောနေစဉ်မှာပင် ဆူညံကျယ်လောင်သောအသံများ ထွက်လာသောကြောင့် လှောင်အိမ်ထဲသို့ လှမ်းကြည့်လိုက်ကာ စာအုပ်နှစ်အုပ်က ကျန်တစ်အုပ်ကို နှစ်ပိုင်းပြတ်သွားအောင် ဝိုင်းကိုက်နေကြသည်ကို တွေ့လိုက်ရ၏။ မန်နေဂျာက...

"ဟဲ့...ဟဲ့...မကိုက်ကြနဲ့၊ ရှူး...ရှူး"

ပြောပြောဆိုဆိုဖြင့် သူ့လက်ထဲမှ လမ်းလျှောက်တုတ်ကြီးနှင့် သံတိုင်များကြားက လှမ်းပြီး စာအုပ်များကို ရိုက်မောင်းပုတ်မောင်း လုပ်ရရှာသည်။ ပြီးနောက် မန်နေဂျာက ညည်းညည်းညူညူဖြင့်...

"နောက်များတော့ ဒီလိုစာအုပ်မျိုးဆိုရင် ဘယ်တော့မှ မရောင်းတော့ပါဘူးဗျာ...ဆလ်ပါပဲ။ ဟိုတစ်ခါတုန်းကလည်း 'ကိုယ်ပျောက်စာအုပ်' ဆိုလို့ အုပ် ၂၀၀ တင်ပြီး ရောင်းလိုက်မိပါတယ်။ ရောင်းတဲ့သူလည်း မမြင်ရ၊ ဝယ်တဲ့သူလည်း မမြင်ရနဲ့ အခုချိန်ထိလည်း အဲဒီစာအုပ်တွေ ဘယ်ရောက်လို့ ဘယ်ပေါက်သွားမှန်းတောင် မသိရတော့ပါဘူးဗျာ။ ဟော...ဒီစာအုပ်ကျတော့ ပိုတောင်မှ ဆိုးနေသေးတယ်။ ကိုင်း...ဆိုစမ်းပါဦး။ ဘာစာအုပ်များ အလိုရှိပါသေးသလဲ။

ဟယ်ရီက သူ့စာအုပ်စာရင်းကို ပြန်ကြည့်လိုက်ရင်း...

"ဟုတ်ကဲ့...ကက်ဆန်ဒရာ ဗာဘလက်စကီးရေးတဲ့ 'အနာဂတ်ကို ထိုးထွင်းသိမြင်ခြင်း' စာအုပ်တစ်အုပ်လောက် ဝယ်ချင်ပါတယ်"

mgyoe.com

mgyoe.com

"ဩော်...အနာဂတ်ဟောကိန်းဝေဒပညာကို စသင်ရပြီကိုး ဟုတ်စ"

မန်နေဂျာကပြောရင်း သူ့လက်အိတ်များကိုချွတ်ပြီး စာအုပ်ဆိုင်နောက်ဘက်ဆီသို့ ဟယ်ရီ့ကို ခေါ်သွား၏။ ထောင့်တစ်ထောင့်တွင် ဝေဒပညာနှင့်ပတ်သက်သောစာအုပ်မျိုးစုံကို တွေ့ရသည်။ မန်နေဂျာက ထူထဲသော အနက်ရောင်သားရေဖုံးစာအုပ်ကြီးတစ်အုပ်ကို ယူလိုက်ရင်း...

"ဟောဒီစာအုပ်ပါပဲ။ အခြေခံပညာအတွက် အင်မတန်ကောင်းတဲ့ လမ်းညွှန်စာအုပ်ပေါ့။ ဗေဒင်ဟောနည်းပေါင်းစုံ ပါတယ်၊ လက္ခဏာပညာပါတယ်၊ ခရစ္စတယ်ဖန်လုံးကြည့်ဟောနည်းပညာပါတယ်၊ ငှက်ဝမ်းတွင်းသား နိမိတ်ကောက်အဟောပညာ ပါတယ်"

သို့သော် ဟယ်ရီက သူ့စကားများက လုံးစေ့ပတ်စေ့ နားထောင်မနေမိပါ။ သူ့မျက်လုံးအစုံက စားပွဲသေးသေးလေးတစ်လုံးပေါ်တွင် ခင်းကျင်းပြသထားသောစာအုပ်များအနက်မှ စာအုပ်တစ်အုပ်ပေါ်သို့ ကျရောက်သွား၏။ ထိုစာအုပ်ခေါင်းစဉ်က...

"မရဏနိမိတ်များ"

(အဆိုးဆုံးဖြစ်လာတော့မယ်ဆိုတာ သိရတဲ့အခါ သင် ဘာလုပ်မလဲ)

မန်နေဂျာက ဟယ်ရီ လှမ်းကြည့်နေသည့်စာအုပ်ကို မြင်သွားပြီး...

"ငါသာဆိုရင်တော့ အဲဒီလိုစာအုပ်မျိုး ဘယ်တော့မှ မဖတ်ဘူး။ ဘာလုပ်မှာလဲကွာ။ အဲဒီစာအုပ်ဖတ်ပြီး နေရာတကာ သေမယ့်နိမိတ်တွေချည်းပဲ မြင်နေရရင်ခက်ရချည်ရဲ့။ သေခြင်းတရားဆိုတာနဲ့တင် တော်တော်ကြောက်ဖို့ ကောင်းနေပါပြီ"

သို့သော် ဟယ်ရီကတော့ စာအုပ်၏အဖုံးတွင် ရေးဆွဲထားသော သရုပ်ဖော်ပုံကို စူးစူးစိုက်စိုက် ဆက်ကြည့်နေမိ၏။

ယင်းကား ခွေးနက်ကြီးတစ်ကောင်၏ပုံ ဖြစ်လေသည်။ ဝက်ဝံကြီးတစ်ကောင်လောက်နီးနီး ကြီးမားပြီး မျက်လုံးအစုံက ကြောက်မက်ဖွယ် အရောင်တလက်လက် တောက်ပနေကြ၏။

ထိုခွေးနက်ကြီးကို တစ်နေရာရာတွင် သူ မြင်ခဲ့ဖူးသည်ဟု ဟယ်ရီ အောက်မေ့မိသည်။

ထိုစဉ် မန်နေဂျာက စာအုပ်ကို ဟယ်ရီ့လက်ထဲသို့ ထိုးထည့်ပေးလိုက်ရင်း...

"တခြား ဘာလိုချင်သေးလဲ"

ဟယ်ရီက သူ့မျက်လုံးကို မရဏခွေးကြီး၏ပုံ ထဲမှ မနည်းခွာလိုက်ရင်း ညို့ချက်မိထားသူတစ်ယောက်၏ အသံမျိုးဖြင့်...

mgyoe.com

mgyoe.com

"အဲ...ကျွန်တော်...ကျွန်တော် အလယ်တန်းအဆင့် အသွင်ပြောင်းဘာသာ စာအုပ်နဲ့ စံပြဂြါထာမန္တန်များ (အဆင့်သုံး) စာအုပ် လိုချင်ပါတယ်"

နောက်ဆယ်မိနစ်မျှကြာသောအခါ ဟယ်ရီတစ်ယောက် လက်ထဲတွင် စာအုပ်အသစ်များ တပွေ့တပိုက်နှင့် လီကီကော်ဒရွှန်သို့ ပြန်ခဲ့၏။ လမ်းတစ် လျှောက်လုံး ခြေထောက်တွေကသာ ရွေ့လျားနေသည်။ သူ့အသိစိတ်ကတော့ ထုံထုံထိုင်းထိုင်း။ ဟို့လူတိုက်မိ၊ ဒီလူ့တိုက်မိနှင့်။

အခန်းထဲသို့ ခြေကို တရွတ်ဆွဲဝင်ပြီးနောက် စာအုပ်များကို ခုတင်ပေါ် ပစ်တင်လိုက်သည်။ ပြတင်းပေါက်ကို ဖွင့်ထားသောကြောင့် နေရောင်ခြည်က အခန်းထဲတွင် လင်းပနေ၏။

သူ့အခန်းနောက်ဘက်ရှိ (သူ မမြင်ရသော လူသားလောက၏ လမ်းများ ပေါ်တွင်) ဘတ်စ်ကားတွေ ဥဒဟိုသွားနေကြသံကို ကြားနေရသည်။ ဒိုင်ယာဂွန် အယ်လေထဲမှာ စုန်းကဝေတွေ ပြောဆိုလှုပ်ရှားသံများကိုလည်း ကြားနေရသည်။

ဟယ်ရီသည် လက်ဆေးကြွေဇလုံရှေ့တွင် ရပ်လိုက်၏။ ကြေးမုံမှန်သားပြင် ပေါ်တွင် သူ့ကိုယ်သူ ပြန်မြင်နေရလေသည်။

"ဟို...ဟိုဟာက ငါသေမယ်ဆိုတဲ့ နိမိတ်များလား။ မက်နောလီးယား အဝိုင်းကြီးနားမှာ ငါတစ်ယောက်တည်း ထိုင်နေခဲ့တဲ့ညတုန်းက အဲဒီ ကြောက်စရာ ခွေးကြီးကို ငါမြင်ခဲ့တယ်။ ဒါဟာ ငါ့အတွက် နိမိတ်ပဲလား။ အို...မဖြစ်နိုင်ပါဘူး လေ။ အဲဒါဟာ သာမန် ခွေးလေခွေးလွင့်တစ်ကောင် ဖြစ်ချင်ဖြစ်နေမှာပေါ့။

ဟယ်ရီ့လက်တွေက အလိုအလျောက်ပင် သူ့ခေါင်းထက်သို့ ရောက်သွားပြီး ဆံပင်တွေကို ပိပြားအောင် ဖိနေမိသည်။

"ဟယ်ရီ...မင်းက နဂိုကတည်းက ရှုံးနိမ့်နေပြီးသား စစ်ပွဲတစ်ခုကို တိုက် နေတဲ့သူပဲ"

ဟု မှန်ထဲမှ သူ၏ပုံရိပ်က လှမ်းပြောနေ၏။

* * *

နေ့တွေ ရက်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ကျောင်းဖွင့်ရန် နီးကပ် လာသည်နှင့်အမျှ ဒိုင်ယာဂွန်အယ်လေသို့ ဟော့ဂဝပ်ကျောင်းသားများ တဖွဲဖွဲရောက် ရှိလာကြ၏။ ဟယ်ရီကတော့ ရွှန်နှင့် ဟာမိယွန်တို့၏ အရိပ်အယောင်ကို တွေ့ရနိုးနိုး နှင့် ရှာဖွေနေမိသည်။

သူနှင့် တစ်တန်းတည်းသား ဂရစ်ဖင်ဒေါအဆောင်သားများဖြစ်ကြသည့် ရှေးမတ်ဖင်နီဂန်နှင့် သောမတ်စ်တို့ကိုကား ကွစ်ဒစ်ပစ္စည်းအရောင်းဆိုင်ရှေ့တွင်

mgyoe.com

mgyoe.com

ဆုံရသည်။ သူတို့လည်း နောက်ဆုံးထုတ် တံမြက်စည်းပုံစံအသစ်ဖြစ်သည့် ဖိုင်းယားဘိုလ်တ်ကို လာငေးပြီး သွားရည်ကျနေကြ၏။

လွန်စွာမှ သတိမေ့တတ်သော မျက်နှာဝိုင်းဝိုင်းနှင့် ဖက်တီးကလေး နယ်ဗီလီ လောင်းဘော့တွန်ကိုလည်း စာအုပ်ဆိုင်အပြင်ဘက်တွင် ဆုံခဲ့ရသေးသည်။ ထုံးစံအတိုင်း နယ်ဗီလီက ဝယ်ရမည့်စာအုပ်စာရင်းကိုမေ့ပြီး ဖျောက်ပစ်လိုက်မိသောကြောင့် သူ့အဘွား၏အဆူကို ခံနေရ၏။ ဟယ်ရီ ထွက်ပြေးနေစဉ်တုန်းက အဖမ်းမခံရအောင် သူ့ကိုယ်သူ နယ်ဗီလီလောင်းဘော့တွန်အဖြစ် ဟန်ဆောင်ခဲ့သည့်အကြောင်း နယ်ဗီလီ၏အဘွား သိမသွားပါစေနှင့်ဟု ဆုတောင်းနေမိသည်။

နွေရာသီကျောင်းပိတ်ရက်၏ နောက်ဆုံးနေ့...။ ဟယ်ရီ အိပ်ရာမှနိုးလာသည်နှင့်တစ်ပြိုင်နက် ရွန်နှင့် ဟာမီယွန်တို့အကြောင်း စဉ်းစားမိသည်။ အနည်းဆုံးတော့ မနက်ဖြန်ဆိုလျှင် ဟော့ဝပ်အမြန်ရထားပေါ်တွင် သူတို့နှစ်ယောက်ကို ဆုံရပေတော့မည်။ ဟယ်ရီက မျက်နှာသစ်ပြီး အဝတ်အစားလဲလိုက်သည်။ ထို့နောက် အပြင်သို့ထွက်လာခဲ့ပြီး ဖိုင်းယားဘိုလ်တ်တံမြက်စည်းကို နောက်ဆုံးတစ်ခေါက်အဖြစ် သွားကြည့်လိုက်သေးသည်။ သူ နေ့လယ်စာစားနေကျ နေရာအနီးသို့ အရောက်တွင်...

"ဟယ်ရီရေ၊ ဟေ့...ဟယ်ရီ"

နာမည်ခေါ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ ရွန်နှင့် ဟာမီယွန်တို့နှစ်ယောက်စလုံးကို တွေ့ရ၏။ သူတို့သည် ဖလော်ရီယန် ဖော်တက်စ်ကျူ ရေခဲမုန့်အရောင်းဆိုင်အပြင်ဘက်တွင် ထိုင်နေကြခြင်း ဖြစ်လေသည်။ ဟာမီယွန်က အသားတွေညိုသွားပြီး ရွန်ကတော့ တင်းတိပ်တွေ ပိုထူလာ၏။ (အီဂျစ်တွင် နေလောင်ခံထားရသောကြောင့် ဖြစ်ပေလိမ့်မည်။) သူတို့နှစ်ယောက်စလုံးက ဟယ်ရီ့ကို အားပါးတရ လက်ဝှေ့ယမ်းပြနေကြသည်။

ဟယ်ရီက သူတို့နှင့်အတူ ဝင်ထိုင်လိုက်သောအခါ...

"ငါတို့ မင်းကို လီကီကော်ဒရွန်မှာတောင် သွားရှာသေးတယ်။ မင်း ထွက်သွားပြီဆိုလို့...။ ငါတို့ စာအုပ်ဆိုင်ကိုလည်း ရောက်တယ်။ မဒမ်မယ်ကင်းရဲ့ ဝတ်ရုံဆိုင်ကိုလည်း ရောက်တယ်။ ပြီးတော့..."

ရွန်၏စကားကို ဖြတ်ပြီး ဟယ်ရီက...

"ငါက ငါ့ကျောင်းသုံးပစ္စည်းတွေကို ပြီးခဲ့တဲ့အပတ်ကတည်းက ဝယ်ပြီးသားကွ၊ ဒါနဲ့ နေစမ်းပါဦး...ငါ ကီလီကော်ဒရွန်မှာ တည်းနေမှန်း မင်း ဘယ်လိုလုပ်သိသလဲ ရွန်"

"ငါ့အဖေ ပြောတာကွ"

mgyoe.com

mgyoe.com

ရွှန်၏ဖခင်ဖြစ်သူ အာသာဝီစလေက မော်ဝန်ကြီးဌာနတွင် အလုပ်လုပ်သည်။ သို့ဖြစ်ရာ ဟယ်ရီနှင့် အန်တီမာဂီတို့၏ ပြဿနာကိုလည်း ကြားပြီးသားဖြစ်ပေရော့မည်။ ဟာမီယွန်က...

"နင် တကယ်ပဲ နင့်အဒေါ်ကို ပူဖောင်းကြီးဖြစ်သွားအောင် လုပ်လိုက်သလားဟင်"

"ငါ မရည်ရွယ်ပါဘူးဟာ၊ ငါ့စိတ်ကို မထိန်းလိုက်နိုင်လို့ပါ"

ရွှန်ကတော့ ထိုအဖြစ်အပျက်ကို နားထောင်ပြီး သဘောကျလွန်းသဖြင့် တဟားဟား ရယ်နေ၏။ ဟာမီယွန်က...

"ဒါ ရယ်စရာကိစ္စမဟုတ်ဘူး ရွှန်၊ အမှန်အတိုင်း ပြောရရင် ဟယ်ရီ ကျောင်းထုတ်မခံရတာ အံ့သြစရာပဲ"

"အေး...ငါလည်း အံ့သြနေတာ။ ငါက ကျောင်းထုတ်ခံရရုံတင်မကဘူး။ အဖမ်းခံရပြီလို့တောင် တွက်ထားတာ။ ဟေ့ကောင်...ရွှန်၊ မော်ဝန်ကြီး ဖတ်ဂျ်က ငါ့ကို ဘာဖြစ်လို့အပြစ်မပေးလဲဆိုတာ မင်းအဖေကော နည်းနည်းပါးပါး မသိဘူးလား"

ရွှန်က ပခုံးကိုတွန့်ရင်း...

"အဲဒါ မင်းမို့လို့ပေါ့ကွ။ မင်းက နာမည်ကျော် ဟယ်ရီပေါ်တာပဲ။ သူတို့ အပြစ်ပေးချင်တိုင်း ပေးလို့ဖြစ်မတဲ့လား။ အင်း...ငါသာ ငါ့အဒေါ်ကို ပူဖောင်းဖြစ်အောင် ဖန်ဆင်းမိရင် ဝန်ကြီးဌာနက ဘာလုပ်မလဲဆိုတာ တွေးတောင်မတွေးရဲဘူး။ အေးလေ...ငါ့ကို မြေမြှုပ်ရုံကလွဲပြီး ဘာမှ ထွေထွေထူးထူး လုပ်စရာမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရောက်မလာခင်မှာ ငါ့အမေက ငါ့ကို အသေသတ်ပြီး နေလောက်ပြီ။ ဒါနဲ့...ဟယ်ရီ မင်းသိချင်ရင် ငါ့အဖေကို မင်းကိုယ်တိုင် မေးကြည့်ပါလား။ ဒီနေ့ည ငါတို့အားလုံး လီကီကော်ဒရွှန်မှာပဲ စုပြီး တည်းကြမလို့။ ဒါဆို မနက်ဖြန် ကင်းခရော့စ်ဘူတာရုံကို သွားတဲ့အခါ ငါတို့နဲ့အတူ မင်းပါလိုက်လို့ရတာပေါ့။ ဟာမီယွန်လည်း ပါမယ်လေ"

ဟာမီယွန်က ခေါင်းညိတ်ပြလိုက်ပြီး...

"ဖေဖေနဲ့မေမေက ငါ့ကို ကျောင်းသုံးပစ္စည်းတွေနဲ့အတူ မနက်ကတည်းက ဒီမှာ ချပေးသွားခဲ့တာ"

ဟယ်ရီက အူမြူးစွာဖြင့်...

"ဟာ...သိပ်ကောင်းတာပေါ့။ ဒါဆို မင်းတို့ကော စာအုပ်တွေ ဝယ်ပြီးကြပြီလား"

"ဟောဒီမှာ ကြည့်လေကွာ"

mgyoe.com

mgyoe.com

ဟု ရွန်ကပြောရင်း သူ့အိတ်ထဲမှ သေးသွယ်ရှည်လျားသော ဘူးလေး တစ်ဘူးကို ထုတ်ယူဖွင့်ပြ၏။

"ငါ့ရဲ့ အသစ်စက်စက် ဆေးတောင်ဝှေးပေါ့ကွာ။ ဆယ့်လေးလက်မရှည် တယ်။ မိုးမခသားနဲ့ လုပ်ထားတာ။ အထဲမှာ ယူနီကွန်း (ချိုတစ်ချောင်းမြင်း)ရဲ့ အမြီးမျှင်ပါတယ်ကွ။ စာအုပ်တွေအားလုံးကိုလည်း ဝယ်ပြီးသွားပြီ"

ရွန်က ကုလားထိုင်အောက်မှ စာအုပ်များထည့်ထားသော ဧရာမအိတ်ကြီး ကို ညွှန်ပြရင်း ဆက်၍...

"ဟို...သတ္တဝါဆိုးစာအုပ်ကောင်ပေါ့။ ငါနဲ့ ဟာမိယွန်က အဲဒီစာအုပ် နှစ်အုပ်တောင် ဝယ်မယ်လို့လည်း ပြောလိုက်ရော စာအုပ်ရောင်းတဲ့လူခမျာ ငိုတော့ မလိုလို ဖြစ်သွားသေးတယ်"

ဟယ်ရီက ဟာမိယွန့်ဘေးမှ ဖောင်းကားနေသော အခြားအိတ်ကြီးများကို လက်ညှိုးထိုးပြရင်း...

"အဲဒါတွေကကော...ဘာတွေလဲ၊ ဟာမိယွန်"

ဟာမိယွန်က...

"ငါက နင်တို့ထက် ဘာသာတွဲတွေ အများကြီး ယူထားတယ်လေ။ ဟောဒါတွေက မှော်အက္ခရာသင်္ချာ၊ ရှေးဟောင်းမှော်ပါဠိ၊ ဂမ္ဘီရသတ္တဝါများ ထိန်း သိမ်းစောင့်ရှောက်နည်းပညာ၊ အနာဂတ်ဟောကိန်း ဝေဒပညာစာအုပ်နဲ့ လူသား အကြောင်း သိကောင်းစရာစာအုပ်"

ရွန်က...

"ဘာ...လူသားအကြောင်းဟုတ်လား။ နင်က ဘာလေ့လာစရာ လိုသေး လို့လဲ။ နင့်အဖေရော၊ အမေရော၊ နင်ကိုယ်တိုင်ပါ လူသားမတ်ဂယ်စစ်စစ်တွေချည်းပဲ မဟုတ်လား။ လူတွေအကြောင်း နင် သိပြီးသားပဲဥစ္စာ"

"မတူဘူးလေ။ လူတွေကို စုန်းကဝေတွေဘက်က အမြင်နဲ့ ဘယ်လိုယူဆ သလဲဆိုတာ လေ့လာရတာ ပျော်စရာကောင်းတယ်"

ဟု ဟာမိယွန်က စိတ်အားထက်သန်စွာ ပြောလိုက်၏။ ရွန်က ထိုစာကြမ်း ပိုးမလေးကို စိတ်ပျက်စွာဖြင့် နှာခေါင်းရှုံ့လိုက်၏။ ဟယ်ရီကလည်း...

"နင့်မှာ ကျက်စရာစာတွေ ဒီလောက်များနေတာ။ ဒီနှစ်အတွက် အိပ်ဖို့ အချိန်နဲ့ ထမင်းစားဖို့အချိန်ကော ကျန်သေးရဲ့လား"

ဟာမိယွန်ကတော့ သူတို့နှစ်ယောက်စလုံးကို ဥပေက္ခာပြုထားလိုက်၏။ သူမက ပိုက်ဆံအိတ်ကို ဖွင့်ကြည့်ရင်း...

"ငါ့မှာ ရွှေသားတစ်ဆယ် ဂယ်လီယွန်တောင် ကျန်သေးတယ်ဟ။ စက်

mgyoe.com

mgyoe.com
တင်ဘာလကျရင် ငါ့မွေးနေ့ရှိတယ်လေ။ ဖေဖေနဲ့ မေမေက မွေးနေ့လက်ဆောင်အဖြစ် ကြိုပြီး မုန့်ဖိုးပေးသွားတာ။ ဘာဝယ်ရင် ကောင်းမလဲမသိဘူး"

"စာအုပ်တစ်အုပ်လောက် ဝယ်လိုက်ပါလား"

ဟု ရွှန်က ပြောလိုက်၏။ ဟာမီယွန်ကမူ အတည်ပေါက်နှင့်...

"ဟင့်အင်း...မဝယ်ချင်ပါဘူး။ ငါ တကယ်ဝယ်ချင်တာက ဇီးကွက်တစ်ကောင်ပဲ။ ငါ့မှာ နင်တို့လို ကိုယ်ပိုင်မှော်သွင်းတိရစ္ဆာန် မရှိသေးဘူး။ ဟယ်ရီ့မှာဆို ဟက်ဝစ် ရှိတယ်။ နင့်မှာကျတော့ အယ်ရိ..."

"အယ်ရိက ငါပိုင်တဲ့ဇီးကွက် မဟုတ်ပါဘူးဟာ...မိသားစုပိုင်ပါ။ ငါ့ကိုယ်ပိုင် မှော်သွင်းတိရစ္ဆာန်က ကြွက်ကလေးစကက်ဘာလေ"

ပြောရင်းနှင့် ရွှန်က သူ့အင်္ကျီအိတ်ထဲမှ အချစ်တော်ကြွက်ကလေးစကက်ဘာကို ထုတ်ယူပြီး စားပွဲပေါ်တင်လိုက်၏။ ထို့နောက်...

"သူ့ကို ဆရာဝန်နဲ့သွားပြရဦးမယ်။ ဒီကောင့်ကိုကြည့်ရတာ သိပ်နေမကောင်းသလိုပဲ။ အီဂျစ်မှာကတည်းက ဒီကောင် မူပျက်နေတယ်။ အီဂျစ်ကရာသီဥတုနဲ့ မတည့်လို့ဖြစ်မယ်။

ကြွက်ကလေး စကက်ဘာကို ကြည့်ရသည်မှာ ခါတိုင်းထက် ပို၍ ပိန်သွားသည်။ အမွေးအမှျင်များကိုပင် ထောင်ရန် အားမရှိတော့သလိုမျိုး ချုံးချုံးကျနေ၏။

ဟယ်ရီက...

"ဟောဟိုရှေ့နားမှာ မှော်သွင်းတိရစ္ဆာန်အရောင်းဆိုင် ရှိတယ်။ စကက်ဘာအတွက် သူတို့ ဘာလုပ်ပေးနိုင်မလဲ စုံစမ်းကြည့်ကြတာပေါ့။ နောက်ပြီး ဟာမီယွန်လည်း နင်လိုချင်တဲ့ ဇီးကွက်ကို အဲ့ဒီဆိုင်မှာ ဝယ်လို့ရတယ်လေ"

ထို့နောက် သူတို့သည် ရေခဲမုန့်ဖိုးရှင်းပေးကာ လမ်းတစ်ဖက်ကို ဖြတ်ကူးပြီး မင်နာကယ်ရီ၏ ဆိုင်ထဲသို့ ဝင်လာခဲ့ကြ၏။

ဆိုင်ထဲတွင် အခန်းများများစားစား မရှိပါ။ နံရံတိုင်းတွင် လှောင်အိမ်များနှင့် ပြည့်နေ၏။ လှောင်အိမ်ထဲရှိ တိရစ္ဆာန်တို့၏ အော်မြည်သံကလည်း ကွိကွိကွကွ ဆူညံနေကြ၏။ ရွှန်နှင့် ဟာမီယွန်တို့သည် လှောင်အိမ်များကို လိုက်လံကြည့်ရှုကြသည်။

လွန်စွာကြီးမားသော ခရမ်းပြာရောင် ဖားပြုတ်ဖိုမတစ်စုံသည် ယင်ကောင်အသေများကို စားနေကြ၏။ ပြတင်းပေါက်အနီးရှိ ကန်ထဲတွင် ဧရာမကမ္ဘာလိပ်ကြီးတစ်ကောင် ရှိနေသည်။ အဆိပ်ပြင်းသော လိမ္မော်ရောင်ခရုများသည် မှန်ဖြင့်ပြုလုပ်ထားသော ကန်၏နံရံများကို တရွေ့ရွေ့ တွားသွားတက်နေ၏။ ဝဝဖီးဖီး ယုန်ဖြူကြီးတစ်ကောင်၊ ရောင်စုံကြောင်များ၊ တောကျီးကန်းများ၊ အနက်ရောင်
mgyoe.com

mg


ကြွက်များသည် လှုပ်ရှားယောက်ယက်ခတ်နေကြလေသည်။

ဈေးဝယ်သူများ ရှင်းသွားသည့်အခါတွင်မှ ရွှန်က ကောင်တာအနီးသို့ ချဉ်းကပ်သွားလိုက်ပြီး ဆိုင်ရှင်စုန်းမကြီးကို...

"ကျွန်တော့်ကြွက်ကလေး ဘာဖြစ်မှန်းမသိဘူးဗျာ။ အီဂျစ်က ပြန်လာပြီးကတည်းက အရောင်ပြောင်းပြီး မွဲခြောက်ခြောက် ဖြစ်သွားတယ်"

စုန်းမကြီးက သူမ၏အိတ်ထဲမှ ကြီးမားလှသော အနက်ရောင်မျက်မှန်ကြီးကို ထုတ်ယူလိုက်ရင်း...

"သူ့ကို ကောင်တာပေါ် တင်လိုက်ပါ"

ရွှန်က စကက်ဘာကို သူ့အင်္ကျီအတွင်းအိတ်ထဲမှထုတ်ပြီး အခြားကြွက်ကလေးများ အနီးတွင် ချထားလိုက်၏။ ယောက်ယက်ခတ်နေသော ကြွက်ကလေးများသည် ငြိမ်ကျသွားပြီး စကက်ဘာကို စူးစူးစိုက်စိုက် ဝိုင်းကြည့်နေကြသည်။ ကြွက်ကလေးများ၏ အမူအရာက မကောင်းဆိုးဝါးကို တွေ့လိုက်ရသလိုမျိုး။

ကြွက်ကလေး စကက်ဘာသည်လည်း (ရွှန် ပိုင်ဆိုင်သော အခြားပစ္စည်းများနည်းတူပင်) တစ်ပတ်နွမ်း ဖြစ်သည်။ ထိုကြွက်ကလေးသည် တစ်ချိန်က ရွှန်၏အစ်ကို ပါစီ ပိုင်ဆိုင်ခဲ့သော သတ္တဝါဖြစ်ပြီး ဆင်းရဲနွမ်းပါးသော သူတို့မိသားစု၏ ထုံးစံအတိုင်း အစ်ကိုကြီးလက်ထဲမှ ပစ္စည်းကို ညီဖြစ်သူက ဆက်ခံရရှိခြင်းသာ ဖြစ်သည်။

စုန်းမကြီးက စကက်ဘာကို ကောက်ယူကြည့်လိုက်ရင်း...

"ဟင်...ဒီကြွက်ကလေးက အသက်ဘယ်လောက်ကြီးပြီလဲ"

"မသိဘူးဗျ။ တော်တော်တော့ အိုနေပြီ။ အရင်တုန်းက ကျွန်တော့်အစ်ကို ပိုင်တာ"

ဆိုင်ရှင်စုန်းမကြီးက ကြွက်ကလေးစကက်ဘာကို သေသေချာချာ အကဲခတ်ရင်း...

"မင်းရဲ့ကြွက်ကလေးက ဘယ်လို တန်ခိုးစွမ်းပကားမျိုးတွေရှိလဲ"

"အင်း...အဲ..."

ရွှန် ဘာပြန်ဖြေရမှန်းမသိ။ အမှန်အတိုင်းပြောရလျှင် ကြွက်ကလေး စကက်ဘာသည် မှော်တန်ခိုးစွမ်းပကား တစိုးတစိမှ မပြသခဲ့ဖူးချေ။

ဆိုင်ရှင် စုန်းမကြီး၏အကြည့်က ဖွာလန်ကျဲကာ စုတ်ပြတ်နေသော ကြွက်ကလေး၏ လက်ဝဲဘက်နားရွက်ကို စစ်ဆေးကြည့်ရှုနေရာမှ ရှေ့ခြေထောက်တစ်ဖက်ဆီသို့ အကြည့်ရောက်သွား၏။ ထိုခြေထောက်တွင် ခြေချောင်းလေးတစ်ချောင်း

mgyoe.com

mgyoe.com

ပြတ်နေလေသည်။

ဆိုင်ရှင်စုန်းမကြီးက...

"ဒါက ဘယ်လိုဖြစ်တာလဲ"

"မသိဘူးလေ...ကျွန်တော့်အစ်ကို ပါစီ ကျွန်တော့်ကို ပေးကတည်းက အဲဒီ ခြေချောင်းလေး ပြတ်နေတာပဲ"

"ပုံမှန်ကြွက်တစ်ကောင်ဆိုရင် သက်တမ်းသုံးနှစ်ထက် ပိုမခံဘူး။ ဒီတော့ မင်းအနေနဲ့ တခြားကြွက်တစ်ကောင် ထပ်ဝယ်သင့်ပြီလို့ ငါထင်တယ်။ ဟောဟို အကောင်တွေထဲက ကြိုက်ရာရွေး"

ဆိုင်ရှင်စုန်းမကြီးက အနက်ရောင်ကြွက်များရှိရာဆီသို့ ညွှန်ပြလိုက်၏။ သို့သော် ရွန်က...

"နေပါစေတော့"

"ကောင်းပြီလေ၊ မင်းအနေနဲ့ တခြားကြွက်တစ်ကောင် မဝယ်ချင်ဘူးဆိုရင်လည်း မင်းရဲ့ကြွက်ကိုတိုက်ဖို့ ကြွက်အားတိုးဆေး ပေးလိုက်မယ်"

သူမက ကောင်တာအောက်မှ အနီရောင်ပုလင်းငယ်တစ်လုံးကို ထုတ်ယူလိုက်၏။ ရွန်က...

"ကောင်းပါပြီ။ ဆေးဖိုး ဘယ်လောက်ကျ...အောင်မလေး"

ရွန်က အလန့်တကြား အော်ဟစ်လိုက်သည်။ ကြီးမားသော လိမ္မော်ရောင် သတ္တဝါတစ်ကောင်က အမြင့်ဆုံးလှောင်အိမ်ထိပ်မှနေ၍ ကြွက်ကလေးစကက်ဘာပေါ် ဝုန်းခနဲ ခုန်အုပ်ချလိုက်သောကြောင့် ဖြစ်၏။

"မလုပ်နဲ့...ခရိုးရှန့်၊ မလုပ်နဲ့...ရှူး...ရှူး"

ဆိုင်ရှင်စုန်းမကြီးက အော်ဟစ်မောင်းနှင်နေဆဲမှာပင် ကြွက်ကလေးစကက်ဘာက သူမ၏ လက်ချောင်းကြားမှ ဆပ်ပြာခဲလေးတစ်ခဲလို ဖလွတ်ခနဲ ထွက်သွားပြီး (အသက်ဘေးကြောင့်လား မပြောတတ်) ခြေကုန်သုတ်တော့သည်။

"စကက်ဘာ"

ရွန်က အော်ဟစ်ရင်း ဆိုင်အပြင်ဘက်ဆီသို့ သူ့ကြွက်ကလေးနောက် ကောက်ကောက်ပါအောင် ပြေးလိုက်သွား၏။

ကြွက်ကလေး စကက်ဘာက ကွစ်ဒစ်ပစ္စည်းအရောင်းဆိုင်အပြင်ဘက်ရှိ အမှိုက်ပုံးအောက်တွင် ဝင်ပုန်းနေလေရာ ၁၀ မိနစ်ခန့်ကြာမှ ရှာတွေ့တော့သည်။ ကြောက်လွန်းသဖြင့် တဆတ်ဆတ်တုန်ယင်နေသော ကြွက်ကလေးကို ရွန်က တယုတယ ကောက်ယူ၍ အိတ်ထဲပြန်ထည့်လိုက်ရင်း ဟယ်ရီ့ဘက်သို့ လှည့်မေးလိုက်သည်။

mgyoe.com

"စောစောက ခုန်အုပ်တာ ဘာကောင်ကြီးလဲ"

"ကြောင်အကြီးကြီးတစ်ကောင် ဖြစ်ချင်ဖြစ်မယ်၊ ဒါမှမဟုတ် ကျားပေါက်စ တစ်ကောင် ဖြစ်မှာပေါ့"

"ဟာမီယွန်ကော"

"ဗိုးကွက်ဝယ်နေတယ်ထင်တယ်"

သို့ဖြင့် သူတို့နှစ်ယောက်သား စောစောက တိရစ္ဆာန်အရောင်းဆိုင်ဆီသို့ သွားရပြန်သည်။ ဆိုင်အနီးသို့ရောက်ချိန်တွင် အထဲမှထွက်လာသော ဟာမီယွန်ကို တွေ့လိုက်ရ၏။

သူမဝယ်လာသည်က ဗိုးကွက်မဟုတ်။ သူမ၏လက်ထဲတွင် လွန်စွာ ကြီးမားလှသော လိမ္မော်ရောင်ကြောင်ကြီးတစ်ကောင်ကို ပွေ့ပိုက်ထား၏။

ရွန်က ပါးစပ်အဟောင်းသားဖြင့်...

"နင် ဒီလို မိုက်ရိုင်းထွားကျိုင်းတဲ့ကောင်ကြီးကို ဝယ်လာတယ် ဟုတ်လား"

"အကောင်ကြီးတော့ ခန့်တယ်လေဟာ...ဟုတ်ဘူးလား"

ဟယ်ရီ့စိတ်ထဲကတော့ 'ကြည့်သူရှုထောင့်ချင်းမတူလျှင် အမြင်လည်းမတူ ကြ'ဟု တွေးနေမိ၏။ လိမ္မော်ရောင်ကြောင်ကြီး၏ အမွေးအမျှင်များသည် ထူထဲ ရှည်လျားလှ၏။ ခြေထောက်တွေက အနည်းငယ်ခွင်နေသည်။ မျက်နှာက ဒေါသ မာန်ထနေပုံမျိုး။ သို့သော် သူ့ဦးခေါင်းက အုတ်နံရံကို ပြေးဆောင့်ထားသလို ပုံသဏ္ဍာန် ထူးထူးဆန်းဆန်း ဖြစ်နေ၏။ ယခုအချိန်တွင် ကြွက်ကလေး စကက် ဘာက မမြင်ကွယ်ရာနေရာတွင် ရောက်နေသောကြောင့်လား မပြောတတ်။ ကြောင် ကြီးသည် ဟာမီယွန်၏ လက်မောင်းပေါ်တွင် အယုအယခံရင်း ပျော်ပိုက်နေလေ သည်။ ရွန်က...

"ဟာမီရွှန်၊ နင့်အကောင်ကြီးလုပ်လိုက်တာ ငါ စောစောက ကံကောင်းလို့ ခေါင်းမပေါက်တယ်"

ဟာမီယွန်ကတော့...

"မတော်တဆ ဖြစ်သွားတာပါဟာ။ သူက တမင်မရည်ရွယ်ပါဘူး ဟုတ် တယ်မဟုတ်လား ခရိုးရှန့်"

ရွန်က ဖောင်းနေသော သူ့အင်္ကျီအိတ်ကပ်ကို ညွှန်ပြရင်း...

"ဒါဆို ငါ့ကြွက်ကလေး စကက်ဘာအတွက် ဘယ်လိုလုပ်မလဲ။ ငါ့ကြွက် လေးရဲ့ ကျန်းမာရေးအတွက် စိတ်ချမ်းချမ်းသာသာနဲ့ နားနားနေနေ နေဖို့လိုတယ်။ နင့်ကြောင်ကြီးရှိနေရင် ငါ့ကြွက်ကလေး ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာမှာလဲ"

"သြော်...ခုမှ သတိရတယ်။ ရော့...ဒီမှာ နင် စောစောက မေ့ထားခဲ့တဲ့

mgyoe.com

ကြွက်အားတိုးဆေးပုလင်း။ ပြီးတော့...အပိုတွေ စိုးရိမ်မနေပါနဲ့ဟာ။ ငါ့ကြောင်က ငါတို့ မိန်းကလေးဆောင်ထဲမှာ အိပ်နေမှာ။ ကြွက်ကလေးစကက်ဘာက နှင်နဲ့ အတူနေမှာပဲ။ ဘာမှပြဿနာမရှိဘူး။ ဟောဒီ ခရိုးရှန့်က သနားစရာကြောင်ကလေး ပါ။ ဆိုင်ရှင်ကပြောတော့ ခရိုးရှန့် ဒီဆိုင်မှာရောက်နေတာ နှစ်တော်တော် ကြာပြီ။ ဘယ်သူက ဝယ်မယ့်လူမရှိဘူးတဲ့"

"သြော်...ဝယ်လည်း ဝယ်ချင်စရာကိုး"

ရွှန်က ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

သူတို့သုံးယောက် လီကီကော်ဒရွှန်ဆိုင်သို့ ပြန်ရောက်သောအခါ ရွှန့်အဖေ မစ္စတာဝီစလေကို ဘားမှာထိုင်ပြီး သတင်းစာဖတ်လျက်သား တွေ့ရ၏။ သူက အပြုံးဖြင့် မော့ကြည့်ရင်း...

"ဟယ်ရီ နေကောင်းလားဟေ့"

"ဟုတ်ကဲ့...ကောင်းပါတယ်"

မစ္စတာဝီစလေက သတင်းစာကို ဘေးသို့ချထားလိုက်၏။ သတင်းစာ မျက်နှာဖုံးတွင် ဆီးရီးယပ်စ်ဘလက်၏ပုံကို ဟယ်ရီ မြင်ရပြန်လေသည်။

"ဘလက်ကို အခုထိ မမိကြသေးဘူးလား"

"မမိသေးဘူးကွ။ သူ့ကိုရှာဖို့ ကြိုးစားနေရတာနဲ့ပဲ အန်ကယ်တို့ ဝန်ကြီး ဌာနက လူတွေလည်း ပုံမှန်လုပ်နေကျ အလုပ်တွေကိုတောင် မလုပ်နိုင်တော့ပါဘူး ကွာ။ အခုထိတော့ လိုက်လေဝေးလေပဲဟေ့"

ဟု မစ္စတာဝီစလေက ပြန်ဖြေလိုက်၏။ ရွှန်က...

"သူ့ကို ကျွန်တော်တို့ ဖမ်းပေးရင် ဆုငွေရမှာလား ဖေဖေ"

"အောင်မလေး...မလုပ်လိုက်ပါနဲ့ သားရယ်။ ဘလက်ဆိုတဲ့လူဟာ ဆယ့်သုံးနှစ်သား မှော်ဆရာပေါက်စလေးတစ်ယောက်ရဲ့ အစွမ်းနဲ့ ဖမ်းမိမယ့်ကောင် မျိုးမဟုတ်ဘူး။ အက်ဇကာဘန်အကျဉ်းထောင်က အာဏာပါးကွက်သားတွေမှပဲ သူ့ကို ဖမ်းနိုင်မှာပါ။ ဖေဖေ့စကားကို မြဲမြဲမှတ်ထားနော်"

ထိုအချိန်တွင် ရွှန်၏ မိခင်ကြီး မစ္စစ်ဝီစလေ ဝင်လာသည်။ သူမ၏နောက် တွင် ဖရက်နှင့် ဂျော့ အမြွှာညီနောင် (ကျောင်းဖွင့်လျှင် သူတို့က ပဉ္စမနှစ်တက်ရ မည့်သူများ ဖြစ်သည်။) ခေါင်းဆောင်ကျောင်းသားအဖြစ် ပူပူနွေးနွေး ရွေးချယ် ခံထားရသည့် ပါစီနှင့် ညီမအငယ်ဆုံးလေး ဂျင်နီတို့ လိုက်ပါလာကြ၏။

ဂျင်နီက ဟယ်ရီ့ကိုမြင်သည်နှင့် ထုံးစံအတိုင်း ရှက်သွေးဖြန်းသွားပြီး ဟယ်လိုဟု မပွင့်တပွင့်ပြောသည်။ ပါစီကတော့ တကယ့်ဣန္ဒြေသိက္ခာရှိ မဟာ ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ဟန်ပန်မျိုးဖြင့်...

mgyoe.com

mgyoe.com

"ဟယ်ရီ...ကျန်းခန့်သာလို့ မာပါစ"

ဟု နှုတ်ဆက်၏။ ဟယ်ရီက အော်ပြီး မရယ်လိုက်မိအောင် အောင့်ထားရင်း...

"ဟယ်လို...ပါစီ"

"အစစ အရာရာ အဆင်ပြေလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ပါစီက ခန့်ခန့်ညားညားပြောရင်း လက်ဆွဲနှုတ်ဆက်၏။ သူ့ပုံစံက မြို့တော်ဝန်နှင့် မိတ်ဆက်နေရသလိုမျိုး။ ထိုစဉ်...

"ဟေ့ကောင်...ဟယ်ရီ"

ဖရက်က အော်ဟစ်နှုတ်ဆက်ရင်း ပါစီ့ကို တံတောင်ဖြင့်တွက်ကာ တွန်းဖယ်လိုက်ပြီး...

"ပို့သသော ရွှေမေတ္တာတော်တို့ကြောင့် ကျန်းမာပြီး လန်းဖြာပါစေ အဆွေတော်"

ဟု ဆိုကာ ဇာတ်ဟန်ပါပါဖြင့် ဦးညွှတ်လိုက်၏။ ဂျော့ကလည်း အားကျမခံ ဖရက်ကို တွန်းထုတ်၍ ဟယ်ရီ၏လက်ကို လှုပ်ယမ်းနှုတ်ဆက်ရင်း...

"အခုလိုတွေ့ရတာ ရင်ထဲ ချမ်းမြေ့လှပါဘိတော့တယ်"

ဟု ပါစီ့ကို တမင်ရွဲ့၍ ပြောင်ချော်ချော် လုပ်နေကြ၏။ သူတို့မိခင်ကြီး မစ္စစ်ဝီစလေက...

"ကဲ...မျက်နှာပြောင်တာတွေ တော်လောက်ပြီ"

သို့တိုင် ဖရက်က အရှိန်မသေသေးဘဲ သူ့မိခင်၏လက်ကို တရိုတသေ လှမ်းကိုင်ပြီး...

"အို...မယ်မယ်ဘုရား၊ မယ်မယ့်ကိုမြင်ရတာ ဝမ်းမြောက်ဝမ်းသာ..."

"တော်တော့လို့ ငါပြောနေတယ်နော်"

မစ္စစ်ဝီစလေက သူမ၏ ဈေးဝယ်အိတ်ကို ကုလားထိုင်အလွတ်တစ်လုံးပေါ် လှမ်းတင်လိုက်ရင်း ဟယ်ရီ့ဘက်သို့ လှည့်၍...

"ဟယ်လို...ဟယ်ရီ၊ တို့မိသားစုရဲ့ သတင်းတွေကို ကြားပြီးရောပေါ့"

သူမက ပါစီ၏ရင်ဘတ်တွင် တပ်ဆင်ထားသည့် ငွေရောင်ပြောင်ပြောင် လက်လက်နှင့် ခေါင်းဆောင်ကျောင်းသားတံဆိပ်ကို ညွှန်ပြလိုက်ရင်း...

"တို့မိသားစုထဲမှာ ခေါင်းဆောင်ကျောင်းသားအဖြစ် အရွေးခံရတဲ့ ဒုတိယမြောက်ကလေးပဲလေ"

ထိုသို့ပြောနေစဉ်မှာ သူမ၏မျက်နှာက ဂုဏ်ယူဝင့်ကြွားမှုဖြင့် ဝင်းပနေ၏။ အမြွာညီနောင်ထဲမှ ဖရက်ကတော့ မကြားတကြားလေသံဖြင့်...

mgyoe.com

mgyoe.com

"ဒုတိယနဲ့ နောက်ဆုံးတစ်ယောက်ပါပဲ"

ဟု သီချင်းလုပ်ဆိုကာ နောက်ပြောင်နေ၏။ မစ္စစ်ဝီစလေက ဒေါသဖြင့် လှည့်ကြည့်ရင်း...

"သိပ်ဟုတ်တာပေါ့။ နင်တို့တွေက အသုံးမှမကျဘဲ။ ကျောင်းသားအကြီးအကဲအဖြစ်တောင် အရွေးမခံရဘူး မဟုတ်လား"

"ကျောင်းသားအကြီးအကဲ...ဟုတ်လား။ ဘာလုပ်ရမှာလဲ အမေရာ။ အဲဒီရာထူးမျိုးက ဘဝရဲ့ ပျော်စရာမှန်သမျှကို ဖျက်ဆီးပစ်တဲ့ ရာထူးမျိုးအမေရဲ့"

ဟု ဂျော့က ပြောလိုက်၏။

"ဩော်...နင်တို့က နင်တို့ညီမလေးအတွက် စံနမူနာကောင်းတွေ ပြပေးနေကြတယ်ပေါ့လေ...ဟုတ်လား"

ပါစီက ဝင်၍ အချောင်အသားယူသည့်လေသံဖြင့်...

"ညီမလေးဂျင်နီ အတုယူချင်တယ်ဆိုရင်လည်း ကျွန်တော်တစ်ယောက်လုံး ရှိနေပြီပဲ အမေရယ်။ ကဲ...ကျွန်တော် ညစာစားဖို့ အဝတ်အစား သွားလဲလိုက်ဦးမယ်"

ဟု ပြောပြီး ထထွက်သွားသည်။

သူ ပျောက်ကွယ်သွားသောအခါ ဂျော့က သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ငါတို့ ပါစီကို ပိရမစ်ထဲမှာ ပိတ်လှောင်ပြီးထားပစ်ခဲ့ဖို့ ကြိုးစားခဲ့ကြပါသေးတယ်ကွာ။ အမေမိသွားလို့"

ဟု ပြောလိုက်လေသည်။

* * *

ထိုညတွင် ညစာစားရသည်မှာ အလွန်ပျော်စရာကောင်းသည်။ ဆိုင်ပိုင်ရှင်တွမ်က စားပွဲသုံးလုံးကိုဆက်၍ ခင်းပေးပြီး ဝီစလေမိသားစု ခုနစ်ဦးနှင့်အတူ ဟယ်ရီနှင့် ဟာမိယွန်တို့ပါ အတူဝိုင်းထိုင်၍ စားသောက်ကြ၏။ ဖရက်က...

"မနက်ဖြန်ကျရင် ကင်းခရော့စ်ဘူတာရုံကို ကျွန်တော်တို့ ဘယ်လိုသွားကြမလဲ ဖေဖေ"

မစ္စတာဝီစလေက...

"ဝန်ကြီးဌာနက ကားနှစ်စီးစီစဉ်ပေးလိမ့်မယ်"

သူ့စကားကြောင့် အားလုံးက တအံ့တသြဖြင့် မော့ကြည့်ကြ၏။ ပါစီက သိလိုစိတ်ဖြင့်...

"ဘာဖြစ်လို့လဲ ဖေဖေ"

mgyoe.com

mgyoe.com

ဂျော့က အတည်ပေါက်ဖြင့် ဝင်နောက်သည်။

"အဲဒါ မင်းကြောင့်ပေါ့ကွ ပါစီရ။ ကားရှေ့ဘောနက်ဖုံးပေါ်မှာ အလံလေးတွေတောင် စိုက်ထားဦးမှာ။ အလံပေါ်မှာလည်း H.B ဆိုတဲ့ စာလုံးတွေ ရိုက်ထားဦးမယ်"

"အဓိပ္ပာယ်အရှည်ကောက်ကတော့ ဂုဏ်ရောင်ထွန်းပြောင်သော ခေါင်းကြီး၊ အဲ...မဟုတ်ပါဘူး...ခေါင်းဆောင်ကြီးပေါ့ကွာ"

ဟု ဖရက်က စကားကို ဖြည့်ပြောလိုက်သည်။ သူတို့နှစ်ယောက်၏ စကားကြောင့် မစ္စစ်ဝိစလေနှင့် ပါစီတို့မှတစ်ပါး ကျန်လူများအားလုံး စားလက်စပူတင်းများ နင်သွားကြ၏။

"ဘာဖြစ်လို့ ဝန်ကြီးဌာနက ကျွန်တော်တို့ကိုမှ ဒီလို ထူးထူးခြားခြား ကားစီစဉ်ပေးတာလဲ ဖေဖေ"

ဟု ပါစီက ထပ်မေးလိုက်ရာ မစ္စတာဝိစလေက...

"ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ဝန်ကြီးဌာနမှာ အလုပ်လုပ်တာကိုး။ ဖေဖေ့ကို အထူးအခွင့်အရေးပေးတဲ့အနေနဲ့ စီစဉ်ပေးတာပေါ့"

ပြောရိုးပြောစဉ် လေသံမျိုးဖြစ်အောင် ကြိုးစား၍ တမင်ပြောနေသော်လည်း မစ္စတာဝိစလေ၏ နားရွက်များ နီရဲသွားကြသည်ကို ဟာယ်ရီ သတိထားမိသည်။ စိတ်သောက တစ်စုံတစ်ရာ ဖိစီးနေသောကြောင့် ဖြစ်မည်ဟု သူ တွေးမိ၏။

မစ္စစ်ဝိစလေက...

"ကဲ...ကလေးတို့ မနက်ကျရင် သယ်စရာရှိတဲ့ပစ္စည်းတွေ အခုကတည်းက တစ်ခါတည်း ထုပ်ပိုးထားပြီးကြပြီ မဟုတ်လား"

"ရွန်က အခုချိန်ထိ သူ့ပစ္စည်းတွေကို သေတ္တာထဲမထည့်ရသေးဘူး မေမေ။ ကျွန်တော့်ခုတင်ပေါ်မှာ ပစ်စလက်ခတ် လာဖွထားတယ်"

ဟု ပါစီက တိုင်လိုက်၏။ မစ္စစ်ဝိစလေက...

"ဟဲ့...ရွန်...သွား၊ ပစ္စည်းတွေ တစ်ခါတည်း သိမ်းထားချေ။ မနက်ကျမှ လုပ်ရင် အချိန်မီမှာမဟုတ်ဘူး"

မိခင်၏ အဆူခံလိုက်ရသော ရွန်က ပါစီ့ကို ဘုကြည့်ကြည့်လိုက်၏။

ညစာစားပြီးသောအခါ အားလုံးက ဗိုက်လေးပြီး အိပ်ချင်နေကြပေပြီ။ အပေါ်ထပ်ရှိ ကိုယ့်အခန်းသို့ ကိုယ်ပြန်ရင်း သိမ်းဆည်းထားသော ပစ္စည်းများ စုံ၊ မစုံ စစ်ဆေးကြည့်ကြ၏။ ရွန်နှင့် ပါစီတို့က ဟာယ်ရီနှင့် ကပ်လျက်အခန်းတွင် ဖြစ်သည်။ ဟာယ်ရီက သူ့ပစ္စည်းများကို သိမ်းဆည်းသော့ခတ်ပြီးချိန်မှာပင် တစ်ဖက်အခန်းမှ ဒေါသတကြီး အော်ပြောလိုက်သော ပါစီ၏ အသံကို ကြားလိုက်ရ၏။

mgyoe.com

mgyoe.com

ဟယ်ရီက ဘာဖြစ်နေသလဲဟု သိချင်စိတ်ဖြင့် တစ်ဖက်ခန်းသို့ ကူးသွားလိုက်သည်။ အခန်းထဲတွင် ပါစီက ဒေါသူပုန်ထလျက်...

"အဲဒါကို ငါ့ခုတင်ဘေးက စားပွဲပေါ်မှာ သေသေချာချာ ထားခဲ့တာ။ ငါ အဲဒါကို အရောင်ပြောင်လက်အောင်တိုက်ဖို့ ထုတ်ထား..."

"မင်းပစ္စည်းကို ငါ လက်ဖျားနဲ့တောင် မထိဘူး"

ရွန်က ပြန်ဟောက်၏။ ဟယ်ရီက...

"ဘာတွေဖြစ်နေကြတာလဲ"

ပါစီက ဟယ်ရီဘက်သို့ လှည့်ကြည့်ရင်း...

"ငါ့ ခေါင်းဆောင်ကျောင်းသား ရင်ထိုးတံဆိပ်ပျောက်သွားလို့"

"စကက်ဘာအတွက်ထားတဲ့ ကြွက်အားတိုးဆေးလည်း ပျောက်သွားတာပဲ"

ရွန်က ပြောရင်း သူ့ပစ္စည်းများကို ခရီးဆောင်သေတ္တာထဲမှ လှန်လှောရှာဖွေနေ၏။ နောက်ပြီး သူကပင်ဆက်၍...

"အဲဒီဆေးဘူးကို ငါအောက်ထပ်က ဘားမှာထားခဲ့မိတယ်ထင်..."

"ဟော့ကောင်...ရွန်၊ မင်း ငါ့တံဆိပ်ကို ပြန်ရှာမပေးမချင်း ဒီအခန်းထဲက ထွက်ဖို့ မစဉ်းစားနဲ့"

ဟု ပါစီက ကြုံးဝါးလိုက်၏။ ဟယ်ရီက...

"ကဲပါကွာ။ စကက်ဘာအတွက် ဆေးဘူးကို ငါပဲသွားယူပေးပါ့မယ်"

ဟယ်ရီက ပြောပြောဆိုဆိုဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဘားကောင်တာဆီသို့ သွားရာလမ်းကျဉ်းကလေးက လွန်စွာမှ မှောင်မိုက်နေ၏။ ဘားကောင်တာရှိရာ စားသောက်ခန်းဆီသို့ ရောက်ခါနီးဆဲဆဲတွင် အခန်းထဲမှ ထွက်ပေါ်လာသော မစ္စတာဝီစလေနှင့် မစ္စစ်ဝီစလေတို့ ဇနီးမောင်နှံ၏ ဒေါသတကြီး ပြောဆိုနေသံများကို ကြားလိုက်ရသောကြောင့် သူ့ခြေလှမ်းများ တုံ့ခနဲ ရပ်သွား၏။

ပြောဆိုနေကြသော စကားများထဲတွင် ဟယ်ရီ့နာမည်ပါနေသည်ကိုပါ ကြားလိုက်ရသောကြောင့် အခန်းအနီးသို့ ဖွဖွတိုးကပ်သွားပြီး နားထောင်လိုက်၏။ မစ္စတာဝီစလေက...

"သူ့ကို မပြောပြစရာ ဘာအကြောင်းမှမရှိဘူး။ အဖြစ်မှန်ကို ဟယ်ရီလည်း သိသင့်တယ်၊ ဖတ်ဂျ်ကိုလည်း ဒီအတိုင်းရှင်းပြဖို့ ငါကြိုးစားပြီးပြီ။ ဒါပေမဲ့ မရဘူး။ ဝန်ကြီးက ဟယ်ရီ့ကို ကလေးတစ်ယောက်လို သဘောထားနေတုန်းပဲ။ အဓိပ္ပာယ်မရှိတာကွာ။ ဟယ်ရီက အသက်ဆယ့်သုံးနှစ်တောင် ရှိနေ..."

"ဒီမယ် အာသာ...အဖြစ်မှန်ကိုသိရင် ဟယ်ရီ သိပ်ကြောက်သွားမှာပေါ့။

mgyoe.com

အဲဒီ စိုးရိမ်ထိတ်လန့်နေတဲ့ ဖိစီးမှုကြီးနဲ့ သူ ကျောင်းတက်နေရတာကို ရှင် မြင်ချင်လို့လား။ သူ့ဘာသာသူ အေးအေးဆေးဆေး ပျော်ပျော်ပါးပါး နေပါစေ။ မသိတာဘဲ ကောင်းပါတယ်"

"ငါက သူ့ကို စိတ်မချမ်းမြေ့အောင် လုပ်ချင်လို့မဟုတ်ဘူး။ သူ့ကိုယ်သူ သတိနဲ့ နေထိုင်ဖို့ ပြောပြထားချင်တာ။ ဟယ်ရီနဲ့ ငါတို့သား ရွန်ဟာ ဘယ်လို ကလေးမျိုးတွေလဲဆိုတာ မင်းအသိပဲ။ သူတို့ သွားချင်ရာ လျှောက်သွားနေကြတာ။ မသွားရတောအုပ်ကိုတောင် နှစ်ကြိမ်ရောက်ပြီးသွားပြီ မဟုတ်လား"

ဒါပေမဲ့ ဒီနှစ်တော့ ဟယ်ရီတစ်ယောက် အဲဒီလို လျှောက်သွားနေလို့ မဖြစ်တော့ဘူး။ သိပ်အန္တရာယ်ကြီးတယ်။ သူဦးလေးနဲ့ အဒေါ်အိမ်က ထွက်သွားတဲ့ညကဆို....ကြည့်စမ်း၊ ဘုရားမလို့ မြင်းသည်တော်ဘတ်စ်ကားကသာ အချိန်မီ တိုက်တိုက်ဆိုင်ဆိုင် ရောက်မလာဘူးဆိုရင် ငါတို့ဝန်ကြီးဌာနကလူတွေ သူ့ကို ရှာမတွေ့ခင် သေနေနှင့်ပြီးလောက်ပြီ"

"ဒါပေမဲ့ အခု ဟယ်ရီ သေမှမသေတာ။ အဲဒီတော့..."

"မော်လီ...ဆီးရီးယပ်စ်ဘလက်ဆိုတာ စိတ္တဇလူသတ်သမားလို့ ပြောနေကြတယ်နော်၊ ဟုတ်လည်းဟုတ်မှာပါ။ ဒါပေမဲ့ ဘယ်သူမှ လွတ်မြောက်ဖို့ မဖြစ်နိုင်ဘူးလို့ ထင်ထားတဲ့ ဝိညာဉ်နုတ်အကျဉ်းထောင်ကြီးထဲကတောင်မှ လွတ်အောင် ပြေးနိုင်တယ်နော်။ အခုလည်း သူ လွတ်နေတာ သုံးပတ်ရှိသွားပြီ။ မိဖို့မပြောနဲ့... သူ့အရိပ်အယောင်ကိုတောင်မှ ခြေရာခံဖို့ မရသေးဘူး...

"သတင်းစာထဲမှာ ဝန်ကြီးက ဘယ်လောက်ပဲ မိုးလားကဲလား ပြောနေပြောနေ၊ ဘလက်ကို မိဖို့ဆိုတာကတော့ စိတ်ကူးအဆင့်မှာပဲ ရှိသေးတယ်။ သေချာတာတစ်ခုကတော့ ဘလက်ဟာ..."

"ဒါပေမဲ့ အာသာရယ်...ဟော့ဝပ်ကျောင်းမှာနေရင် ဟယ်ရီ့အတွက် ဘာ အန္တရာယ်မှ မရှိပါဘူး၊ လုံခြုံပါတယ်"

"အက်ဇကာဘန်အကျဉ်းထောင်ကြီးကိုလည်း လုံခြုံလှပြီလို့ ငါတို့ ယုံကြည်ထားခဲ့ကြတာပဲလေ။ အဲဒီထောင်ကြီးကိုတောင်မှ ဘလက်ဟာ ဖောက်ထွက်နိုင်သေးတယ်ဆိုရင် ဟော့ဝပ်ကျောင်းထဲကိုလည်း ထိုးဖောက်ဝင်လာနိုင်မှာပေါ့"

"ဒါပေမဲ့ ဘလက်ဟာ ဟယ်ရီ့နောက်ကို လိုက်နေတယ်လို့ ဘယ်သူမှ သေချာပေါက် မပြောနိုင်သေးပါဘူး"

မစ္စတာဝီစလေက စားပွဲကို လက်သီးဖြင့် ဝုန်းခနဲ ထုလိုက်ပြီး...

"မင်းကို ငါ ဘယ်နှစ်ခါပြောရမလဲ မော်လီ။ သတင်းစာထဲမှာ အကြောင်းရဲ့

m.g yoe.com

mgyoe.com

မပါအောင် မှော်ဝန်ကြီးဖတ်ဂျ်က ဖုံးဖိထားပါတယ်လို့...။ ဘလက် လွတ်မြောက်သွားတဲ့ညမှာပဲ မှော်ဝန်ကြီးဖတ်ဂျ်က အက်ဇကာဘန်အကျဉ်းထောင်ကို ရောက်ပြီးပြီ။ အစောင့်တွေရဲ့ ပြောပြချက်အရ ဘလက်ဟာ အိပ်ပျော်နေတုန်း စကား တစ်ခွန်းကိုပဲ အမြဲယောင်ပြီး ရေရွတ်သတဲ့။

"အဲဒီစကားက 'သူ ဟော့ဝပ်မှာရှိတယ်။ သူ ဟော့ဝပ်မှာရှိတယ်' ဆိုတဲ့ တစ်ခွန်းပဲ။ ဒီမှာ မော်လီ...ဘလက်ဟာ ဟယ်ရီ့ကို အသေသတ်ချင်နေတာ။ ဟယ်ရီ့ကို အသေသတ်လိုက်နိုင်ရင် သူ့ရဲ့ မိစ္ဆာအရှင်သခင်ကြီးအဖို့ တန်ခိုးတွေ ပြန်ရလာမယ်လို့ ထင်နေတယ်။ ဟယ်ရီက မိစ္ဆာသခင်ကြီးကို ဖြိုခွင်းလိုက်တဲ့နေ့က စပြီး ဘလက်ဟာ အရှုံးသမားဘဝနဲ့ ထောင်ထဲမှာ ဆယ့်နှစ်နှစ်လုံးလုံး နေခဲ့ရတာပဲ"

တိတ်ဆိတ်ခြင်းက ကြီးစိုးသွားပြန်သည်။ ဟယ်ရီက ဘာများကြားရမလဲဟု သိချင်စိတ်ဖြင့် တံခါးနားသို့ ပို၍ တိုးကပ်သွားလိုက်၏။

"ကောင်းပြီလေ အာသာ။ ရှင် မှန်တယ်ထင်တာကို လုပ်ပါ။ ဒါပေမဲ့ အဲလ်ဘတ်ဒမ်ဘယ်ဒိုးကိုတော့ ရှင် မေ့ထားလို့မဖြစ်ဘူး။ ဟော့ဝပ်မှာ သူ ကျောင်းအုပ်ကြီးဖြစ်နေသမျှ ကာလပတ်လုံး ဟယ်ရီ့အပေါ် ဘာအန္တရာယ်မှ မကျရောက်နိုင်ဘူးလို့ ကျွန်မတော့ယုံတယ်။ ဒမ်ဘယ်ဒိုးဟာ ဒီကိစ္စတွေအားလုံးကို သိထားပြီးလောက်ပါပြီ"

"သိတာပေါ့။ ငါတို့က သူ့ဆီသွားပြီး ကျောင်းအဝင်ဝတစ်ဝိုက်မှာ အက်ဇကာဘန်အကျဉ်းထောင်က အာဏာပါးကွက်သားတွေကို အစောင့်ချထားခွင့်ပြုဖို့ မေတ္တာရပ်ခံခဲ့သေးတယ်။ သူက မနှစ်မြို့ပေမဲ့ သဘောတူလိုက်တယ်"

"မနှစ်မြို့ဘူး ဟုတ်လား။ ဘာဖြစ်လို့လဲ...ဘလက်ကို ဖမ်းမိဖို့အတွက်ပဲ ဟာ"

"ဒမ်ဘယ်ဒိုးက အကျဉ်းထောင် အာဏာပါးကွက်သားတွေကို သဘောမကျဘူးလေ။ ငါလည်း သူတို့ကို မကြိုက်ပါဘူး။ ဒါပေမဲ့ ဘလက်လိုကောင်မျိုးကို ကိုင်တွယ်ဖို့ကျတော့ အဲဒီလူတွေကိုပဲ မချစ်သော်လည်း အောင့်ကာနမ်းရတော့မှာပဲ။ ကဲ...ညဉ့်နက်လှပြီ မော်လီ၊ အပေါ်ထပ်မှာ သွားအိပ်ကြစို့"

ကုလားထိုင်များ တွန်းရွှေ့သံကို ကြားရသည်။ ဟယ်ရီက သူ့ကိုမမြင်အောင် ပုန်းကွယ်နေလိုက်၏။ ခဏအကြာတွင် အခန်းတံခါးပွင့်လာပြီးနောက် မစ္စတာဝီစလေတို့ ဇနီးမောင်နှံ အပေါ်ထပ် တက်သွားသံကို ကြားရသည်။

ကြွက်အားတိုးဆေးပုလင်းကို စောစောက သူတို့ထိုင်နေခဲ့သောခုံအောက်တွင် တွေ့ရသည်။ ဟယ်ရီက ဆေးပုလင်းကို ကောက်ယူပြီး အပေါ်ထပ်သို့ ပြန်

mgyoe.com

mgyee.com


တက်ခဲ့၏။ အပေါ်ထပ်မှောင်ရိပ်ထဲတွင် ဖရက်နှင့် ဂျော့တို့ အမြွှာညီအစ်ကိုတို့ အူနှိပ်ကာ ကြိတ်ရယ်နေကြသည်ကို တွေ့ရသည်။ ရွန့် အခန်းထဲမှ တံဆိပ်ပျောက် ၍ရှာနေသော ပါစီအသံကို ကြားရလေလေ သူတို့က အူရွှင်လေလေ ဖြစ်နေကြ၏။

ဖရက်က ဟယ်ရီ့ကို တိုးတိုးလေးကပ်ပြောသည်။

"သူ့တံဆိပ်ကို ငါတို့ယူထားတာကွ။ ဟောဒီမှာကြည့်စမ်း...ငါတို့ရဲ့ မန်းမှုတ်ဖန်တီးတဲ့ပညာ ဘယ်လောက် တိုးတက်နေပြီလဲဆိုတာ"

တံဆိပ်ပေါ်တွင် ရေးထိုးထားသည့် 'ခေါင်းဆောင်ကျောင်းသား'ဟူသော စာတမ်းနေရာတွင် 'ခေါင်းကြီးကျောင်းသား' ဟု ပြောင်းလဲနေသည်ကို တွေ့ရ၏။

ဟယ်ရီက ကြိုးစားပြီး ဖျစ်ညှစ်ရယ်မောလိုက်သည်။ ရွန့်ကို ကြွက် အားတိုးဆေးပုလင်း ဝင်ပေးခဲ့ပြီးနောက် သူ့အခန်းသို့ သူပြန်လာကာ အိပ်ရာပေါ် လှဲချလိုက်သည်။

ဆီးရီးယပ်စ်ဘလက်က သူ့ကိုသတ်ဖို့ လိုက်ရှာနေသည်ဆိုပဲ။ ယခုတော့ ဟယ်ရီ နားမလည်နိုင်ခဲ့သော ကိစ္စအားလုံး ရှင်းသွားပေပြီ။ မော်ဝန်ကြီးက အပြစ် ပေးရမည့်အစား သူ့ကို အသက်ရှင်လျက် တွေ့လိုက်ရသောအခါ စိတ်သက်သာရာ ရသွားပုံ၊ ဒိုင်ယာဂွန်အယ်လေမှ အပြင်သို့မထွက်ရန် ကတိပေးခဲ့ရပုံ၊ နောက်ပြီး မနက်ဖြန် ဘူတာဆင်းရန်အတွက် မော်ဝန်ကြီးဌာနမှ ကားစီစဉ်ပေးထားပုံတို့သည် ဆီးရီးယပ်စ်ဘလက်၏ ရန်မှ သူ့ကို ကာကွယ်ပေးလိုသောကြောင့် ဖြစ်သည်။

ဖြစ်ရပ်မှန်ကိုသိလျှင် သူ ဆောက်တည်ရာမရ ကြောက်လန့်သွားလိမ့်မည် ဟု မစ္စတာဝိစလေတို့ ဇနီးမောင်နှံက ထင်နေ၏။ သို့ရာတွင် ဟယ်ရီ့စိတ်ထဲ၌ မစ္စစ်ဝိစလေနှင့် သဘောချင်းကိုက်ညီသော အချက်တစ်ချက်ရှိသည်။ ယင်းကား အဲလ်ဘတ်ဒမ်ဘယ်ဒိုးပင် ဖြစ်၏။ မိစ္ဆာသခင်ကြီးကိုယ်တိုင်တောင်မှ အဲလ်ဘတ် ဒမ်ဘယ်ဒိုးကို ကြောက်ရသေးလျှင် ဗိုဒီမော့၏ ညာလက်ရုံးမျှသာ ဖြစ်သော ဘလက်က ဘာတတ်နိုင်ဦးမည်နည်း။

နောက်ပြီး ကျောင်းတစ်ဝိုက်တွင်လည်း အက်ဇကာဘန်အကျဉ်းထောင်မှ အာဏာပါးကွက်သားများ (သူတို့သည် ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ် အကောင်းဆုံး သတ္တဝါများဖြစ်သည်ဟု စုန်းကဝေတိုင်းက တဖွဖွ ပြောကြ၏။) စောင့်ကြပ်နေကြဦးမည်ဖြစ်ပေရာ ဘလက်အတွက် အခွင့်အရေးရနိုင်စရာ အကြောင်းတော့ မရှိပေ။

ဟယ်ရီ စိတ်ပူနေသောကိစ္စက တစ်ခုတည်းသာရှိသည်။ သူ့အတွက် ဟော့ မိဒ်ကျေးရွာသို့ သွားရောက်လည်ပတ်ဖို့ အခွင့်အရေး မရှိတော့ဟု ထင်ရခြင်းကြောင့် ပင် ဖြစ်၏။ လူတိုင်းက ဟယ်ရီ့ကို လုံခြုံအန္တရာယ်ကင်းသော ကျောင်းဆောင်

mgyee.com

mgyoe.com

ရဲတိုက်ဆီမှ တစ်ဖဝါးမှ ခွာစေချင်လိမ့်မည် မဟုတ်ပေ။

"ငါဟာ ကိုယ့်ကိုယ်ကို မစောင့်ရှောက်နိုင်ဘူးလို့များ လူတွေက ထင်နေကြလားမသိဘူး"

ဟယ်ရီက မှောင်မည်းနေသော မျက်နှာကြက်ကို မော့ကြည့်ရင်း တွေးလိုက်၏။ တကယ်ဆိုလျှင် သူသည် မိစ္ဆာသခင်ကြီး၏လက်မှ သုံးကြိမ်တိုင်တိုင် လွတ်မြောက်ခဲ့ပြီးပြီ မဟုတ်ပါလား။

ရုတ်တရက်ဆိုသလို သူ့စိတ်တွေ ထိုင်းမှိုင်းလေးလံသွား၏။ မက်နောလီးယားအဝိုင်းကြီးအနီးတွင် သူ မြင်တွေ့ခဲ့ရသော မရဏနိမိတ်ဆိုး ငရဲခွေးကြီးကို ပြန်သတိရလိုက်သောကြောင့် ဖြစ်သည်။ အဆိုးဆုံးဖြစ်လာတော့မယ်လို့ သိရတဲ့ အခါကျရင် သင် ဘာလုပ်မလဲ။

"ငါ မသေရဘူး...မသေရဘူး"

ဟု ဟယ်ရီက ကျယ်လောင်စွာ အော်ဟစ်လိုက်၏။ မှန်ထဲမှ သူ၏ပုံရိပ်ကတော့...

"ဒါကတော့ မင်းဖြစ်ချင်တာကို ပြောနေတာကိုး"

ဟု အိပ်ချင်မူးတူးလေသံဖြင့် လှမ်းပြောနေလေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၅)

## အမင်္ဂလာကောင်

mgyoe.com

mgyoe.com

နောက်နေ့မနက်တွင် ဆိုင်ရှင် တွမ်က ဟယ်ရီ့ကို လာနှိုး၏။ ဟယ်ရီက လက်ဖက်ရည်သောက်ပြီး အဝတ်အစား လဲလိုက်၏။ စိတ်တိုနေပုံရနေသော ရွန်က တီရှပ်ကိုချွတ်ရင်း...

"ငါတို့ ရထားပေါ် စောစောရောက်နိုင်လေကောင်းလေပဲ။ ပါစီနဲ့ ကင်းကင်းနေချင်လှပြီ။ အခုလည်း သူ့ရည်းစား ပင်နီလုတ်ရဲ့ ဓာတ်ပုံပေါ် လက်ဖက်ရည်စက် ဖိတ်ကျအောင် တမင်လုပ်ပါတယ်ဆိုပြီး စွပ်စွဲနေတယ်။ မင်း သိတယ် မဟုတ်လား။ ပင်နီလုတ်က သူ့ရည်းစားလေ။ သူမက..."

"ဒီမယ်...ရွန်၊ မင်းကို ငါပြောစရာတစ်ခုရှိတယ်"

ဟယ်ရီက အလေးအနက်ပြောရန် စကားစလိုက်စဉ်မှာပင် ဖရက်နှင့်ဂျော့တို့ ရောက်လာကြသောကြောင့် ဆက်မပြောနိုင်ဘဲ ရပ်သွား၏။ အမွှာညီနောင်က ရွန့်ကို ပါစီအား ဒုက္ခပေးခဲ့သည့်လုပ်ရပ်အတွက် ချီးကျူးထောမနာ ပြုနေကြ၏။ သို့ဖြင့် သူတို့ မနက်စာစားရန် အောက်ထပ်သို့ ဆင်းခဲ့သည်။

ထမင်းစားပွဲတွင် မစ္စတာဝီစလေက သတင်းစာကို နဖူးကြောကြီးများ ရှုံ့၍ ဖတ်နေသည်။ မစ္စစ်ဝီစလေကတော့ ကျောင်းသူဘဝတုန်းက သူမမျက်နှာပွင့်အောင် သုံးစွဲခဲ့သည့် ပီယဆေးအကြောင်း ဟာမီယွန်နှင့် ဂျင်နီကို ပြောပြနေလေသည်။

ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်ကြစဉ် ရွန်က...

"စောစောက မင်း ဘာပြောမလို့လဲ ဟယ်ရီ"

"နောက်မှပဲ ပြောတော့မယ်"

သို့သော် ပစ္စည်းများ သယ်ပိုးနေရာချနေရခြင်းဖြင့် အလုပ်ရှုပ်နေရသော

mgyoe.com

mgyoe.com

ကြောင့် စကားပြောခွင့် ထပ်မရတော့ပါ။ ဟာမီယွန်က သူ့ကြောင်ကြီး ခရိုးရှန့်ကို ခြင်းကြားတစ်လုံးထဲ ထည့်လှောင်ကာ သယ်လာရင်း...

"ကောင်းကောင်းနေနော် ခရိုးရှန့်...ရထားပေါ် ရောက်တဲ့အခါကျတော့မှ ငါ နင့်ကို လွှတ်ပေးမယ်သိလား"

"အောင်မယ်...ရထားပေါ်မှာ လွှတ်ပေးလို့ ဘယ်ဖြစ်မလဲ။ ငါ့ကြွက်ကလေး စကက်ဘာ သေသွားမှာပေါ့"

ဟု ရွန်က သူ့ရင်ဘတ်အင်္ကျီအိတ်ဆီ ညွှန်ပြရင်း ပြောလိုက်၏။ ကြွက်ကလေး စကက်ဘာက ရွန်၏ အင်္ကျီအိတ်အတွင်း၌ ဝင်ပုန်းနေသောကြောင့် အင်္ကျီရင်ဘတ်နေရာတွင် ဖုဖောင်းနေ၏။

မစ္စတာဝီစလေက အပြင်ဘက်တွင် ဝန်ကြီးဌာနမှ လွှတ်လိုက်မည့်ကားများ အလာကို စောင့်မျှော်နေရာမှ...

"ဟော...ကားတွေလာပြီဟေ့...ဟယ်ရီရေ...လာ...လာ"

ကားနှစ်စီးက အစိမ်းပုပ်ရောင် ခေတ်ဟောင်းပုံသဏ္ဌာန်များဖြစ်ကြပြီး မြစိမ်းရောင်ကတ္တီပါဝတ်စုံ ဝတ်ထားသည့် စုန်းဒရိုင်ဘာနှစ်ယောက်က မောင်းနှင်လာ၏။

"ကဲ...ဟယ်ရီ၊ ကားထဲဝင်"

မစ္စတာဝီစလေက ဘေးဘီဝဲယာကို ကျီးကန်းတောင်းမှောက် အကဲခတ်လိုက်ရင်း ပြောလိုက်၏။ ရွန်နှင့် ဟာမီယွန်တို့လည်း ဟယ်ရီနှင့်အတူ ကားနောက်ခန်းတွင် ဝင်ထိုင်လိုက်ကြသည်။ ရွန်၏ မေတ္တာတုံးကြီး ပါစီလည်းပါ၏။

ကင်းခရော့ခ်ဘူတာရုံသို့ မိနစ်နှစ်ဆယ်အတွင်း ရောက်လာခဲ့ကြသည်။ ဘူတာရုံထဲသို့ ဝင်လာခဲ့သည့်လမ်းတစ်လျှောက် မစ္စတာဝီစလေက ဟယ်ရီ့နောက်မှ ဖဝါးထက်ကြပ်မကွာ စောင့်ရှောက်လိုက်ပါလာ၏။ ထို့နောက် သူက သူ့ကလေးများကို လှည့်ပြောလိုက်သည်။

"ဘယ်သူမှ မရိပ်မိအောင် နှစ်ယောက်တစ်တွဲစီ ဝင်ကြမယ်။ ဖေဖေနဲ့ ဟယ်ရီက အရင်သွားမယ်"

မစ္စတာဝီစလေက ဟယ်ရီ၏ ပစ္စည်းများတင်ထားသည့် တွန်းလှည်းကို တွန်းရင်း ပလက်ဖောင်းအမှတ်ကိုးနှင့် တစ်ဆယ်အကြား ကာရံထားသောနေရာသို့ သွားနေသည်။ ထိုအချိန်တွင် ပလက်ဖောင်းအမှတ်ကိုးသို့ ယခုလေးတင်မှ ထိုးဆိုက်လာသော မြို့ပတ်ရထား အမှတ် ၁၂၅ ကို အလွန်စိတ်ဝင်စားစွာဖြင့် လှမ်းအကဲခတ်လိုက်သည်။ ထို့နောက် ဟယ်ရီ့ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်ပြီး ပလက်ဖောင်းအမှတ်ကိုးနှင့် တစ်ဆယ်အကြားရှိ အကာအရံကို အမှတ်တမဲ့ မှီချလိုက်သည်။ ဟယ်ရီကလည်း သူ့အတိုင်း လိုက်လုပ်လိုက်၏။

mgyoe.com

နောက်တစ်ခဏမျှအကြာတွင် သူတို့သည် ပလက်ဖောင်းအမှတ် ၉¾ ပေါ်သို့ ရောက်နေကြလေသည်။ ကြက်သွေးရောင် ရေနွေးငွေ့ အင်ဂျင်ခေါင်းတွဲကြီးနှင့် ဟော့ဝပ်အမြန်ရထားကို တွေ့ရသည်။ စင်္ကြံပေါ်တွင် သူတို့၏ကလေးများကို လိုက်လံပို့ဆောင်နှုတ်ဆက်ကြသော စုန်းထီး၊ စုန်းမများ၊ ကဝေထီး၊ ကဝေမများနှင့် ပြည့်နှက်နေသည်။

ဟယ်ရီတို့နောက်မှ ပါစီနှင့် ဂျင်နီတို့နှစ်ယောက် ဘွားခနဲ ပေါ်လာသည်။ သူတို့ကို ကြည့်ရသည်မှာ မောကြီးပန်းကြီးနှင့် စင်္ကြံအကာအရံကို အပြေးဖြတ်ခဲ့ကြပုံပေါ်သည်။ ပါစီက...

"ဟော...ဟိုမှာ ပင်နီလုတ်"

ဟု သူ့ရည်းစားကို ရှာတွေ့သွား၏။ ထို့နောက် သူ့အင်္ကျီတွင် ထိုးထားသော ခေါင်းဆောင်ကျောင်းသားတံဆိပ်ကို မြင်သာအောင် ရင်ကော့ပြီး သူမထံသို့ လျှောက်သွားလေတော့သည်။

ရထားထွက်ခါနီးသောအခါ မစ္စတာနှင့် မစ္စစ်ဝီစလေတို့က ကလေးများအားလုံးကို ပွေ့ဖက်နမ်းရှုပ်ပြီး နှုတ်ဆက်၏။ မစ္စစ်ဝီစလေက ဟယ်ရီ့ကို...

"ကိုယ့်ကိုယ်ကို ဂရုစိုက်နော် ဟယ်ရီ...မပေါ့နဲ့၊ ကြားလား"

ဟု ထူးထူးခြားခြား အရောင်လက်နေသော မျက်ဝန်းများဖြင့် ကြည့်ရင်းမှာ၏။ ထို့နောက် သူမက...

"ကဲ...ကလေးတွေလာကြ။ ဒီမှာ ဆင်းဒဝစ်တွေ လာယူကြ"

သူမက မုန့်များကိုဝေနေစဉ် မစ္စတာဝီစလေက ဟယ်ရီ့ကို အသာလက်တို့ပြီး...

"ခဏလောက် အန်ကယ်နဲ့ လိုက်ခဲ့ဦး ဟယ်ရီ"

ဟု ပြောကာ ကျန်သူများနှင့် ဝေးရာတိုင်တစ်တိုင်၏ အကွယ်ဆီသို့ ခေါ်သွားသည်။ ထို့နောက် အရေးတကြီး အလေးအနက် ပြောဆိုရသည့်လေသံမျိုးဖြင့်...

"ဟယ်ရီ...မင်း မသွားခင် အန်ကယ့်အနေနဲ့ ပြောစရာတစ်ခုရှိတယ်"

"ဟုတ်ကဲ့...အန်ကယ်ဝီစလေ။ အန်ကယ်ပြောမယ့်ကိစ္စကို ကျွန်တော် သိထားပြီးပါပြီ"

"ဘာ...မင်း သိထားပြီးပြီ ဟုတ်လား။ ဘယ်လိုလုပ်ပြီး သိတာလဲ"

"အဲ...မနေ့ညက အန်ကယ်နဲ့ အန်တီတို့ ပြောနေတာကို မမျှော်လင့်ဘဲ ကြားလိုက်ရလို့ပါ။ ဟိုလေ...ကျွန်တော် တမင်ချောင်းနားထောင်တာ မဟုတ်ပါဘူး။ ဆောရီး..."

mgyoe.com

mgyoe.com

"အင်း...ဒီလိုနည်းမျိုးက မင်းကို ငါ သိစေချင်တဲ့ နည်းလမ်းမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ထားလိုက်ပါလေ။ ဟယ်ရီ...မင်း ပေါ့လို့မဖြစ်ဘူး။ ဒီကိစ္စက တကယ်ကို ကြောက်ရမယ့်ကိစ္စ"

"ဟင့်အင်း...ကျွန်တော် မကြောက်ပါဘူး။ တကယ်ပြောတာပါ"

မစ္စတာဝီစလေက သူ့ကို မယုံသလို ကြည့်နေသာကြောင့် ဟယ်ရီက ထပ်ဖြည့်ပြောလိုက်ရ၏။

"ကျွန်တော့်ကိုယ် ကျွန်တော် သူရဲကောင်းဇာတ်လိုက်ကြီး ပုံစံမျိုး ချိုးနေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ တကယ်ပြောတာပါ။ ဆီးရီးယပ်စ်ဘလက်ဟာ ဗိုဒီမော့ထက်တော့ ပိုမဆိုးနိုင်ဘူး မဟုတ်လား"

"ဟယ်ရီ...မင်းဟာ မော်ဝန်ကြီးဖတ်ဂျ် ထင်သလိုမျိုး ကလေးပေါက်စနလေး တစ်ယောက်မဟုတ်ဘူးဆိုတာတော့ ငါသိပါတယ်။ မင်းမှာ အန္တရာယ်ကို ရင်ဆိုင်ဖို့ သတ္တိစွမ်းပကားတွေရှိမှန်းလည်း ငါသိတယ်။ မင်း မကြောက်ဘူးဆိုတာ ကြားရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒါပေမဲ့..."

"အာသာရေ...အာသာ။ ရှင် ဘာလုပ်နေတာလဲ။ ဒီမှာ ရထားထွက်တော့မယ်"

မစ္စစ်ဝီစလေ၏ အလောတကြီး လှမ်းခေါ်သံကို ကြားရ၏။ မစ္စတာဝီစလေက...

"အေး...အေး...လာပြီ မော်လီရေ"

ဟု ပြောရင်း ဟယ်ရီ့ဘက်သို့လှည့်ကာ လေသံကိုနှိမ့်ပြီး ရေးကြီးသုတ်ပျာဖြင့်...

"နားထောင်စမ်း ဟယ်ရီ။ ငါ မင်းဆီက ကတိတစ်ခုလိုချင်တယ်"

"ကျွန်တော့်ကို ကျောင်းဆောင်ရဲတိုက်ထဲကနေ အပြင်ကိုမထွက်ဖို့ မှာမလို့ မဟုတ်လား"

"ဒါလောက်နဲ့ မပြီးဘူး ဟယ်ရီ"

မစ္စတာဝီစလေ၏မျက်နှာက ဟယ်ရီ တစ်ခါမှ မမြင်ဖူးသည့် လေးနက်မှုမျိုးဖြင့်...

"ဟယ်ရီ...မင်း...ဆီးရီးယပ်စ်ဘလက်ကို လိုက်မရှာပါဘူးလို့ အန်ကယ့်ကို ကတိပေးစမ်းပါ"

"ဗျာ"

ဟယ်ရီ အံ့အားသင့်သွား၏။ ဂတ်ဗိုလ်တွဲဆီမှ ခရာမှုတ်သံကြားရသည်။ ရထားတွဲတံခါးများ ပိတ်သွားကြ၏။ မစ္စတာဝီစလေက အလောတကြီးဖြင့်...

mgyoe.com

mgyoe.com

"ကတိပေးစမ်းပါ ဟယ်ရီ။ ဘာတွေပဲဖြစ်နေဖြစ်နေ..."

"ကျွန်တော့်ကို သတ်မယ့်လူကို ဘာဖြစ်လို့ ကျွန်တော်က သွားရှာရမှာလဲ"

"ကတိပေးမှာသာ ပေးစမ်းပါကွာ၊ မင်း ဘာသတင်းပဲကြားကြား..."

"အာသာရေ...မြန်မြန်လုပ်"

မစ္စစ်ဝီစလေက အော်ပြောနေ၏။ ရထားခေါင်းတွဲဆီမှ မီးခိုးငွေ့များ တထောင်းထောင်း ထလာလေပြီ။ ရထားက စတင်ထွက်ခွာစပြု၏။ ဟယ်ရီက သူစီးရမည့်တွဲဆီသို့ တစ်ဟုန်ထိုးပြေးသွားလိုက်၏။ ရွန်က တံခါးကို ဆွဲဖွင့်ပေးသဖြင့် သူ အသင့်ခုန်တက်လိုက်သည်။ ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်သော အခါ မစ္စတာနှင့် မစ္စစ်ဝီစလေတို့သည် သူတို့မြင်ကွင်းမှ ရထားတစ်စင်းလုံး ပျောက်ကွယ်သွားသည်အထိ လက်ပြကျန်ရစ်ခဲ့သည်ကို တွေ့ရလေသည်။

"ငါ နင်တို့နှစ်ယောက်နဲ့ သတ်သတ်ဆွေးနွေးစရာရှိတယ်"

အရှိန်ရစပြုနေသော ရထားပေါ်တွင် ဟယ်ရီက ရွန်နှင့် ဟာမီယွန်တို့ကို ပြောလိုက်သည်။ ထို့ကြောင့် ရွန်က အနီးတွင်ရှိနေသော သူ့ညီမလေးကို...

"ကဲ...ဂျင်နီ...နင် ဒီမှာ ခဏနေခဲ့ဦး"

ဂျင်နီက နှုတ်ခမ်းစူပြီး တစ်ဖက်သို့လှည့်သွား၏။ ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ သုံးယောက်သား လူရှင်းမည့်အခန်းလွတ်တစ်ခုခုကိုရှာရန် စင်္ကြံပေါ်သို့ ဆင်းခဲ့ကြသည်။ သို့ရာတွင် အခန်းတိုင်း၌ ကျောင်းသားများဖြင့် ပြည့်ကျပ်နေ၏။ ရထားတွဲ၏ နောက်ဆုံးနားတွင်မှ အခန်းတစ်ခန်းကို သွားတွေ့သည်။

ထိုအခန်းထဲတွင် ခရီးသည်တစ်ယောက်တည်းသာ ရှိ၏။ ကျောင်းသား တော့မဟုတ်။ ထိုလူသည် ပြတင်းပေါက်ဘေး ကပ်လျက်ထိုင်ခုံတွင် ထိုင်လျက် သား အိပ်ပျော်နေ၏။ ဟယ်ရီတို့သုံးယောက်က အကဲခတ်ကြည့်လိုက်သည်။ ဟော့ဂဝပ်အမြန်ရထားသည် ကျောင်းသားများ စီးနင်းရန်အတွက်သာ ဖြစ်သည်။ ရထားပေါ်တွင် အစားအသောက် ရောင်းသူမှတစ်ပါး အားလုံး ကလေးတွေချည်း သာ ဖြစ်၏။ ဒီလိုအရွယ်မျိုး ခရီးသည်ကို သူတို့ တစ်ခါမျှ မတွေ့ဖူးချေ။

ထိုလူစိမ်းသည် စုတ်ပြတ်သတ်ကာ အဖာရာ ဗရပွနှင့်ဖြစ်နေသော မှော် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား၏။ ထိုသူ့ကိုကြည့်ရသည်မှာ အားပြတ်နွမ်း နယ်ပြီး နေမကောင်းဖြစ်နေပုံပေါ်သည်။ အသက်က များစွာကြီးလှသေးဟန် မပေါ် သော်လည်း သူ၏ ညိုညိုဖျော့ဖျော့ ဆံနွယ်များကြားတွင် ဆံပင်ဖြူတချို့တလေကို တွေ့ရသည်။

ဟယ်ရီတို့သုံးယောက်က အခန်းထဲဝင်ကာ တံခါးကိုပြန်ပိတ်ရင်း ပြတင်း ပေါက်နှင့် အဝေးဆုံးထိုင်ခုံများတွင် ထိုင်ချလိုက်ကြ၏။ ရွန်က တီးတိုးလေသံဖြင့်...

mgyoe.com

mgyoe.com

"အဲဒီလူက ဘယ်သူများပါလိမ့်"

"အဲဒါ ပရော်ဖက်ဆာ အာရ်ဂျေလူပင်...ပေါ့"

ဟု ဟာမိယွန်က ချက်ချင်းပြန်ဖြေသည်။

"နင် ဘယ်လိုလုပ်သိသလဲ"

"သူ့သေတ္တာပေါ်မှာ ကြည့်လေဟာ"

ခရီးသည်လူစိမ်း၏ ခေါင်းအထက်နားဆီက ပစ္စည်းတင်သောစင်ပေါ်တွင် ဟောင်းနွမ်းပျက်စီးစပြုနေပြီဖြစ်သော သေတ္တာအိုလေးတစ်လုံးကို တွေ့ရ၏။ ထိုသေတ္တာကို သေသေသပ်သပ် ထုံးဖွဲ့ထားသည့်ကြိုးဖြင့် တွဲချည်ထားသည်။ သေတ္တာပေါ်တွင်...

"ပရော်ဖက်ဆာ အာရ်ဂျေလူပင်"

ဟု ရေးထိုးထား၏။ ရွန်က...

"သူက ဘယ်ဘာသာများ သင်တာပါလိမ့်"

ဟာမိယွန်က လေသံတိုးတိုးဖြင့်...

"ငါတို့ကျောင်းမှာ ဆရာ လစ်လပ်နေတဲ့ ဘာသာဆိုလို့ တစ်ခုပဲရှိတယ်။ အောက်လမ်းမိစ္ဆာနှိမ်နင်းရေး ဘာသာရပ်လေဟာ"

ဟယ်ရီတို့အဖို့ ယခင်နှစ်များဆီက တစ်နှစ်လျှင် ဆရာတစ်ယောက်နှုန်းဖြင့် အောက်လမ်းမိစ္ဆာနှိမ်နင်းရေး ဆရာနှစ်ယောက်တိတိ ပြောင်းခဲ့ပြီးပြီဖြစ်သည်။ မည်သူမျှ အလုပ်မမြဲကြ။ ထိုရာထူးသည် ခိုက်တတ်သည်ဟု သတင်းထွက်နေ၏။

ရွန်က...

"အင်း...ဒီဆရာကတော့ ဘယ့်နှယ်လာဦးမလဲ မသိဘူး။ ဟန်ကျပါစေလို့တော့ ဆုတောင်းရမှာပဲ။ ဒါနဲ့ ဟယ်ရီ...မင်း ငါတို့ကို ပြောမယ်ဆိုတဲ့ကိစ္စက ဘာလဲ"

ဟယ်ရီက မနေ့ညက ဝီစလေတို့ ဇနီးမောင်နှံ ငြင်းခုံနေကြသော စကားများနှင့် ယနေ့ သူ့ကို မစ္စတာဝီစလေက သတိပေးလိုက်သည့်အကြောင်းများကို ပြောပြလိုက်သည်။ အကြောင်းစုံကို ကြားရပြီးသည့်အခါ ရွန့်အမူအရာက မိုးကြိုးအပစ်ခံလိုက်ရသလို ဖြစ်သွား၏။ ဟာမိယွန်ကမူ လန့်ပြီး ပါးစပ်ကို လက်ဝါးဖြင့် ပိတ်လိုက်မိသည်။ နောက်ဆုံးတွင်မှ သူမက...

"ဒါဆို ဆီးရီးယပ်စ်ဘလက်ဟာ နင့်ကိုသတ်ဖို့ ထောင်ဖောက်ပြေးလာတာပေါ့နော်။ ဘုရား...ဘုရား...ဟယ်ရီ။ နင်တော့ သတိကြီးကြီးထားရလိမ့်မယ်။ ပြဿနာ မရှာချင်ပါနဲ့ ဟယ်ရီရယ်"

ဟယ်ရီက...

mgyoe.com

mgyoe.com

"ငါက ပြဿနာရှာတာ မဟုတ်ဘူး။ ပြဿနာတွေက ငါ့ကို လာလာရှာနေတာ"

ရွှန်က...

"သူ့ကိုသတ်မယ့် စိတ္တဇလူသတ်သမားကို သွားပြီးရှာရလောက်အောင်လည်း ဟယ်ရီက မတုံးသေးပါဘူးဟာ"

သူတို့နှစ်ယောက်စလုံးက ဟယ်ရီ ထင်ထားသည်ထက်ပင် အများကြီးပို၍ ကြောက်လန့်နေကြသည်။ ဘလက်နာမည်ကို ကြားရုံမျှဖြင့် သူတို့ ဒီလောက်ကြောက်ချေးပါလိမ့်မည်ဟု ဟယ်ရီ မျှော်လင့်မထားခဲ့။

ရွှန်က စိတ်မသက်မသာဖြင့်...

"သူ ဘယ်လိုလုပ်ပြီးတော့ အက်ဇကာဘန်ထောင်ထဲက လွတ်အောင်ထွက်လာနိုင်သလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ အဲ့ဒီထောင်က ဘယ်အကျဉ်းသားမှ လွတ်ထွက်နိုင်ခဲ့တယ်လို့ ရာဇဝင်မှာ မရှိခဲ့ဖူးဘူး။ နောက်ပြီးတော့ သူဟာ အဆင့်အမြင့်ဆုံး လုံခြုံရေး အစောင့်အကြပ် အချခံထားရတဲ့ ရာဇဝတ်ကောင်နော်"

ဟာမီယွန်ကတော့ စိတ်အားထက်သန်စွာဖြင့်...

"ဒါပေမဲ့ ရာဇဝတ်ဆား ပြေးမလွတ်ပါဘူးဟာ။ သူ့ကို မိမှာပါ ဟုတ်တယ် မဟုတ်လား"

"ဟော...ဘာသံပါလိမ့်"

ရွှန်က ရုတ်တရက် ပြောလိုက်၏။ တရှိုရှို ခပ်တိုးတိုးမြည်သံလေးတစ်ခု ထွက်ပေါ်နေသည်။ ဘယ်နေရာက ထွက်နေမှန်းတော့မသိ။ သူတို့သုံးယောက်သား အခန်းထဲတွင် ရှာကြည့်လိုက်ရာ...

"အဲဒီအသံက မင်းရဲ့သေတ္တာထဲက ထွက်လာနေတာ ဟယ်ရီ"

ဟု ရွှန်က ပြောလိုက်သည်။ သေတ္တာကို ဖွင့်လိုက်သောအခါ ထိုအသံထွက်ပေါ်လာရာ ဇာစ်မြစ်ကို တွေ့ရတော့သည်။ ယင်းကား အီဂျစ်မှနေ၍ ရွှန်လက်ဆောင်ပို့လိုက်သော 'အိတ်ဆောင်အကဲခတ်မှန်ပြောင်းလေး'။

မှန်ပြောင်းကလေးက အသံမြည်ပြီး တဝီဝီ လည်နေ၏။ ဟာမီယွန်က...

"ဒါ မယုံကြည်ရတဲ့သူတစ်ယောက်ယောက် အနားမှာရှိရင် အချက်ပေးတဲ့ ကိရိယာလေး မဟုတ်လား"

"ဟုတ်တယ်။ ဒါပေမဲ့ အပေါ်စားလေးပါဟာ။ ငါ အီဂျစ်မှာတုန်းက ဟယ်ရီ့ဆီ လက်ဆောင်ပို့လိုက်တာ"

"အခု အသံထမြည်နေတယ်ဆိုတာ နင်က ငါတို့ကို မကောင်းများကြံစည်နေလို့များလား"

mgyoe.com

"အလကားပါဟာ...ဒီပစ္စည်းတွေက မယုံရပါဘူး။ ခဏခဏ ကြောင်ပြီး ထမြည်တတ်တယ်"

ဟယ်ရီက...

"အဲ့ဒီဟာကို သေတ္တာထဲပြန်ထည့်ထားလိုက်ကြပါတော့ဟာ။ အသံမြည်နေတာနဲ့ ဟိုပုဂ္ဂိုလ်ကြီး နိုးသွားပါ့မယ်"

ဟု ပရော်ဖက်ဆာ လူပင်ဘက်သို့ မေးငေါ့ပြပြီး ပြောလိုက်၏။

ရွန်က မှန်ပြောင်းလေးကို သေတ္တာထဲပြန်ထည့်လိုက်ရင်း...

"ငါတို့ ဟော့မိဒ်ကျေးရွာကို သွားခွင့်ရတဲ့အခါကျတော့မှ အဲဒီရွာမှာရှိတဲ့ ဂမ္ဘီရကိရိယာပြင် မက္ကင်းနစ်တစ်ယောက်ယောက်ဆီမှာ ပြကြည့်မယ်။ အဲဒီရွာမှာ ဂမ္ဘီရပစ္စည်းတွေနဲ့ ပတ်သက်လို့ လိုချင်တာ ဘာမဆိုရောင်းတယ်ဆိုပဲ။ ဖရက်နဲ့ ဂျော့က ငါ့ကို ပြောဖူးတယ်"

ဟာမိယွန်က စိတ်အားထက်သန်စွာဖြင့်...

"ဟော့မိဒ်ရွာအကြောင်း နင် တော်တော်သိသလားဟင်။ ငါကတော့ စာအုပ်ထဲမှာပဲ ဖတ်ဖူးတယ်။ ဗြိတိန်မှာ စုန်းကဝေတွေချည်းပဲ သီးသန့်စုပြီး နေကြတဲ့နေရာဆိုလို့ အဲ့ဒီ ဟော့မိဒ်ရွာတစ်ရွာပဲ ရှိတယ်ဆိုပဲ"

ရွန်က...

"အင်း...ဟုတ်မှာပေါ့။ ဒါပေမဲ့ ငါသွားချင်တာ တခြားအကြောင်းကြောင့်ပါ။ ငါက အဲဒီက ပျားရည်မြို့တော်ကို သွားချင်လို့"

"ပျားရည်မြို့တော်ဆိုတာ ဘာလဲ"

"သကြားလုံးဆိုင် နာမည်ပေါ့ဟ။ အဲဒီမှာ ထူးထူးဆန်းဆန်း သကြားလုံး၊ ချောကလက်တွေ မျိုးစုံရနိုင်တယ်။ မှင်စာပူရှိန်းဆိုတာ တစ်မျိုးလည်းရှိသေးတယ်။ အဲဒီပူရှိန်းပြားကို စားလိုက်ရင် ပါးစပ်ထဲကနေ အခိုးအငွေ့တွေ လွှတ်နိုင်သတဲ့။ နောက်ဆုံး ကလောင်တံပုံစံလုပ်ထားတဲ့ သကြားလုံးတစ်မျိုးလည်း ရှိသေးတယ်။ စာသင်ခန်းထဲကျရင် အဲဒီကလောင်တံကိုကိုင်ပြီး စာရေးဖို့စဉ်းစားနေသလို ဘာလိုလိုနဲ့ ပါးစပ်ထဲ မသိမသာ ထည့်စုပ်နေလို့ရတာပေါ့"

ဟာမိယွန်ကတော့...

"ဟော့မိဒ်ဟာ စိတ်ဝင်စားစရာကောင်းတဲ့ သမိုင်းဝင်နေရာပဲ။ ၁၆၁၂ ခုနှစ် မှင်စာတစ္ဆေ သူပုန်ထမှုကြီးရဲ့ ဌာနချုပ်ဟာ အဲဒီမှာ ဖွင့်ခဲ့တာလို့ပြောတယ်။ သုတေသနပညာရှင် ရှရင်းကင်းရှိတ်ရဲ့ လေ့လာတွေ့ရှိချက်အရဆိုရင် ဗြိတိန်နိုင်ငံမှာ အဆိုးရွားဆုံး၊ အပြင်းထန်ဆုံး သရဲခြောက်တဲ့အိမ်ဟာ..."

"မိုးပျံဘာလီသကြားလုံးတွေလည်း ရောင်းသတဲ့။ အဲဒီသကြားလုံးတွေကို

mgyoe.com

mgyoe.com

စားနေရင် ခြေထောက်က မြေကြီးနဲ့ တစ်ထွာလောက်လွတ်နေတယ်ဆိုပဲ"

ရွှန်ကတော့ စာသံပေသံတွေ ရွတ်နေသည့် ဟာမီယွန့်စကားကို နား မထောင်ဘဲ သကြားလုံးအကြောင်းကိုသာ တွင်တွင်ပြောနေလေတော့၏။

ဟာမီယွန်က ဟယ်ရီ့ဘက်သို့ တစ်ချက်ကြည့်လိုက်ရင်း...

"ဟော့မိဒ်ကို သွားလည်တဲ့အခါ လေ့လာစရာတွေ အများကြီးနဲ့ ပျော်စရာ ကောင်းမှာပဲနော်"

ဟယ်ရီက စိတ်နှလုံးမသာမယာဖြင့်...

"အေး...ငါလည်း အဲဒီလိုပဲ ထင်ပါတယ်။ မင်းတို့ အဲဒီကိုသွားပြီးရင် ဘာတွေ တွေ့ခဲ့သလဲဆိုတာ ငါ့ကိုလည်း ပြန်ပြောဦးနော်"

"ဟင်...မင်းစကားက ဘာအဓိပ္ပာယ်လဲ"

"ဟော့မိဒ်ကို ငါ မလိုက်ရဘူး။ ခွင့်ပြုချက်ပုံစံမှာ ငါ့ဦးလေးနဲ့ အဒေါ်က လက်မှတ်မထိုးပေးလိုက်ဘူး။ မော်ဂန်ကြီးဖတ်ဂျ်ကလည်း မထိုးပေးဘူး"

ရွှန်က တုန်လှုပ်စွာဖြင့်...

"ဘာ...မင်းကို သွားခွင့်မပြုပေးကြဘူး ဟုတ်လား။ မဟုတ်တာ...ပရော်ဖက်ဆာမက်ဂွန်နာဂေါ်ဆီမှာ ခွင့်တောင်းရင် ရမယ်ထင်ပါတယ်"

ရွှန့်စကားကြောင့် ဟယ်ရီက ဝါးလုံးကွဲရယ်လိုက်မိ၏။ သူတို့ ဂရစ်ဖင်ဒေါ အဆောင်မှူးဖြစ်သော ပရော်ဖက်ဆာ မက်ဂွန်နာဂေါ်သည် စည်းကမ်းနှင့်ပတ်သက် လာလျှင် ဆံခြည်တစ်မျှင်မျှပင် အတိမ်းအစောင်းခံသူမဟုတ်ချေ။

ရွှန်က...

"ဒါမှမဟုတ်ရင်လည်း ဖရက်နဲ့ ဂျော့ကို အကူအညီတောင်းကြည့်မယ်ကွာ။ သူတို့နှစ်ယောက်က ကျောင်းဆောင်ရဲတိုက်ထဲကနေ အပြင်ကို လစ်ထွက်လို့ရတဲ့ လျှို့ဝှက်လမ်းတွေ အားလုံးသိထားတာကွ"

"ရွှန်!"

ဟာမီယွန်က စူးရှစွာ အော်လိုက်၏။ သူမက ဆက်၍...

"ဆီးရီးယပ်စ်ဘလက် ထောင်ထဲပြန်မရောက်သေးသရွေ့ ဟယ်ရီ တစ်ယောက် ကျောင်းအပြင်ကို ခြေမချသင့်ဘူးလို့ ငါတော့ထင်တယ်"

"အင်း...ပရော်ဖက်ဆာမက်ဂွန်နာဂေါ်ကိုသွားပြီး ခွင့်တောင်းရင်လည်း အဲ့ဒီ လေသံထွက်မှာပါပဲ"

ဟု ဟယ်ရီက ခါးသီးစွာ ပြောလိုက်၏။ ရွှန်ကတော့...

"ဒါပေမဲ့ ဟယ်ရီနှင့်အတူ ငါတို့ရှိနေရင် ဘလက် မလာရဲလောက်ပါဘူး"

"ရွှန်...နင် အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့ဟာ။ ဘလက်ဆိုတဲ့လူက

mgyoe.com

mgyoe.com

နေ့ခင်းကြောင်တောင်မှာတောင် လူတွေကို အစုလိုက် အပြုံလိုက် သတ်လာခဲ့တဲ့ ဉစ္စာ။ ငါတို့ရှိနေရုံနဲ့ ဟယ်ရီ့ကို လက်ရှောင်သွားလိမ့်မယ်လို့ နင် ထင်နေလို့လား"

ဟာမီယွန်က ပြောရင်းနှင့် ကြောင်ကြီး ခရိုးရှန့်ကို ထည့်ထားသော ခြင်းတောင်းအဖုံးဆီသို့ လက်ကရောက်သွား၏။

"ဟဲ့...ဟဲ့...မဖွင့်နဲ့လေ"

ရွန်က လှမ်းအော်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်သည်။ ကြောင်ဝါကြီးက ခြင်းတောင်းအဖုံးပွင့်သွားသည်နှင့်တစ်ပြိုင်နက် ရွန်၏ ဒူးခေါင်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး ရွန့်အင်္ကျီအိတ်ထဲတွင် ကွေးကွေးကလေးပုန်းနေသည့် ကြွက်ကလေး စကက်ဘာကို လှမ်းဟပ်၏။

ရွန်က ဒေါသတကြီးဖြင့် ကြောင်ကို ရိုက်ထုတ်ရင်း...

"ဟဲ့...ကြောင်စုတ်၊ သွားစမ်း"

"ရွန်...နင် ငါ့ကြောင်ကို မရိုက်နဲ့လေဟာ"

ဟာမီယွန်ကလည်း ဒေါသထွက်လာ၏။ ရွန်ကို ပြန်ရန်တွေ့တော့မည့်ဆဲဆဲတွင် ပရော်ဖက်ဆာလူပင်ထံမှ အသံသဲ့သဲ့ ကြားလိုက်ရသောကြောင့် သူတို့အားလုံး ကိုယ်ရှိန်သတ်သွားကြပြီး သူ့ကို စောင့်ကြည့်နေလိုက်ကြသည်။ သို့သော် ပရော်ဖက်ဆာလူပင်ကား ခေါင်းကို တစ်ဖက်သို့ ခပ်စောင်းစောင်းလေး လှည့်သည်။ ပါးစပ်က အနည်းငယ် ပွင့်ဟသွားသည်။ ထို့နောက် ဆက်လက်၍ အိပ်မြဲအိပ်နေလေတော့သည်။

* * *

ဟော့ဝပ်အမြန်ရထားကြီးသည် မြောက်အရပ်ဆီသို့ ဦးတည်ခုတ်မောင်းနေ၏။ ပြတင်းပေါက်အပြင်ဘက်တွင် မြင်နေရသော ရှုခင်းများက ပို၍ စိမ်းညို့မည်းမှောင်လာပြီး တောနက်သထက် နက်လာသည်။ မိုးသားတိမ်တိုက်တွေကလည်း ထူထပ်လာကြ၏။

သူတို့သုံးဦးသား ထိုင်နေကြသော အခန်းဘေးမှ ကျောင်းသားတွေ ဥဒဟိုဖြတ်သန်းသွားနေကြသည်။ ဟာမီယွန်၏ ကြောင်ကြီး ခရိုးရှန့်သည်လည်း ယခုတော့ လွတ်နေသော ထိုင်ခုံတစ်လုံးပေါ်တွင် ဣန္ဒြေရရ ထိုင်နေပေပြီ။ သို့ရာတွင် သူ၏မျက်နှာကမူ ရွန့်ဘက်သို့ လှည့်ထား၏။ မျက်လုံးများကလည်း ကြွက်ကလေး စကက်ဘာရှိရာ ရွန်၏ အင်္ကျီအိတ်ကပ်ဆီမှ မခွာ။

နေ့လယ် တစ်နာရီထိုးသောအခါ ထုံးစံအတိုင်း အစားအသောက်ရောင်းသော လက်တွန်းလှည်းက အခန်းတံခါးဝသို့ ရောက်လာလေသည်။

mgyoe.com

mgoe.com

ရွှန်က အိပ်ပျော်နေသော ပရော်ဖက်ဆာ လူပင်ဘက်သို့ တစ်ချက်လှည့်လိုက်ပြီး…

"သူ့ကို နေ့လယ်စာစားဖို့ နှိုးလိုက်ရင် ကောင်းမလားမသိဘူး"

ဟာမ်ယွန်က ပရော်ဖက်ဆာလူပင်အနီးသို့ သတိဖြင့် ချဉ်းကပ်သွားလိုက်ပြီး…

"ပရော်ဖက်ဆာ၊ ဒီမှာ…တစ်ဆိတ်လောက်ရှင်…ပရော်ဖက်ဆာ"

ပရော်ဖက်ဆာလူပင်ကတော့ မနိုး။

အစားအသောက်ရောင်းသည့် ကဝေမကြီးက ဟယ်ရီ့ကို ကိတ်မုန့်ကြီးတစ်ခု လှမ်းပေးရင်း…

"နေပါစေ ကလေးတို့ရယ်…၊ သူ နိုးလာလို့ ဗိုက်ဆာရင် အန်တီ့ဆီ လွှတ်လိုက်ပါ။ အန်တီ စက်ခေါင်းတွဲက ဒရိုင်ဘာနားမှာရှိမယ်"

အစားအသောက်ရောင်းသည့် ကဝေမကြီး ပြန်ထွက်သွားသည့်အခါ ရွှန်က…

"သူ အိပ်ပျော်နေတာမှ ဟုတ်ရဲ့လား။ သေနေတာတော့ မဟုတ်ပါဘူးနော်"

"မသေပါဘူးဟ…အသက်ရှူနေပါတယ်"

ဟု ဟာမိယွန်က တိုးတိုးပြောလိုက်၏။

ပရော်ဖက်ဆာလူပင်သည် ဖက်လှဲတကင်းလုပ်ဖို့ကောင်းသော ခရီးဖော်တစ်ယောက်မဟုတ်သည့်တိုင် အခန်းထဲတွင် သူရှိနေခြင်းသည် အလကားမဖြစ်။ သူ့နေရာနှင့်သူ အသုံးဝင်၏။ မွန်းလွဲပိုင်းတွင် မိုးစရွာသည်။ ထိုအချိန်တွင် အပြင်ဘက် စကြံပေါ်၌ ခြေသံများကို ကြားလိုက်ရပြီး တံခါးဝ၌ သူတို့၏အချစ်တော်ကြီးသုံးယောက် ပေါ်လာ၏။ ဒရက်ကို မယ်ဖွိုင်းနှင့် သူ၏ ကပ်ပါးရပ်ပါး လက်ရုံးနှစ်ယောက်ဖြစ်သော ခရက်ဘီနှင့် ဂွိုင်လီ…။

ဟယ်ရီနှင့် ဒရက်ကို မယ်ဖွိုင်းတို့သည် ပထမဦးဆုံး ဟော့ဝပ်သွားသည့်ခရီးမှာကတည်းကပင် ရန်သူတွေ ဖြစ်ခဲ့ကြ၏။ မယ်ဖွိုင်းသည် စလီသရင်အဆောင်မဖြစ်ပြီး စလီသရင်ကွစ်ဒစ်အသင်း၌ ရွှေဘောလုံးသမားအဖြစ် ကစားရသည်။ ဟယ်ရီက ဂရစ်ဖင်ဒေါအသင်း၏ ရွှေဘောလုံးသမားဖြစ်သကဲ့သို့ပင်တည်း။ ခရက်ဘီနှင့် ဂွိုင်လီကမူ မယ်ဖွိုင်း၏ ကျေးတာစားပြီး ခိုင်းတာလုပ်ရသော အဆင့်မှာသာရှိ၏။ သူတို့နှစ်ကောင်စလုံး လူကောင်ကြီးသလောက် အသိဉာဏ်မရှိကြ။

မယ်ဖွိုင်းက အခန်းတံခါးကို ဆွဲဖွင့်လိုက်ပြီး…

"ဩော်…ဘယ်သူများလဲလို့။ ပေါ်တီနဲ့ ဝီစီတို့ပါလား"

မယ်ဖွိုင်း၏စကားကြောင့် သူ့နောက်လိုက်နောက်ပါနှစ်ယောက် တဟီးဟီး

mgoe.com

ရယ်လိုက်ကြ၏။ မယ်ဖွိုင်းက ရွန့်ကို လှမ်း၍...

"ဟော့ကောင်...ဝီစလေ၊ မင်းအဖေတော့ ကြက်ကန်းဆန်အိုးတိုးပြီး ရွှေသား ဆုတွေ ဘာတွေနဲ့ တော်တော်ထောသွားသေးတယ်ဆို။ မင်းအမေကော ဝမ်းသာလုံး ဆို့ပြီး သေမသွားဘူးလား"

ရွန်က ဒေါသဖြင့် ထရပ်လိုက်ရာ ကြောင့်ထည့်သည့်ခြင်းတောင်းကို တိုက် မိပြီး ဝုန်းခနဲ ပြုတ်ကျသွား၏။

ပရော်ဖက်ဆာလူပင်ထံမှ ဟောက်သံတစ်ချက် ထွက်လာသည်။

မယ်ဖွိုင်းက သူ့ထံသို့ တစ်ချက်လှမ်းကြည့်လိုက်ပြီး နောက်သို့ ခြေတစ် လှမ်း အလိုအလျောက် ဆုတ်သွားရင်း...

"အဲဒီလူက ဘယ်သူလဲ"

(ရွန့်ကို ကူညီရန် အသင့်မတ်တတ်ရပ်ပြီးသားဖြစ်နေသော) ဟယ်ရီက...

"အဲဒါ ငါတို့ရဲ့ဆရာအသစ်လေ။ ဒါနဲ့ မင်း ခုနက ဘာပြောလိုက်တာလဲ မယ်ဖွိုင်း"

မယ်ဖွိုင်း ဆွံ့အသွားသည်။ ဆရာတစ်ယောက်၏ရှေ့မှောက်တွင် ပြဿနာရှာ၍ မဖြစ်မှန်း သဘောပေါက်သွားပြီး...

"လစ်ကြစို့"

ဟု သူ့နောက်လိုက်နောက်ပါ နှစ်ကောင်ကိုခေါ်ကာ ထွက်သွားတော့သည်။ ရွန်နှင့် ဟယ်ရီတို့က ပြန်ထိုင်ချလိုက်ကြ၏။ ရွန်က လက်သီးကိုဆုပ်ရင်း...

"ဒီနှစ်တော့ မယ်ဖွိုင်း စော်ကားလာရင် ငါ လုံးဝသည်းမခံတော့ဘူး... တကယ်ပြောတာ။ ငါ့မိသားစုကို လှောင်ပြောင်တဲ့ စကားတစ်ခွန်း သူ့ပါးစပ်က ထွက်လာတာနဲ့ ဆော်ပြီးသားပဲမှတ်"

"ရွန် နင်ကလည်း စကားပြောတာ ဆင်ခြင်မှပေါ့"

ဟာမီယွန်က ပရော်ဖက်ဆာလူပင်ဘက်သို့ သတိပေးသလို ညွှန်ပြလိုက် ရင်း ပြောသည်။

သို့ရာတွင် ပရော်ဖက်ဆာလူပင်ကား နှစ်ခြိုက်စွာ အိပ်လို့ကောင်းနေဆဲပင် ရှိသေး၏။

မိုးက ပိုသည်းလာပေပြီ။ ပြတင်းပေါက်မှန်တွေမှာ မိုးစက်တွေသီးပြီး အခန်းတွင်း၌ မှောင်မိုက်လာ၏။ စင်္ကြံနှင့် တွဲများအတွင်းရှိ မီးအိမ်များ လင်းလာ သည်။ ရထားကလည်း တရွေ့ရွေ့ခုတ်မောင်းဆဲ။ မိုးကလည်း ရွာဆဲ။ ပရော်ဖက် ဆာလူပင်ကလည်း အိပ်လို့ကောင်းဆဲပင်။

"ကျောင်းကို ရောက်တော့မယ်ထင်တယ်"

mgyoe.com

mgyoe.com

ဟု ရွှန်က ပြောလိုက်ရင်း ပရော်ဖက်ဆာလူပင်ကိုကျော်၍ ပြတင်းပေါက် အပြင်ဘက်သို့ လှမ်းကြည့်ရန် ကြိုးစားလိုက်၏။ သို့ရာတွင် ပိန်းပိတ်အောင် မှောင်နေသောကြောင့် ဘာကိုမှ မမြင်ရ။

ရွှန့်စကား မဆုံးခင်မှာပင် ရထားက ဗြုန်းခနဲ အရှိန်နှေးကွေးသွားသည်။

"ဟော...ငါမပြောဘူးလား...ရောက်ပါပြီလို့။ ငါ ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ကျောင်းကကျွေးတာတွေ တဝကြီး စားလိုက်ဦးမယ်"

ဟာမီယွန်ကမူ သူမ၏လက်မှ နာရီကို ကြည့်လိုက်ရင်း...

"ဒီအချိန်လောက်နဲ့တော့ ကျောင်းကို မရောက်နိုင်သေးဘူးဟ"

"ဒါဆို ဘာဖြစ်လို့ ရထားက ရပ်တော့မယ့်ဟန် ပြင်နေရတာလဲ"

တကယ်ပင် ရထားက လုံးဝ ထိုးရပ်သွားလေသည်။ ထို့နောက် တစ်စုံ တစ်ရာ အချက်ပေးခြင်းမရှိဘဲ မီးများမှိတ်သွားကြ၏။ သူတို့အားလုံး အမှောင်ထု ထဲတွင် လုံးဝ ပိတ်မိနေကြလေတော့သည်။

"ဘာဖြစ်တာလဲ...ဘာဖြစ်တာလဲ"

ဟယ်ရီ၏ နောက်ဘက်နားမှောင်ထဲမှ ရွှန်၏အသံက ထွက်လာ ပြီးနောက်...

"အောင်မလေး...သေပါပြီ။ ဟဲ့...ရွှန် နင် တက်နင်းထားတာ ငါ့ခြေ ထောက်ဟဲ့"

မှောင်ထဲမှ ဟာမီယွန်၏ ကျိတ်ညည်းလိုက်သံကို ကြားရ၏။

"ရထားစက် ပျက်သွားတာလား"

"မသိဘူးလေ"

ရွှန်က ပြတင်းပေါက်အပြင်ဘက်သို့ ချောင်းကြည့်ရင်း...

"အပြင်ဘက်မှာ လှုပ်လှုပ်ရွရွ ဖြစ်နေတာတော့ တွေ့တယ်။ ငါ့အထင် ပြောရရင် ရထားပေါ်ကို လူတွေတက်လာနေကြတာလား မသိဘူး"

ထိုစဉ် အခန်းတံခါးက ရုတ်တရက်ပွင့်သွားပြီး ဟယ်ရီ့ခြေထောက်ပေါ်သို့ တစ်စုံတစ်ယောက် လဲကျလာသဖြင့် အီစလန့်ဝေအောင် ခံစားလိုက်ရ၏။ ထိုသူက...

"ဆောရီးနော်...မတော်မိလို့ပါ။ အခု ဘာတွေဖြစ်နေကြတာလဲဟင်"

ဟယ်ရီက ထိုသူ့အသံကို ချက်ချင်း မှတ်မိသွား၏။ ထို့ကြောင့် ဆွဲထူပေး ရင်း နှုတ်ဆက်လိုက်သည်။

"ဟယ်လို...နယ်ဗီလီ"

"ဟင်...ဟယ်ရီလား၊ ဟယ်ရီ ပြောစမ်းပါဦးကွ။ ဘာတွေဖြစ်နေကြတာလဲ"

mgyoe.com

mgyoe.com

"ငါလည်း မသိဘူးလေ၊ ကဲ...ထိုင်ပါဦး"

ဖြုန်းခနဲ နာကျင်စွာ အော်ဟစ်သံတစ်သံ ထွက်ပေါ်လာသည်။ အကြောင်းမှာ နယ်ဗလီက ကြောင်ကြီး ခရိုးရှန့်အပေါ် ထိုင်ချလိုက်သောကြောင့် ဖြစ်သည်။

ဟာမီယွန်က...

"ခေါင်းတွဲဆီကို ငါသွားပြီး ဘာဖြစ်နေသလဲဆိုတာ မေးကြည့်လိုက်ဦးမယ်"

ဟယ်ရီ့နံဘေးမှ ဟာမီယွန် ဖြတ်သန်းသွားပြီးနောက် တံခါးကို တွန်းဖွင့်သံကြားလိုက်ရသည်။ တစ်ဆက်တည်းမှာပင် လူနှစ်ယောက် တိုက်မိကြပြီး ပြိုင်တူအော်လိုက်ကြပြန်၏။

"နင် ဘယ်သူလဲ"

"နင်ကရော ဘယ်သူလဲ"

"နင် ဂျင်နီလားဟင်"

"ဟင်...ဟာမီယွန်လား"

"ဂျင်နီ...နင် ဘာလာလုပ်တာလဲ"

"ကျွန်မ...ရွန့်ကို လာရှာတာ"

"ကဲ...လာ၊ အထဲဝင်ထိုင်"

"ဒီဘက်ကို မနင်းနဲ့လေ...ငါရှိတယ်"

ဟု ဟယ်ရီက ကမန်းကတန်း ပြောလိုက်ရ၏။ ကျန်တစ်ဖက်သို့ ရှောင်လိုက်သောအခါ...

"အောင်မလေး...သေပါပြီဗျ"

နယ်ဗီလီ၏ အော်သံထွက်လာ၏။ ထိုစဉ် အသံအက်အက်ဖြင့်...

"တိတ်တိတ်နေကြစမ်း"

ပရော်ဖက်ဆာလူပင် နိုးလာပုံရသည်။ စောစောက သူအိပ်ပျော်နေခဲ့သောထောင့်ဆီမှ လှုပ်ရှားသံတချို့ကို ဟယ်ရီ ကြားရ၏။ ဟယ်ရီတို့အားလုံး ပါးစပ်တွေကို ပိတ်ထားလိုက်ကြ၏။

နူးညံ့သော တဖျစ်ဖျစ်လောင်ကျွမ်းသံကို ကြားလိုက်ရပြီးနောက် အခန်းတစ်ခုလုံး လင်းသွားသည်။ ပရော်ဖက်ဆာလူပင်၏ လက်ဖဝါးထဲတွင် မီးတောက်များကို လက်ခုပ်တစ်ဖက်စာ အပြည့်ကိုင်လျက်...။

မီးရောင်က ပင်ပန်းနွမ်းနယ်ပုံပေါက်နေသည့် သူ့မျက်နှာကို တဖျပ်ဖျပ်ဟပ်လျက်ရှိသည်။ သူ့မျက်လုံးများကမူ နိုးနိုးကြားကြားနှင့် အန္တရာယ်ကို ရင်ဆိုင်ရန် အသင့်ဖြစ်နေပုံပေါ်၏။ သူက အသံအက်အက်ဖြင့်...

"ကလေးတွေ...ကိုယ့်နေရာမှာ ကိုယ်နေကြ"
mgyoe.com

mgyoe.com

ဟု ပြောရင်း အခန်းတံခါးဆီသို့ လက်လှမ်းလိုက်သည်။ သို့သော် သူ့လက် မရောက်ခင်မှာပင် အခန်းတံခါးက ဖြည်းညင်းစွာ ပွင့်သွား၏။

ပရော်ဖက်ဆာလူပင်၏ လက်ထဲမှ မီးရောင်ကြောင့် တံခါးဝတွင် ရပ်နေသော အသွင်သဏ္ဍာန်ကို မြင်လိုက်ရသည်။ ထိုအသွင်သဏ္ဍာန်ကား မျက်နှာကြက် အထိ မြင့်မားပြီး တစ်ကိုယ်လုံး ဝတ်ရုံစကြီးဖြင့် ရစ်ပတ်လွှမ်းခြုံထားသည်။ ထိုသဏ္ဍာန်၏ မျက်နှာကား ခေါင်းမြီးခြုံထားသော ဝတ်ရုံစအောက်တွင် ကွယ် နေသောကြောင့် မမြင်ရ။

ဟယ်ရီ၏ မျက်လုံးများက ထိုအသွင်သဏ္ဍာန်၏ ဝတ်ရုံအောက်မှ ငေါငေါ ကြီး ထိုးထွက်နေသောလက်ဆီသို့ ရောက်သွားသည်။ ထိုလက်သည်ကား ရေ အောက်ထဲတွင် နစ်မြုပ်ပြီး ပုပ်သိုးနေသော လူသေကောင်၏လက်နှင့် တူလှသည်။ ကျက်သရေမဲ့လွန်းသောကြောင့် ဟယ်ရီ့ရင်ထဲ ပျို့တက်လာ၏။

စက္ကန့်ပိုင်းမျှသာ ကြာလိုက်သည်။ ထိုအသွင်သဏ္ဍာန်က ဟယ်ရီ ကြည့် နေသည်ကို အာရုံခံမိသွားပြီး သူ့လက်ကို ဝတ်ရုံထဲသို့ ပြန်သွင်းလိုက်၏။

ထူးခြားသည်ကား ခေါင်းမြီးခြုံအောက်မှ မျက်နှာဟု ယူဆရသောအရာပင် ဖြစ်သည်။ ထိုမျက်နှာဆီမှ အသက်ရှူသံက ငိုညည်းသံလို ရှည်ရှည်လျားလျား ဆွဲဆွဲငင်ငင်။ ပတ်ဝန်းကျင်ရှိ လေကိုသာ စုပ်ယူနေခြင်းမဟုတ်ဘဲ အရာရာကို စုပ်မျိုနေသည်ဟု ခံစားရစေ၏။

ပြင်းပြသိပ်သည်းသော အအေးငွေ့တစ်ချက်က သူတို့အားလုံးကို လွှမ်းခြုံ သွားသည်။ ထိုအအေးဓာတ်သည် သူ့အရေပြားအောက်ထဲအထိ ထိုးဖောက်ဝင် လာသည်ဟု ဟယ်ရီ ခံစားလိုက်ရ၏။ သူ့ရင်ဘတ်ထဲမှာလည်း အေးခဲဆို့နင့်လာ သည်။ သူ့နှလုံးသား အတွင်းပိုင်းတစ်ခုလုံး အေးခဲသွား၏။

ဟယ်ရီ မျက်လုံးတွေ ချာချာလည်သွားသည်။ သူ ဘာကိုမှ မမြင်ရတော့။ နက်ရှိုင်းသော အေးစက်မှုတစ်ခုထဲသို့ သူ့တစ်ကိုယ်လုံး ရေနစ်သလို နစ်ဝင်သွား သည်။ နားတွေ အူလာ၏။

သူ့ကို ဟိုးအောက်ခြေအထိ ဆွဲနှစ်သွားသလို ခံစားရသည်။ နားထဲမှာ ဝူးဝူးဝါးဝါးအသံတွေ ပိုကျယ်လာသည်။

ဟိုးအဝေးတစ်နေရာဆီမှ ငယ်သံပါအောင် ကြောက်လန့်တကြား အော်ဟစ်နေသံများကို ကြားရသည်။ ဘယ်သူပါလိမ့်။ သူ သွားကူညီလိုက်ချင် သည်။ သူ့လက်တွေကို လှုပ်ဖို့ ကြိုးစားသော်လည်း လှုပ်၍မရ။ ဟော...သူ့ဘေး နားမှာ အဖြူရောင်ဖားကြီးတစ်ကောင် ပတ်ချာလည်လှည့်နေသည်။ ဟော...အဲဒီ ဖားကြီးက သူ့ကိုယ်ထဲ ဝင်သွားပြန်ပြီ။

mgyoe.com

mgyoe.com

"ဟယ်ရီ...ဟယ်ရီ...သတိရပြီလား"

တစ်စုံတစ်ယောက်က သူ့မျက်နှာကို ရိုက်ပုတ်ကာ လှုပ်နှိုးနေသည်။

"ဘာ...ဘာဖြစ်သွားတာလဲ"

ဟယ်ရီက သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။ သူ ဦးခေါင်းထက်တွင် မီးအိမ်များ...။ ရထားကြမ်းပြင်က လှုပ်ခါနေသည်။ ဟော့ဝပ်အမြန်ရထားသည် ခရီးဆက်လက်ထွက်ခွာနေပေပြီ။ မီးများလည်း ပြန်လင်းနေပြီ ဖြစ်သည်။

သူ့ကိုယ်သူ ကြမ်းပြင်ပေါ်လဲကျနေမှန်း တွေ့ရသည်။ ရွန်နှင့် ဟာမိုယွန်တို့က သူ့အားမှာ ဒူးထောက်လျက်။ နယ်ဗီလီနှင့် ပရော်ဖက်ဆာလူပင်တို့ကိုလည်း မြင်ရသည်။ ဟယ်ရီသည် ပြင်းပြင်းထန်ထန် နေမကောင်းဖြစ်ထားသူ တစ်ယောက်လို ခံစားနေရ၏။ သူ့မျက်နှာပေါ်တွင် အေးစက်သောချွေးစေးတွေ စို့ရွှဲနေသည်။

ရွန်နှင့် ဟာမိုယွန်တို့က သူ့ကို ထိုင်ခုံပေါ်သို့ ပြန်တွဲတင်ပေးကြ၏။

"နေလို့ထိုင်လို့ သက်သာရဲ့လား...ဟယ်ရီ"

ရွန်က စိုးရိမ်တကြီး မေးလိုက်သည်။

"အင်း"

ဟု ဖြေရင်း ဟယ်ရီက တံခါးဝဆီသို့ လှမ်းကြည့်လိုက်၏။ ကြောက်မက်ဖွယ်သတ္တဝါကြီးကား မရှိတော့ပြီ။ ဟယ်ရီက...

"ဘာဖြစ်သွားတာလဲ။ ဟိုသတ္တဝါကြီးကော ဘယ်မှာလဲ...၊ အော်နေတာကကော ဘယ်သူလဲ"

"ဘယ်သူမှ မအော်ပါဘူး"

ဟု ရွန်က ထိတ်လန့်တုန်လှုပ်စွာ ပြန်ဖြေ၏။ ဟယ်ရီက အခန်းထဲသို့ မျက်လုံးကို ဝေ့ကြည့်လိုက်သည်။ ဂျင်နီနှင့် နယ်ဗီလီတို့က သူ့ကို ဖြူဖပ်ဖြူရော် မျက်နှာများနှင့် ပြန်ကြည့်နေကြ၏။ ဟယ်ရီက...

"ဒါပေမဲ့ အော်သံကို ငါကြားလိုက်..."

ဖြောင်းခနဲ မြည်သံ ထွက်ပေါ်လာသောကြောင့် သူတို့အားလုံး လန့်ပြီး ထခုန်လိုက်ကြသည်။ ပရော်ဖက်ဆာလူပင်က ကြီးမားလှသော ချောကလက်အပြားကြီးတစ်ချပ်ကို ထက်ပိုင်းချိုးလိုက်ရာမှ ပေါ်ထွက်လာသောအသံ ဖြစ်၏။

ပရော်ဖက်ဆာလူပင်က ချောကလက်ပြားတစ်ခြမ်းကို ဟယ်ရီ့ကို လှမ်းပေးလိုက်ရင်း...

"ရော့...နည်းနည်းစားလိုက်၊ စားပြီးရင် နေကောင်းသွားလိမ့်မယ်"

ဟယ်ရီက ချောကလက်ကို လှမ်းယူလိုက်သည်။ သို့သော် မစားသေးဘဲ...

"စောစောက သတ္တဝါက ဘာကောင်ကြီးလဲ"

mgyoe.com

mgyoe.com

ပရော်ဖက်ဆာလူပင်က ကျန်နေသူများကို ချောကလက်တွေ ဝေရင်းက ပြန်ပြော၏။

"အဲဒါ...'အမင်္ဂလာကောင်'လို့ ခေါ်တယ်။ အက်ဇကာဘန်အကျဉ်းထောင်ကြီးရဲ့ အစောင့်အာဏာပါးကွက်သားတွေပေါ့"

အားလုံးက ပရော်ဖက်ဆာလူပင်ကို ငေးစိုက်ကြည့်မိကြ၏။ သူက ထပ်၍...

"ကဲ...ချောကလက်စားလိုက်ပါဦးလေ။ ငါတော့ ရထားမောင်းတဲ့လူနဲ့ စကားသွားပြောဖို့ လိုလာပြီ။ ကဲ...ခွင့်ပြုပါဦး"

သူက စကြ်အတိုင်း လျှောက်သွားတော့၏။

ဟာမီယွန်က စိုးရိမ်တကြီးဖြင့်...

"နင် နေကောင်းတယ်ဆိုတာ သေချာရဲ့လား ဟယ်ရီ"

ဟယ်ရီက နဖူးမှချွေးများကို သုတ်ပစ်ရင်း...

"ငါ...ငါ ဘာဖြစ်သွားတာလဲ"

"ဟို...အမင်္ဂလာကောင်ကြီးက ဟိုနားမှာရပ်ပြီး ပတ်ပတ်လည်ကို ကြည့်လိုက်တယ်။ (ကြည့်တယ်လို့ ငါခံစားရတာကို ပြောတာပါ။ တကယ်တော့ သူ့မျက်နှာကို မြင်ရတာမှ မဟုတ်ဘဲ) အဲဒီလိုလည်း ကြည့်လိုက်ရော နင်က...နင်က..."

"မင်းဖြစ်သွားပုံက ဖြုန်းခနဲ တက်ပြီး သတိလစ်သွားသလိုမျိုးပဲကွ"

ရွန်၏မျက်နှာက ယခုတိုင် အကြောက်မပြေသေး။

"မင်းတစ်ကိုယ်လုံး တောင့်တောင့်ကြီး ဖြစ်သွားပြီး ထိုင်ခုံပေါ်ကနေ ပြုတ်ကျသွားတယ်။ ပြီးတော့ အကြောဆွဲပြီး တွန့်လိမ်နေရော"

"ပရော်ဖက်ဆာလူပင်က နင့်ကို ကျော်လွှားပြီး အမင်္ဂလာကောင်တွေနဲ့ ရင်ဆိုင်လိုက်တယ်။ ပြီးတော့ သူ့ဆေးတောင်ဖွေးကို ဆွဲထုတ်ပြီး 'ငါတို့ထဲမှာ ဆီးရီးယပ်စ်ဘလက်ကို ဝှက်ထားတဲ့သူ ဘယ်သူမှမရှိဘူး။ ထွက်သွားကြစမ်း'လို့ မောင်းထုတ်လိုက်တယ်။ အမင်္ဂလာကောင်တွေက တုတ်တုတ်မျှမလှုပ်ဘူး။ ဒါနဲ့ ပရော်ဖက်ဆာလူပင်က မန္တန်တစ်ခုကို ရွတ်လိုက်တယ်ဆိုရင်ပဲ သူ့ဆေးတောင်ဖွေးကနေ ငွေရောင်အလင်းတန်းတစ်ခု ပစ်လွှတ်လိုက်တယ်။ အမင်္ဂလာကောင်တွေဆိုတာ ဘယ်ဆီလွင့်သွားမှန်းတောင် မသိတော့ဘူး"

ဟု ဟာမီယွန်က အကြောင်းစုံ ပြန်ပြောပြနေ၏။

နယ်ဗီလီက...

"သိပ်ကြောက်ဖို့ကောင်းတာပဲ။ အဲ့ဒီသတ္တဝါကြီး ဝင်လာတုန်းက အရမ်းအေးစိမ့်သွားတာကို ခံစားလိုက်ရတယ် မဟုတ်လား"

mgyoe.com

mgyoe.com

ရွန်ကတော့ မအီမသာဖြစ်နေသည့် လေသံဖြင့်...

"ငါ ခံစားလိုက်ရတာကျတော့ အရမ်းထူးဆန်းတယ်။ ဘဝမှာ ပျော်ရွှင်ကြည်နူးမှုဆိုတာကို နောက် ဘယ်တော့မှ ထပ်တွေ့ရတော့မှ မဟုတ်တော့ သလိုဘဲ၊ စိတ်နှလုံးဟာ တစ်ခါတည်း အမြစ်တွေ ညှိုးခြောက်သွားသလို ခံစားလိုက်ရတယ်"

ဂျင်နီကတော့ ထောင့်တစ်ထောင့်တွင် ကုပ်ကုပ်ကလေးထိုင်ရင်း ရှိုက်နေ၏။ ဟာမီယွန်ကတော့ သူမကို ပွေ့ဖက်ပြီး နှစ်သိမ့်နေသည်။

ဟယ်ရီက သူ့ကိုယ်သူ အနည်းငယ်သိမ်ငယ်စွာဖြင့်...

"ဒါပေမဲ့ ငါ့လိုတော့ ဘယ်သူမှ လဲကျမသွားဘူး မဟုတ်လား"

"အေးကွ...ဂျင်နီဆိုရင် ကြောက်လိုက်တာ ရူးသွားတော့မတတ်ပဲ။ ဒါပေမဲ့ သတိတော့ မေ့မသွားဘူး"

ဟယ်ရီက အနည်းငယ် ရှက်သလိုခံစားလိုက်ရ၏။ သတိလစ်ရလောက်အောင် ကြောက်သွားသည်ဆိုခြင်းမျိုး တခြားသူတွေမှာမဖြစ်ဘဲနှင့် သူ့ကျမှ ဘာကြောင့်ဖြစ်ရတာပါလိမ့်။

ပရော်ဖက်ဆာလူပင်က အခန်းထဲသို့ ပြန်ဝင်လာသည်။ သူက မျက်စိတစ်ချက် ဝေ့ကြည့်လိုက်ရင်း အနည်းငယ်ပြုံး၍...

"စားကြပါကွ၊ ချောကလက်ထဲမှာ ငါ အဆိပ်မခတ်ထားပါဘူး"

ဟယ်ရီက ချောကလက်ကိုတစ်ကိုက်ကိုက်လိုက်သည်။ အံ့သြစရာကောင်းလောက်အောင် နွေးထွေးမှုက သူ့တစ်ကိုယ်လုံးအနှံ့ စီးဝင်ပျံ့နှံ့သွား၏။

ပရော်ဖက်ဆာလူပင်က...

"နောက် ဆယ်မိနစ်ဆိုရင် ဟော့ဝပ်ကိုရောက်တော့မယ်။ ဘယ်လိုလဲ ဟယ်ရီ။ နေသာထိုင်သာ ရှိရဲ့လား"

"ဟုတ်ကဲ့"

ဟယ်ရီက အနည်းငယ် ရှက်ရွံ့စွာဖြင့် ဖြေလိုက်၏။

* * *

နောက်ဆုံးတွင် ရထားက ဟော့မိဒ်ဘူတာရုံ၌ ရပ်တန့်သွား၏။ ဆူညံသံတွေ တိုးတိုးဖွဖွ ရတ်ရတ်သဲသဲ မြည်သံတွေ ထွက်ပေါ်လာကြသည်။ ဇီးကွက်အော်သံ၊ ကြောင်အော်သံတို့က နေရာအနှံ့။ နယ်ဗီလီ၏ (မှော်သွင်းတိရစ္ဆာန်ဖြစ်သော) ဖားပြုတ်ကလေးသည်ပင်လျှင် ဦးထုပ်အောက်မှနေ၍ ကျယ်လောင်စွာ တကွပ်ကွပ် အော်မြည်နေ၏။

"ပထမနှစ်ကျောင်းသားတွေ ဒီဘက်ကိုလာကြ"

mgyoe.com

mgyoe.com

ရင်းနှီးနေပြီးသားအသံကို ကြားရသည်။ ဟယ်ရီတို့သုံးယောက်သား လှည့်ကြည့်လိုက်သောအခါ ပလက်ဖောင်းအစွန်တွင် ရပ်နေသော ကြီးမားထွား ကျိုင်းလှသည့် ဟက်ဂရစ်၏အသွင်သဏ္ဌာန်ကို မြင်ရသည်။ ဟက်ဂရစ်က သူတို့ကို မြင်သွားသည့်အခါ...

"ဩော်...မင်းတို့သုံးယောက်ကိုး။ အဆင်ပြေကြရဲ့လားဟေ့"

ဟု လှမ်းနှုတ်ဆက်၏။ သူတို့က ပြန်၍ လက်ဝှေ့ယမ်းပြခဲ့ကြသည်။ လူတွေများလွန်းနေ၍ စကားပြောခွင့်မရ။ ဟယ်ရီတို့အတွက် မြင်းရထားလုံးကြီးများက အသင့်စောင့်ကြိုနေကြသည်။ ရထားကိုဆွဲသည့် မြင်းများကိုတော့ မမြင်ရ။ ကိုယ်ပျောက်မြင်းများ ဖြစ်ပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် သူတို့ရထားလုံးပေါ်တက်ပြီး တံခါးပိတ်လိုက်သည်နှင့်တစ်ပြိုင်နက် အလိုအလျောက် ထွက်ခွာသွားသောကြောင့် ဖြစ်၏။ ချော ကလက်စားလိုက်၍ နေသာထိုင်သာ ရှိလာသော်လည်း ဟယ်ရီက အားနည်းနေဆဲပင် ရှိသေးသည်။ ရွန်နှင့် ဟာမီယွန်တို့က ဟယ်ရီတစ်ယောက် နောက်တစ်ကြိမ် မေ့လဲကျသွားတော့မည့်အလား အရိပ်တကြည့်ကြည့် လုပ်နေကြ၏။

ကျောင်းဝင်းသို့အဝင် ကျောက်သားမုခ်ဦးတံခါးတိုင်ကြီးများအနီး ရောက်သောအခါတွင် ဝတ်ရုံဖားဖားကြီးများကို ခေါင်းမြီးခြုံထားသော အာဏာပါးကွက်သား အမင်္ဂလာကောင်နှစ်ကောင်ကို ထပ်တွေ့လိုက်ရပြန်၏။ အေးစိမ့်သော နာဖျား မကျန်းမှုက ရင်ထဲကို ဆောင့်တက်လာသည်။ ဟယ်ရီက မျက်စိကို ကမန်းကတန်း ပိတ်ထားလိုက်ရ၏။

မြင်းရထားက မုခ်ဦးတံခါးကို ဖြတ်ကျော်လာပြီး ရဲတိုက်ရှေ့တွင် ရပ်သွားသည်။ ရွန်နှင့် ဟာမီယွန်တို့က အရင်ဆင်း၏။ ရထားလုံးပေါ်မှ ဟယ်ရီ ဆင်းလိုက်လျှင် ဆင်းလိုက်ချင်း သူမကြားချင်ဆုံး အသံတစ်ခုက ဝမ်းမြောက်ဝမ်းသာဖြင့်...

"ဟေ့ကောင်...ဟယ်ရီ၊ မင်း ကြောက်ချေးပန်းသွားတယ်ဆိုကွ။ လောင်းဘော့တွန်ပြောတာ အမှန်ပဲလား။ သတိလစ်ရတဲ့အထိတောင် ကြောက်ရသလားကွာ"

မယ်ဖွိုင်းက ဟယ်ရီသွားမည့်လမ်းကို ပိတ်ရပ်ပြီး ကျေနပ်အားရစွာဖြင့် သရော်တော်တော် ပြောနေ၏။ ရွန်က အံကြိတ်ရင်း...

"လမ်းဖယ်စမ်း...မယ်ဖွိုင်း"

"မင်းကော သတိလစ်သွားသေးသလား ဝီစလေ။ အမင်္ဂလာကောင်ကြီးက မင်းကို မခြောက်လိုက်ဘူးလား"

"ဘာများဖြစ်နေကြတာလဲ"

mgyoe.com

mgyoe.com

နူးညံ့သည့် အသံတစ်သံ ပေါ်လာ၏။ ပရော်ဖက်ဆာလူပင် ရောက်လာခြင်း ဖြစ်လေသည်။

မယ်ဖွိုင်းက ပရော်ဖက်ဆာလူပင်ကို လှမ်းကြည့်လိုက်၏။ အဖာရာဗရပွနှင့်ဝတ်ရုံ၊ ဟောင်းနွမ်းစုတ်ပြတ်နေသော လက်ဆွဲသေတ္တာတို့ကိုကြည့်ပြီး မယ်ဖွိုင်း၏ မျက်လုံးထဲတွင် ပရော်ဖက်ဆာလူပင်ကို မထီလေးစားလုပ်ချင်သည့် အသွင်အပြင်များ ပေါ်လာသည်။

"ဘာမှမဖြစ်ပါဘူး။ အဲ...ဟိုဒင်း...ပရော်ဖက်ဆာ"

ဟု ပြန်ဖြေပြီး ခရက်ဘီနှင့် ဂွိုင်လီတို့ကိုခေါ်ကာ ထွက်သွားတော့၏။ ဟာယ်ရီတို့သုံးယောက်ကမူ လူအုပ်ကြီးနှင့်အတူ ကြီးမားလှသော ဝက်သစ်ချသားတံခါးကြီးကို ဖြတ်သန်းပြီး အဝင်ခန်းမကြီးထဲသို့ ရောက်လာခဲ့ကြတော့သည်။ ထုံးစံအတိုင်း လေထဲတွင် လွင့်မျောနေသော ဖယောင်းတိုင်များ၏ အလင်းရောင်ဖြင့် အပေါ်ထပ်ဆီသို့တက်သော ကျောက်ဖြူသားလှေကားကြီးကို မြင်နေရသည်။

"ဟာယ်ရီပေါ်တာနဲ့ ဟာမီယွန်ဂရင်ဂါ...မင်းတို့နှစ်ယောက်စလုံးကို ငါတွေ့ချင်တယ်"

နှစ်ဦးသား အံ့အားသင့်စွာဖြင့် လှည့်ကြည့်လိုက်သောအခါ ပရော်ဖက်ဆာမက်ဂွန်နာဂေါကို တွေ့ရသည်။ သူမက ရုပ်သွင်ပြောင်းဘာသာရပ်ကို သင်သောဆရာမလည်းဖြစ်၊ ဂရစ်ဖင်ဒေါ အဆောင်မှူးလည်း ဖြစ်လေသည်။ မျက်နှာထားတင်းပြီး မျက်မှန်အောက်မှ သူမ၏ မျက်လုံးများက စူးရှတောက်ပနေကြသည်။ သူမရှေ့သို့ရောက်လျှင် ဟာယ်ရီ့အဖို့ အမှားတစ်ခုခု ကျူးလွန်မိထားသလို အနေကျုံ့လှ၏။ သူမက...

"ဘာမှစိုးရိမ်မနေနဲ့၊ ငါ့ရုံးခန်းထဲမှာ စကားတစ်ခွန်း၊ နှစ်ခွန်း ပြောရုံလေးပါ"

သူမ၏ ရုံးခန်းထဲသို့ ရောက်သောအခါ...

"ပရော်ဖက်ဆာလူပင်က ဇီးကွက်နဲ့ စာကြိုပို့လိုက်တယ်။ ရထားပေါ်မှာတုန်းက မင်း ရုတ်တရက် နေမကောင်းဖြစ်တယ်ဆို"

ဟာယ်ရီ ဘာမှပြန်မပြောနိုင်ခင်မှာပင် အခန်းတံခါးခေါက်သံ ကြားရပြီး ကျောင်းဆေးရုံမှ သူနာပြုဆရာမကြီး မဒမ်ပွန်ဖရေ ဝင်လာသည်။

ရှက်စိတ်ကြောင့် ဟာယ်ရီ့မျက်နှာတစ်ခုလုံး ရဲရဲနီသွား၏။

"ကျွန်တော် နေကောင်းပါတယ်။ ဘာဆေးမှ ကုဖို့မလို..."

"ဪ...ဒီကလေးကိုး"

မဒမ်ပွန်ဖရေက ဟာယ်ရီ့စကားကို အသိအမှတ်မပြုဘဲ သူ့ကို တကယ့်လူမမာကြီးတစ်ယောက်အလား စမ်းသပ်စစ်ဆေးရင်း...

mgyoe.com

mgyoe.com

"အင်္ဂလိပ်ရာယ်တစ်ခုခုနဲ့ ကြုံခဲ့ရပြန်ပြီ ထင်တယ်"

"အမင်္ဂလာကောင်နဲ့ တွေ့ခဲ့တာလေ"

ဟု ပရော်ဖက်ဆာမက်ဂွန်နာဂေါက ပြောလိုက်၏။ သူမနှင့် မဒမ်ပွန်ဖရေတို့ နက်ရှိုင်းသောအကြည့်ချင်း ဖလှယ်လိုက်ပြီး...

"အမင်္ဂလာကောင်တွေကို ကျောင်းနားမှာ လာထားတာကိုး။ ဒီကောင်တွေကြောင့် သတိလစ်ရ၊ မေ့မြောရ ဖြစ်ကြတဲ့ကလေးတွေ အများကြီးပဲ။ ဟုတ်ပါရဲ့... ကြည့်စမ်း၊ ဒီကလေးခမျာ ခြေဖျားလက်ဖျားတွေ အေးစက်နေလိုက်တာ။ အသည်းနုတဲ့ လူတွေဆို ဒီလို..."

"ကျွန်တော်က အသည်းနုတဲ့ကောင် မဟုတ်ပါဘူးဗျ"

ဟု ဟယ်ရီက စိတ်ဆိုးမာန်ဆိုး ပြောလိုက်၏။

"အေးပါ...မင်းက အသည်းမနုပါဘူး"

မဒမ်ပွန်ဖရေက စိတ်ထဲတွင် ဘာမှမခံစားရသလို ပြောရင်း ဟယ်ရီ၏ သွေးခုန်နှုန်းကို တိုင်းနေသည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက...

"သူ့ကို ဘယ်လိုကုသဖို့ လိုသေးလဲ။ ဆေးရုံပေါ်မှာ နားခိုင်းရမယ်ဆိုရင်လည်း ခွင့်ရအောင် ကျွန်မ စီစဉ်ပေးပါ့မယ်"

"ကျွန်တော် နေကောင်းပါတယ်ဗျ"

ဟယ်ရီက ဘုဆတ်ဆတ် ပြောလိုက်သည်။ အကြောက်လွန်ပြီး ဆေးရုံတောင်တက်ရသည်ဟု မယ်ဖွိုင်းက လှောင်ပြောင်သည့်အဖြစ်မျိုး သူ မခံနိုင်ပါ။

"သူ့ကို ချောကလက်နည်းနည်းလောက် တိုက်လိုက်ရင် ကောင်းသွားမှာပါ"

ဟု မဒမ်ပွန်ဖရေက ဟယ်ရီမျက်လုံးကို ဖြဲ၍ကြည့်ရင်း ပြောလိုက်၏။

"ကျွန်တော့်ကို ပရော်ဖက်ဆာလူပင်က ကျွေးထားပြီးပါပြီ"

"သြော်...ဟုတ်လား။ ဒီတစ်ခါတော့ တကယ်စွမ်းတဲ့ အောက်လမ်းမိစ္ဆာနှိမ်နင်းရေးဆရာတစ်ယောက် ရပြီပဲ"

ဟု မဒမ်ပွန်ဖရေက ချီးကျူးသံဖြင့် ပြောလိုက်၏။ ပရော်ဖက်ဆာမက်ဂွန်နာဂေါက...

"မင်း နေလို့ကောင်းတာ သေချာတယ်နော် ပေါ်တာ"

"ဟုတ်ကဲ့"

"ဒါဆိုလည်း အခန်းအပြင်ဘက်မှာ ခဏလောက်စောင့်နေပါဦး။ ဟောဒီက မစ္စဂရင်ဂါကို သူယူထားတဲ့ စာသင်ချိန်တွေနဲ့ပတ်သက်ပြီး အချိန်ဇယားကိစ္စ ဆွေးနွေးစရာရှိလို့"

mgyoe.com

mgyoe.com

ဟယ်ရီက အပြင်ဘက်တွင် မိနစ်အနည်းငယ်ကြာမျှ စောင့်နေရ၏။ ခဏနေတော့ ဟာမီယွန်တစ်ယောက် ပျော်ရွှင်မြူးထူးစွာဖြင့် ထွက်လာသည်။ သူမ၏နောက်က ပရော်ဖက်ဆာ မက်ဂွန်နာဂေါ် လိုက်လာ၏။ ထို့နောက် သူတို့သုံးဦးသား မောင်မယ်သစ်လွင်ကြိုဆိုပွဲ စားသောက်ပွဲရှိရာ ခန်းမကြီးဆီ ဆင်းလာခဲ့ကြတော့သည်။

"ဟယ်...အဆောင်ရွေးချယ်တဲ့ အခမ်းအနားကို ငါတို့လွတ်သွားပြီ"

ဟော့ဝပ်တွင် ဂရစ်ဖင်ဒေါ်၊ ရေဗင်ကလော၊ ဟပ်ဖယ်ပတ်နှင့် စလီသရင်ဟူ၍ အဆောင်လေးဆောင်ရှိရာ အသစ်ရောက်လာသော ကျောင်းသားများအား မည်သည့်အဆောင်နှင့် သင့်တော်သည်ကို ဦးထုပ်ကြီးတစ်လုံးက ဆုံးဖြတ်ရွေးချယ်ပေးသည်။

ဟယ်ရီနှင့် ဟာမီယွန်တို့အတွက် ရွန်က ခုံနေရာဦးပေးထားသည်။ ရွန်က...

"မင်းတို့ကို ဘာအကြောင်းခေါ်ပြောတာလဲ"

ဟယ်ရီက ပြန်ရှင်းပြမည့်ဆဲဆဲမှာပင် ကျောင်းအုပ်ဆရာကြီးဖြစ်သူ အဲလ်ဘတ်ဒမ်ဘယ်ဒိုးက မိန့်ခွန်းပြောရန် မတ်တတ်ထရပ်လိုက်၏။

ပါမောက္ခချုပ်ကြီး ဒမ်ဘယ်ဒိုးသည် အသက်ကြီးရင့်သော်လည်း အိုမင်းမနေ။ တစ်ကိုယ်လုံး အပြည့်စွမ်းအားတွေ ပိုင်ဆိုင်ထားသူ ဖြစ်၏။ ဆွတ်ဆွတ်ဖြူကာ ရှည်လျားသောဆံပင်နှင့် မုတ်ဆိတ်၊ သိမ်းငှက်နှာခေါင်း၊ လခြမ်းပုံမျက်မှန်နောက်မှ တောက်ပသောမျက်လုံးတို့သည် မြင်ရသူတိုင်းက ယုံကြည်အားကိုးချင်စိတ် ပေါ်လာစေမည်။ ဒမ်ဘယ်ဒိုးက...

"မောင်မယ်သစ်လွင်တို့ကို ဟော့ဝပ်က ကြိုဆိုပါတယ်။ ဒီနှစ်မှာတော့ မောင်တို့မယ်တို့ကို အရေးတကြီး ပြောစရာကိစ္စရှိပါတယ်။ ကျောင်းကိုလာစဉ်တုန်းက ရထားကိုရပ်ပြီး အရှာအဖွေ အစစ်အဆေးခံခဲ့ရတာကို သတိထားမိကြမှာပေါ့။ အခု တို့ကျောင်းမှာ အက်ဇကာဘန်အကျဉ်းထောင်ရဲ့ အာဏာပါးကွက်သားအမင်္ဂလာကောင်တချို့ ခဏတစ်ဖြုတ် လာစောင့်ကြပ်ပေးနေကြတယ်။ ဒါဟာ မှော်ဝန်ကြီးဌာနရဲ့ ကိစ္စပဲ...

"အဲဒီ အမင်္ဂလာကောင်တွေဟာ ဝင်ပေါက်ထွက်ပေါက်တိုင်းမှာ စောင့်ကြပ်နေကြလိမ့်မယ်။ အဲဒီတော့ ဘယ်သူမှ ဆရာ့ခွင့်ပြုချက်မပါဘဲ ကျောင်းဝင်းထဲကနေ မထွက်ကြပါနဲ့လို့ သတိပေးချင်တယ်။ အမင်္ဂလာကောင်တွေဟာ တစ်ပတ်ရိုက်ပြီး လှည့်စားဖြတ်ကျော်လို့ ရနိုင်တဲ့ကောင်စားတွေ မဟုတ်ဘူး။ အဟမ်း...အဟမ်း... ကိုယ်ပျောက်ဝတ်ရုံခြုံပြီး သွားရင်လည်း မလွတ်နိုင်ဘူး"

ထိုစကားကြောင့် ဟယ်ရီနှင့် ရွန်တို့ တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။

mgyoe.com

mgyoe.com

ဒမ်ဘယ်ဒိုးက ဆက်၍...

"အမင်္ဂလာကောင်တွေဟာ အကျိုးသင့်အကြောင်းသင့် နားလည်တဲ့ကောင်တွေ မဟုတ်ဘူး။ သူတို့ကို အသနားခံတာတို့၊ ရှင်းပြတာတို့လည်း အပိုပဲ။ ဒီတော့ ဆရာက ကျောင်းသားအကြီးအကဲတွေနဲ့ ခေါင်းဆောင်ကျောင်းသားတွေကို တာဝန်ပေးထားတယ်။ ဘယ်သူမှ အမင်္ဂလာကောင်တွေကို မဖြတ်ကျော်ပါစေနဲ့"

ထိုစကားအရောက်တွင် ဟယ်ရီနှင့် မလှမ်းမကမ်းတွင် ထိုင်နေသော ပါစီ တစ်ယောက် ရင်ကိုကော့လိုက်သည်ကို မြင်ရ၏။ ဒမ်ဘယ်ဒိုးက ဆက်၍...

"ကဲ...ဝမ်းသာစရာသတင်း ပြောရဦးမယ်။ ဒီနှစ် တို့ကျောင်းမှာ ဆရာအသစ်နှစ်ယောက် ထပ်ခန့်တယ်။ ပထမတစ်ယောက်ကတော့ ဟောဒီက ပရော်ဖက်ဆာလူပင်ပါပဲ။ သူက အောက်လမ်းမိစ္ဆာနှိမ်နင်းရေးဘာသာရပ် သင်မယ့်ဆရာပေါ့"

လက်ခုပ်သံတချို့ ထွက်လာသည်။ သိပ်အသက်မပါလှ။ ထိုစဉ် ရွန်က ဟယ်ရီ့နားရွက်နားသို့ ကပ်၍ တိုးတိုးပြောလိုက်သည်။

"စနိပ်ကိုကြည့်စမ်း"

ဆေးရည်ဘာသာရပ်ကိုသင်သော ပရော်ဖက်ဆာစနိပ်သည် ဟယ်ရီနှင့် မျက်နှာကြောမတည့်ဆုံးဆရာ ဖြစ်သည်။ ပထမနှစ်ကတည်းက ဟယ်ရီ့ကို မုန်းတီးပြီး မျိုးစုံ ပြဿနာရှာခဲ့သူလည်း ဖြစ်၏။ အောက်လမ်းမိစ္ဆာနှိမ်နင်းရေး ဘာသာရပ်ကို သင်ကြားရသည့်ရာထူးကို သူ အသေအလဲ လိုချင်နေမှန်း အားလုံးက သိထားပြီးသားဖြစ်၏။ ယခုလည်း ပရော်ဖက်ဆာလူပင်ကို ကြည့်နေသည့် စနိပ်၏ မျက်လုံးထဲတွင် မနာလိုမုန်းတီးမှုများ ပေါ်လွင်နေလေသည်။

ဒမ်ဘယ်ဒိုးက...

"နောက်ဘာသာရပ်တစ်ခုကတော့ 'ဂမ္ဘီရသတ္တဝါထိန်းသိမ်းရေးနည်းပညာ' ပါပဲ။ ယခင်ဆရာဟောင်းဖြစ်တဲ့ ပရော်ဖက်ဆာကက်တယ်ဘန်းကတော့ အနားယူခွင့် ပင်စင်တင်သွားပါပြီ။ သူ့ရဲ့ ရှေ့ဆက်ရမယ့်ဘဝခရီးကို အကောင်းအတိုင်း ကျန်နေသေးတဲ့ ခြေလက်ကလေးတွေနဲ့ နေသွားချင်လို့ပါလို့ ပြောသွားရှာပါတယ်...

"အဲဒီဘာသာရပ်အတွက် အခု ထပ်မံခန့်အပ်လိုက်တဲ့ ဆရာအသစ်ကတော့ 'ရူးဘီးယပ်စ်ဟက်ဂရစ်'ပါပဲ။ သူ့ထက်ပိုပြီး သင့်တော်မယ့်သူ မတွေ့နိုင်ကြောင်း ဝမ်းမြောက်ဝမ်းသာ ပြောပါရစေ။ သူဟာ ယခင်တာဝန်ဖြစ်တဲ့ ကျောင်းစောင့်အလုပ်ကိုလည်း ပူးတွဲထမ်းဆောင်သွားမယ်လို့ ပြောပါတယ်"

ဟယ်ရီ၊ ရွန်နှင့် ဟာမီယွန်တို့ သုံးဦးသား တစ်ယောက်ကိုတစ်ယောက် အံ့အားသင့်စွာ ကြည့်လိုက်မိကြ၏။ တစ်ခန်းလုံး မြည်ဟိန်းသွားသည့် လက်ခုပ်

mgyoe.com

mgyoe.com
သြဘာသံများကြားတွင် သူတို့၏ လက်ခုပ်သံက အကျယ်ဆုံး ဖြစ်ပေလိမ့်မည်။

ရွှန်က...

"ငါတို့ အစောကြီးကတည်းက ရိပ်မိဖို့ကောင်းတာပေါ့။ ကိုက်တတ်တဲ့ စာအုပ်ကို ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ပြီဆိုကတည်းကလေ"

လက်ခုပ်သံများ စဲသွားသည့်အခါ ဒမ်ဘယ်ဒိုးက...

"ကဲ...အခု အရေးအကြီးဆုံးစကားကို ပြောပါတော့မယ်။ တို့တွေအားလုံး အစားအသောက်ကိစ္စကို စတင်ကြပါစို့ ဆိုတာပါပဲ"

ရွှေသားပန်းကန်များနှင့် အိုးများထဲတွင် စားသောက်ဖွယ်များ ရုတ်ခြည်း ပြည့်နှက်သွားသည်။ ခက်ရင်းသံ၊ ဇွန်းသံ၊ စကားပြောဆိုရယ်မောသံတို့ဖြင့် ခန်းမကြီးတစ်ခုလုံး ဆူညံသွားလေတော့သည်။

ဟယ်ရီတို့ကမူ အစားအသောက်ကို မြန်မြန်လက်စသတ်ပြီး ဟက်ဂရစ်နှင့် စကားသွားပြောရန် စိတ်အားထက်သန်နေကြသည်။ ကျောင်းထုတ်ခံထားရသော ဟက်ဂရစ်သည် အပြစ်ကင်းစင်သူဖြစ်ကြောင်း သက်သေပြပြီး သူ့ဂုဏ်သိက္ခာကို ပြန်လည်၍ အဖတ်ဆယ်ပေးခဲ့သူမှာ ဟယ်ရီတို့ပင် မဟုတ်ပါလား။

စားသောက်ပွဲကြီး ပြီးဆုံးပြီး အိပ်ရာပင်ချိန်ရောက်ပြီဖြစ်ကြောင်း ဒမ်ဘယ်ဒိုးက ကြေညာလိုက်သောအခါတွင်မှ ဟယ်ရီတို့က ဆရာများထိုင်သည့် စားပွဲသို့ သွားကာ...

"ကွန်ဂရက်ကျူလေးရှင်း...ဟက်ဂရစ်"

"မင်းတို့သုံးယောက်ရဲ့ ကျေးဇူးကြောင့်ပါကွာ"

ဟက်ဂရစ်က သူ၏ ဝမ်းသာပီတိရောင်တောက်နေသော မျက်နှာကြီးကို လက်သုတ်ပဝါဖြင့်သုတ်ရင်း...

"အင်မတန်မှ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်ကြီး ဒမ်ဘယ်ဒိုးကိုလည်း ကျေးဇူးတင်ရမှာပေါ့။ ဒီရာထူးဟာ ငါတစ်သက်လုံး တောင့်တနေခဲ့တဲ့ အလုပ်အကိုင်ပဲ"

ဟက်ဂရစ်က စိတ်လှုပ်ရှားလွန်း၍ သူ့မျက်နှာကို လက်သုတ်ပဝါဖြင့် ဖုံးအုပ်ထားလိုက်တော့သည်။ ပရော်ဖက်ဆာ မက်ဂွန်နာဂေါက ဟယ်ရီတို့သုံးဦးကို မောင်းထုတ်လိုက်၏။ သူတို့သုံးဦးသား ဂရစ်ဖင်ဒေါကျောင်းသားများနှင့်အတူ ကျောက်သားလှေကားထစ်များအတိုင်း တက်လာခဲ့ကြသည်။ သူတို့ အလွန်ပင်ပန်းနွမ်းနယ်နေကြလေပြီ။

ဂရစ်ဖင်ဒေါမျှော်စင်အဝင်ဝကို စောင့်ကြပ်သော ပုံတူပန်းချီကားထဲမှ ပန်းရောင်ဝတ်စုံနှင့် မိန်းမဝဝကြီးက...

"စကားဝှက်ပြောပါ"
mgyoe.com